www.burmeseclassic.com

# ပုံသံထဲက မသိကိန်း




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း (ကာလာစုံပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | - | America |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ဇွန်လ၊ ၂၀၁၂ ခုနှစ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

၈၉၅.၈၃

မျှားသူ

ဗုံသံထဲက မသိကိန်း / မျှားသူ
- ရန်ကုန် ၊ အိပ်မက်အသစ်၊ ၂၀၁၂။
(၁၆၆) စာ၊ ၁၂.၂ x ၁၈.၁ စင်တီ။
(၁) ဗုံသံထဲက မသိကိန်း


www.burmeseclassic.com

www.burmeseclassic.com

ဗိမာန်အသစ် မှ ထွက်ရှိပြီး စာအုပ်များ

| | | |
|---|---|---|
| ၂၅။ | ချစ်သူရွာ | လူထု |
| ၂၆။ | ညည်းတွားရိုက်တဲ့ ဗုံသံ | သက်ိုးတေ |
| ၂၇။ | ဦးရှင်ကြီး | ဒီဇွဲကျော်စွာ |
| ၂၈။ | ပန်းဝင်စား | ဝေမှူးသွင် |
| ၂၉။ | ဓားရည် | လူထု |
| ၃၀။ | ကလေးအတွေး Essay | မင်းနိုက်စိုးစန် |
| ၃၁။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒီဇွဲကျော်စွာ |
| ၃၂။ | အာဆိုလားပဲ | လူထု |
| ၃၃။ | ခေါင်းညိမ့်မြေတဲ့ အရိပ်ကလေး | ဝေမှူးသွင် |
| ၃၄။ | လိပ်ပြာခွဲတဲ့ည | ဒဿကျော်စွာ |
| ၃၅။ | စည့်ရာကကြမ္မာဆိုး | သတိုးတေ |
| ၃၆။ | 25 | လူထု |
| ၃၇။ | မိစ္ဆာမျက်ရည် | ဒေဝလကျော် |
| ၃၈။ | နှင်းဆီရောင်မှန်တိုင်း | ဝေမှူးသွင် |
| ၃၉။ | အလင်းအမှောင် ကကြိုး | ဝေမှူးသွင် |
| ၄၀။ | မိုနိုပိုလီ | လူထု |
| ၄၁။ | ဆင်ဝင်စားတဲ့လူ | ဒဏ္ဍကျော်စွာ |
| ၄၂။ | လမိုက်ညခေါ်သံ | ဒဿကျော်စွာ |
| ၄၃။ | အချစ် | လူထု |
| ၄၄။ | နတ်သမီးအစေခံ | လူထု |
| ၄၅။ | ဝိဘတ်ကြမ္မာ | ဒဿကျော်စွာ |
| ၄၆။ | ဘုတာကြီး | လူထု |
| ၄၇။ | သက်ပျောက်သစ်ပင် | ဒဿကျော်စွာ |
| ၄၈။ | စွယ်နီဆင်ရိုင်း | သတိုးတေ |
| ၄၉။ | နဂါးခံတွင်းခရီးသည် | ဒဏ္ဍကျော်စွာ |
| ၅၀။ | တတိယမျက်လုံးရှင် | ဒဿကျော်စွာ |
| ၅၁။ | ပါဆယ် | လူထု |
| ၅၂။ | ဝေါင်း... ဝေါင်း... ခြေတစ်ချောင်း | သတိုးတေ |
| ၅၃။ | မရေးဘဲ | ဒဿကျော်စွာ |
| ၅၄။ | သရဲကျွမ်း | ဒဿကျော်စွာ |
| ၅၅။ | မိန်းမရှာစွာ | လူထု |
| ၅၆။ | ခြေကလိမ်မ မယ်ကာကာ | ဒဿကျော်စွာ |
| ၅၇။ | သမီးရည်းစားအတိတ်ဇာတ် | လူထု |
| ၅၈။ | မြို့တစ်မြို့ | လူထု |
| ၅၉။ | သန်းခေါင်ယံညည်းသံ | ဒဿကျော်စွာ |
| ၆၀။ | ဘီဆိုဆိုက | လူထု |
| ၆၁။ | သွေးမိတ်ကျောက်တိုင် | ဒဿကျော်စွာ |
| ၆၂။ | တဏှာသိုလ် ၆ ခု | လူထု |
| ၆၃။ | ရေ/ည ၂၄ နာရီကဗီ | လူထု/မျှားသု |
| ၆၄။ | မြေကြမ်း | ဒဿကျော်စွာ |
| ၆၅။ | ဆက်မမက်ရဲတဲ့ အိပ်မက်ဟောင်း | သတိုးတေ |
| ၆၆။ | ကျားနိုင်ဝိဇ္ဇာ | ဒဏ္ဍကျော်စွာ |
| ၆၇။ | ရှေ့စတိုရီ | မင်းလူ၊ လူနေ၊ မိုးစက်ဝိုင်၊ မျှားသု |
| ၆၈။ | ကမ္ဘာ့သရဲတစ္ဆေဝတ္ထုတိုများ | မင်းနိုက်စိုးစန် |
| ၆၉။ | ရည်းစားထားတဲ့ဂိမ်း | လူထု |
| ၇၀။ | နှမ်းစေ့ပေါင်းကင် | မင်းနိုက်စိုးစန်၊ မျှားသု |
| ၇၁။ | ဆုတောင်းပြည့်မြေဆီပ် | သတိုးတေ |
| ၇၂။ | တမလွန်ချစ်သူ | သတိုးတေ |
| ၇၃။ | ရုံ့ရဲ့ကိုယ်ရောင်ကိုယ်ဝါ | မျှားသု |
| ၇၄။ | ပဥ္စရုပ်နှင့်တွေ့ဆုံခြင်း | သရွာနီ |
| ၇၅။ | ဝေါက်တဲ့ကိုးကြိမ် | သတိုးတေ |
| ၇၆။ | သုံးဘဝမောင်နှမ | ဒဿကျော်စွာ |
| ၇၇။ | အဇာ | မျှားသု |
| ၇၈။ | သုံးရာသီသစ်ပင် | လူနေ၊ မိုးစက်ဝိုင်၊ သည်ခေတ်နေ |
| ၇၉။ | ကျွန်တော်နှင့် မွှားဖက်တော် | သည်ခေတ်နေ |
| ၈၀။ | ရွှေပင်းမောလ် | လူနေ |
| ၈၁။ | ဆက်သွယ်မှုစရိယာပြင်ပ | သည်ခေတ်နေ |
| ၈၂။ | ဂမ္ဘီရမိကျောင်း | သတိုးတေ |
| ၈၃။ | ဒဏ္ဍာရီကျွန်း | ဒဿကျော်စွာ |
| ၈၄။ | *ဗုံသံထဲက မသိကိန်း* | *မျှားသု* |

*ဆက်လက်ထွက်ရှိမည့် စာအုပ်များ*

| | | |
|---|---|---|
| ၈၅။ | ကျွန်တော် အိပ်နေက ကျောင်းမတက်ပါ | သည်ခေတ်နေ |

www.burmeseclassic.com

www.burmeseclassic.com

# Eainmakathit presents

**Eainmakathit**
38 (3rd fl) 153 rd Lane, Tamwe Ts, Yangon.
195112428, 551403

www.burmeseclassic.com

www.burmeseclassic.com

# မှူးသူ

# ဗုံသံထဲက မသိကိန်း

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းဖြစ်သဖြင့် အနော်ရထာလမ်းတစ်လျှောက် လူတွေက ထုံးစံအတိုင်း စည်ကားရှုပ်ထွေးလို့နေသည်။

သူက (၃၃) လမ်းထဲမှ ထွက်လာကာ လမ်း (၄၀) ဖက်သွားရန် ပလက်ဖောင်းအတိုင်း လျှောက်လိုက်သောကြောင့် စည်ကားရှုပ်ထွေးနေသော လူတွေနှင့်အတူ ရောပါသွား၏။

ပလက်ဖောင်းပေါ်မှာ ခင်းကျင်းဖွင့်လှစ်ထားသော တိုလီမိုလီအရောင်းဆိုင်များကို ငေးမောရင်း သူ ဆက်လျှောက်လာခဲ့သည်။ ထိုသို့လျှောက်လာပြီး (၃၄)လမ်းကို ကျော်ခဲ့ကာ (၃၅)လမ်းထိပ်အရောက်...

"အိုး"

သူ့ဘက်ဖက်လက်က လမ်းလျှောက်ရင်းအလွဲတွင် မျက်နှာချင်းဆိုင်မှ လျှောက်လာသော မိန်းကလေးတစ်ယောက်၏ ဘယ်ဖက်လက်နှင့် အမှတ်မထင် ပွတ်တိုက်မိသွားသည်။

ဘာ့ကြောင့်မှန်းမသိရဘဲ သူ့နှလုံးသားက တဆတ်ဆတ်ခုန်လာသည်။ ထိုမိန်းကလေးနှင့် ပွတ်တိုက်မိသွားသော အထိအတွေ့က

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တစ်ခုအသွင်ပြောင်းကာ သူ့ရင်ဘတ်ထဲ တစ်ဟုန်ထိုး အောင့်တက်လာသောကြောင့်ပင်။

ကျောဘက်ကို ရောက်ရှိသွားပြီဖြစ်သော ထိုမိန်းကလေးကို လှည့်ကြည့်ဖို့ သူကြိုးစားကြည့်မိသေးသည်။ ဒါပေမယ့်မရ။ တစ်ခုခုက သူ့ကို ဆန့်ကျင်လျက်ရှိသည်။

မိန်းကလေး၏ ဘယ်ဖက်လက်နှင့် ပွတ်တိုက်မိသွားသော အထိအတွေ့က ခုတိုင်အောင် သူ့နှလုံးသားကို စပ်ဖျဉ်းဖျဉ်းဖြစ်နေသေး တုန်းပဲရှိ၏။

သူ့ရင်ဘတ်ထဲက တလှပ်လှပ်ဖြစ်လာသည်။ ပြီးတော့ ကြည်နူးသာယာသလိုမျိုးလည်း ခံစားရ၏။ သူနှင့် လက်ချင်းထိတိုက် မိသွားသည့် မိန်းကလေးကို ရုပ်တောင် ကောင်းကောင်း သူမမြင်လိုက် ရပေ။

မိန်းကလေးက သူနှင့် ဆန့်ကျင်ရာဘက်ကို ဝေးကွာသွားကာ သူ့အဖြစ်ကို သိလိုက်ပုံတောင် ရမှာမဟုတ်ပေမယ့် သူကတော့ လမ်း ပေါ်မှာ တဆတ်ဆတ်တုန်ယင်နေသော နှလုံးသားကို ငြိမ်သက်မှန်ကန် သွားအောင် အနိုင်နိုင်ထိန်းသိမ်းရင်း ရုပ်တန့်ကျန်ရစ်ခဲ့၏။

တကယ်တော့ ထိုမိန်းကလေးနှင့် ပွတ်တိုက်မိသွားခဲ့တာ သူ့ဘက်ဖက်လက်မဟုတ်ဘဲ သူ့နှလုံးသားသာဖြစ်ကြောင်း ထိုစဉ်က သူသိမြင်ဖို့ ညံ့ဖျင်းခဲ့ပါသည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



**February Rain**

I don't know who U R
but I would like to
tell U about him.

www.burmeseclassic.com

www.burmeseclassic.com



**ဖေဖော်ဝါရီ-မိုး**

မင်းဘယ်သူလဲဆိုတာ ငါမသိဘူး
ဒါပေမယ့် မင်းကို ငါ သူ့အကြောင်း
ပြောပြချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

www.burmeseclassic.com

www.burmeseclassic.com



"သူရိန်…စောစောက မင်းဖြစ်သွားတဲ့ ပုံစံက တော်တော် လေး ရုပ်ပျက်သွားတယ်၊ အားလုံးရဲ့ကြားထဲမှာ မင်းက လူရွှင်တော် ဖြစ်သွားတယ်"

ခုချိန်ထိ တည်ငြိမ်မှုမရသေးသည့် သူ့ကိုကြည့်ပြီး လင်းထင် ပြောသည်။ သူက အနည်းငယ်တုန်ယင်နေသော ကိုယ့်လက်ချောင်း ကိုယ်ပြန်ကြည့်ကာ သက်ပြင်းကို ခပ်သဲ့သဲ့ချဖြစ်၏။

"မိန်းကလေးတွေနဲ့ စကားပြောရတာ ကြောက်စရာမှ မဟုတ် တာ၊ မင်းက ဘာလို့ဒီလောက်တောင် ပရမ်းပတာနိုင်သွားရတာလဲ"

"တော်ပါတော့ လင်းထင်ရာ…မပြောပါနဲ့တော့၊ အဲဒါကြောင့် ငါ ဘယ်မိန်းကလေးနဲ့မှ သူငယ်ချင်းမလုပ်တာပေါ့"

မပြောချင် ပြောချင်နှင့် သူ လင်းထင်ကို ပြန်ပြောလိုက်သည်။ ချက်ချင်းပင် လင်းထင်က…

"အဲဒီလောက်တောင် မိန်းကလေးတွေကို ကြောက်ရသလား ကွာ၊ ထားပါတော့…ခုကိစ္စက ငါမင်းအစား မခံချင်လွန်းလို့ ပြောနေ ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တတ်နိုင်ပါ့မလဲကွာ"

"ကျွတ်…မင်း မတတ်နိုင်တာ ငါသိပါတယ်၊ ဒါပေမယ့် စောစောက မင်းဖြစ်ပုံကို ငါတို့နဲ့ ဘောလုံးပြိုင်ဖက် Physics မေဂျာ က ကောင်တွေ တွေ့သွားလို့ ဝိုင်းလှောင်ကြတာ ငါ မခံနိုင်ဘူးကွ"

လင်းထင်က မကျေမချမ်း ရေရွတ်သည်။

"ငါ စဉ်းစားလို့ မရတာက ဘောလုံးကန်တဲ့ နေရာမှာ အရမ်းထူးချွန်ပြီး ရဲဝံ့တဲ့မင်းက မိန်းကလေးတွေနဲ့ ဆက်ဆံတဲ့နေရာ ကျတော့ဘာဖြစ်လို့ ညံ့ဖျင်းကြောက်ရွံ့နေရတာလဲ"

"ငါ့ကိုခွင့်လွှတ်ပါ လင်းထင်၊ ဒီကိစ္စကိုပြောရရင် ငါ့ကိုယ် ငါတောင် နားမလည်ဘူး၊ ဘာ့ကြောင့်ဖြစ်မှန်း ငါလည်းမသိဘူး၊ ငါသိတာက မိန်းကလေးတစ်ယောက်ယောက်နဲ့ စကားပြောရမှာ၊ ပတ်သက်ရမှာကို ငါအရမ်းကြောက်တာပဲ၊ အခုလည်း ငါ့ကြောက်နေ တယ်၊ မောလည်း မောနေတယ်၊ ငါ ခဏနားပါရစေကွာ"

စကားများများ ပြောလိုက်ရသဖြင့် သူ့ဝင်သက်ထွက်သက်တွေ က မမှန်ချင်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ယုံကြည်မှုတော့ ပြန်ရလာ သလို ခံစားရ၏။ သူနှင့်လင်းထင် ထိုင်နေသော ကော်ဖီဆိုင်ပင်အောက်မှ လှမ်းကြည့်လျှင် ကျောင်းသားကျောင်းသူတွေ ဥဒဟိုသွားလာနေကြ သည်ကို အတိုင်းသား လှမ်းမြင်နိုင်၏။

ထိုကျောင်းသား ကျောင်းသူအားလုံး စိတ်လက်ပေါ့ပါးစွာဖြင့် သွားလာနေကြခြင်းဖြစ်သည်။ သူတို့မှာ စိတ်လက်ပေါ့ပါးဖွယ်ကောင်း သော အကြောင်းတွေ အတော်များများလည်း ရှိနေနိုင်သည်လေ။ ဥပမာ-သူတို့၏ မိဘတွေဆီကနေ ဟိုဟိုဒီဒီ အကြောင်းပြပြီး မုန့်ဖိုးညာတောင်း

www.burmeseclassic.com

www.burmeseclassic.com



လို့ရသည်။ ကျောင်းမှာ ဝါသနာတူရာ အုပ်စုဖွဲ့ပြီး အနုပညာ၊ အားကစား နှင့် တခြားကိစ္စတွေကို တက်ညီလက်ညီ စုပေါင်းလုပ်ဆောင်လို့ ရသည်။ ထို့အပြင် ကိုယ်နှစ်သက်ချစ်ကြိုက်မိသူ တစ်ဦးဦးနောက် တကောက်ကောက်လိုက်ပြီးလည်း ကိုယ့်အချစ်တွေကို လေတစ်လုံး မိုးတစ်လုံး ကြွားဝါပြောဆို၍လည်း ရသေးသည်။ ကဲ…ဘယ်လောက် တောင် စိတ်လက်ပေ့ါပါးဖို့ ကောင်းလိုက်ပါသလဲ။ သူ့လိုမျိုး တက္ကသိုလ် ကျောင်းသားတစ်ယောက် ဖြစ်ခွင့်ရတာ။

ဟင့်အင်း…မဟုတ်ဘူး…တက္ကသိုလ်ကျောင်းသားဖြစ်ရတာ သူ့အတွက်တော့ စိတ်လက်ပေ့ါပါးစရာတွေဟာ တခြားသူတွေလို များများစားစား ရှိမနေခဲ့ပါဘူး။

"တင်း…"

ဒုတိယအကြိမ်မြောက်အဖြစ် သူ သက်ပြင်းထပ်ချဖြစ်သည်။

"ငါ ခုမှသတိရတယ်၊ အတန်းရှေ့မှာ နောင်နောင်တို့အဖွဲ့နဲ့ ငါချိန်းထားတယ်ကွ၊ မင်း လိုက်ခဲ့မယ်မဟုတ်လား"

လင်းထင်၏အသံက သူ့ဘေးကနေ ရုတ်တရက် ထွက်လာ သောကြောင့် သူဖျတ်ခနဲတောင် လန့်သွားမိသည်။ ပြီးမှ…

"ငါ မလိုက်သေးဘူး လင်းထင်၊ ဒီမှာ ခဏထိုင်ချင်သေး တယ်"

ခုတော့လည်း လင်းထင်က သူ့ကို နားလည်စာနာမှုရှိသော မျက်လုံးများဖြင့်ကြည့်ကာ…

"အေးလေ ငါသွားတော့မယ်၊ ခဏနေရင် အတန်းထဲမှာ ငါတို့ ပြန်ဆုံကြတာပေ့ါ"

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြလိုက်သည်။

လင်းထင်က သူ့ပုခုံးကို ခတ်ဆတ်ဆတ်တစ်ချက်ပုတ်ပြီး ဖေါ့ဝါးသွက်လက်စွာ ထွက်ခွာသွားသောအခါ ကံ့ကော်ပင်အောက်က ခုံတန်းလျားမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူက လင်းထင် အပြစ်တင်ခဲ့သည့်ကိစ္စကို ရင်တထိတ်ထိတ်ဖြင့် ပြန်လည်စဉ်းစားနေမိ လိုက်၏။

◉

တကယ်ဆိုလျှင် သူ့အသက်က ရှေ့လဆိုလျှင်ပဲ (၁၉)နှစ် တင်းတင်းပြည့်တော့မည့် တက္ကသိုလ်ဒုတိယနှစ် ကျောင်းသားတစ် ယောက်ဖြစ်သည်။ သူ့လို အသက်အရွယ်ရှိ ယောကျ်ားလေးတိုင်း သည် လောကအကြောင်းကို တစ်စိတ်တစ်ပိုင်း နားလည်ကာစ၊ သိမြင် ကာစ ထို့အတူ အရာရာကို လက်တည့်စမ်းချင်၊ သွေးတိုးစမ်းချင် သည့် သဘောလည်း ရှိတတ်ကြသေးပြန်သည်။ အထူးသဖြင့် ကိုယ့်ကို ကိုယ် ယုံကြည်မှုကဲနေသည့် အရွယ်လည်းဖြစ်လို့နေသည်။

သူကလည်း ထိုကဲ့သို့သော ယောကျ်ားလေးမျိုးပင် ဖြစ်သည်။ သူက ဘောလုံးကစားတာ ဝါသနာကြီးသည်။ ဝါသနာကြီးသလို လည်း ဘောလုံးကစားသည့်နေရာတွင် ထူးချွန်သည်။ သူတို့ အင်္ဂလိပ် စာမေဂျာ ဘောလုံးအသင်းတွင် သူက မရှိမဖြစ် အရေးပါသူတစ်ယောက် ဖြစ်သည်။ သူ၏ ပညာရေး၊ ကျန်းမာရေး၊ အနုပညာခံစားမှု၊ စိတ်ရင်း စိတ်ဓာတ်၊ အတွေ့တွေ့ဗဟုသု အဲဒါတွေအပြင် အတွေးအခေါ်၊ ဘာသာ ရေးယုံကြည်မှု၊ စိတ်ရင်းစိတ်ဓာတ်၊ ဟာသဉာဏ် စသည်တို့အား တခြားသက်တူရွယ်တူ ယောကျ်ားလေးများနှင့် ယှဉ်ကြည့်လျှင်

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးမဟုတ်တောင်မှ အလယ်အလတ်ထက် သာသည်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်၏။

**သို့ရာတွင် သူ့ဆီ၌ တခြားယောကျ်ားလေးများလို မဟုတ်ဘဲ လိုအပ်နေသည့် ချို့ယွင်းချက်တစ်ခုက ရှိနေသည်။ တကယ်ကို တစ်ခုတည်းသာဖြစ်သည်။ ထိုတစ်ခုတည်းသော အရာက . . .**

◉

ပထမ သူထိုင်နေသည့် စားပွဲဝိုင်းက နေပူလာသောကြောင့် ယခု ထိုင်နေသည့်စားပွဲဝိုင်းကို သူ ရွှေ့လာခြင်းဖြစ်သည်။ ထိုအချိန် မှာပင် လင်းထင်ရောက်လာကာ သူတစ်ယောက်တည်း ထိုင်နေသည့် စားပွဲမှာ ဝင်ထိုင်သည်။

"ဘယ်လိုလဲ သူရိန်၊ မတွေ့တာကြာတော့ မင်းဆံပင်တွေ ပိုရှည်လာသလိုပဲ"

ပြီးခဲ့သော မတ်လက First semester စာမေးပွဲတွေ ဖြေပြီး နောက်ပိုင်း တစ်ယောက်နှင့်တစ်ယောက် မတွေ့ခဲ့ကြရသဖြင့် လင်းထင် က နှုတ်ဆက်လိုက်တာ ဖြစ်သည်။

"လာကွာ လင်းထင်၊ မင်းက ဘာလို့ခုမှ ကျောင်းတက်ရ တာလဲ၊ ငါ ပြန်တက်တာ တစ်ပတ်တောင်ကျော်နေပြီ"

ကျောင်းပြန်ဖွင့်ပြီး ကျောင်းတက်နောက်ကျနေသော လင်းထင် ကို အမေးစကားတစ်ဝက်နှင့် သူပြန်နှုတ်ဆက်ဖြစ်၏။

"ဒီလိုပဲလေကွာ . . . ကျောင်းပိတ်ပြီးပြီဆိုရင် ဖွင့်အခါ ကျောင်းပြန်တက်ဖို့ ငါ့မှာ အားတော်တော်ပြန်ယူရတာ အလုပ်ဖြစ်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ငါတို့ဘောလုံးတစ်သင်းလုံး အကုန်စုံအောင် ကျောင်းပြန်တက်ကြပြီလား"

သူတို့၏ အင်္ဂလိပ်စာမေဂျာဘောလုံးအသင်းမှ အသင်းသားများ စုံ၊ မစုံ လင်းထင်မေးခြင်းဖြစ်သည်။ လင်းထင်ကလည်း မေဂျာဘောလုံးအသင်းကစားသမား တစ်ယောက်ပဲလေ။

"မစုံသေးဘူး လင်းထင်ရ၊ ဟိုကောင် ဂိုးသမားဇော်မိုမိုရယ်၊ နောက်တန်းအတွင်းမှာ ကစားတဲ့ ထွန်းထွန်းနိုင်ရယ်၊ တိုက်စစ်မှူး အောင်သီဟရယ်၊ နောက် ဝေယံနဲ့ ဖိုးပြည့်၊ ဒီကောင်တွေလည်း မတက်သေးဘူး"

လင်းထင်က သူ့အပြောအား ခေါင်းတညိတ်ညိတ်လှုပ်ကာ နားထောင်သည်။ ထိုအခိုက် စောစောက သူတစ်ယောက်တည်း ထိုင်နေခဲ့ပြီး နေပူလာသဖြင့် ရွှေ့ခဲ့သော ပထမစားပွဲဝိုင်းသို့ မိန်းကလေး တစ်ခု ဝင်ထိုင်တာကို သူမြင်လိုက်သည်။

"Plain တစ်ခွက်"

အနားသို့ရောက်လာသော စားပွဲထိုးလေးအား လင်းထင် လှမ်းမှာလိုက်သည်။ ပြီးတော့...

"ဟေ့ကောင် သူရိန်၊ ဟိုဘက်ဝိုင်းမှာ အခုရောက်လာတဲ့ ကောင်မလေးတွေအဖွဲ့ကို မင်းသိလား"

ပထမ သူထိုင်ခဲ့သော စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ကြသည့် မိန်းကလေးအဖွဲ့ကို လင်းထင်က မေးငေါ့ပြသည်။

"ဘယ်သိမှာလဲကွ၊ ငါက မိန်းကလေးတွေနဲ့ အပေါင်းအသင်း မှ မလုပ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး…အဲဒီအဖွဲ့ကို မှတ်ထား၊ Chemistry မေဂျာကပဲ"

လင်းထင်အပြောကြောင့် သူ မျက်မှောင်နှစ်ဖက်ကို ကြုတ်လိုက်မိကာ…

"ငါက ဘာကိစ္စကြောင့် သူတို့အဖွဲ့ကို မှတ်ထားရမှာလဲကွ"

"ဒီလိုကွ…သူတို့အဖွဲ့က အရမ်းဗရုတ်ကျတဲ့အဖွဲ့၊ တော်ရုံတန်ရုံကောင်လေးတွေတောင် သူတို့အဖွဲ့နဲ့တွေ့ရင် ကျွတ်သွားကြတာများတယ်၊ အဲဒါကြောင့် သူတို့အဖွဲ့ကို ရှောင်ခိုင်းရတာပဲ"

သည်တစ်ခါတော့ သူ ငြိမ်သက်မိသွားသည်။ အိုး…တော်တော်ဗရုတ်ကျတဲ့ အဖွဲ့ဆိုပါလား။ အလိုလိုနေရင်း ထိုအဖွဲ့ဆီ သူ့မျက်လုံးတွေ ရောက်သွားတော့ အကြည့်ကို ကြာကြာမထားရဲဘဲ ကမန်းကတန်းလွှဲပစ်လိုက်မိသည်။

"နေစမ်းပါဦး သူရိန်ရ…မင်းက ဘာဖြစ်လို့ ကောင်မလေးတွေနဲ့ အပေါင်းအသင်းမလုပ်ရတာလဲ"

ပြောပြီး သူ့မျက်နှာကို လင်းထင်က စိတ်ဝင်စားစွာကြည့်၏။ အစကတော့ တစ်ခုခုကို ဖုံးကွယ်ဖို့ သူကြိုးစားကြည့်ပါသေးသည်။ ဒါပေမယ့် နောက်တော့ ရိုးရိုးသားသားပဲ လင်းထင်၏အမေးကို ဖြေလိုက်၏။

"ကြောက်လို့…"

လင်းထင် ခဏတော့ ကြောင်သွားသည်။ ပြီးမှ…

"ဟား…ဟား…ဟား…ကြောက်လို့ဟုတ်လား…ဟား…ဟား…တော်တော်ရယ်ရတဲ့ကောင်"

လင်းထင်က သဘောကျစွာ ရယ်မောနေသလော်း၏ သူက

www.burmeseclassic.com

www.burmeseclassic.com



တော့ ခေါင်းကိုငုံ့ထားပြီး ငြိမ်နေမိသည်။ နောက်တော့ ဗရုတ်ကျသည် ဆိုသော မိန်းကလေးအဖွဲ့ဆီ မရည်ရွယ်ထားပါဘဲ သူ့မျက်လုံးတွေ ရောက်သွားရပြန်သည်။

"ဟင်"

စိုးရိမ်စိတ်တစ်ခုက ရင်ဘတ်ထဲမှ ရုတ်ချည်းထိုးတက်လာသည်။ သူ့ခန္ဓာကိုယ်က အမှီအတွယ်၊ အထိအကပ်မရှိဘဲ လေဟာနယ်မှာ မျောလွင့်သူလိုဖြစ်သွား၏။ ချက်ချင်းပင် ခါးကြားမှာထိုးထားသည့် Wallet ပိုက်ဆံအိတ်လေးကို သူဆွဲထုတ်ကြည့်လိုက်သည်။

"သေပြီကွာ"

Wallet ထဲက အိတ်ငယ်လေးများကို သေချာစွာစစ်ဆေးပြီး သူ တီးတိုးရေရွတ်မိလိုက်သံကြောင့် လင်းထင်က…

"ဘာလဲ သူရိန်၊ ဘာဖြစ်လို့လဲ၊ ပိုက်ဆံအိတ်ထဲက ဘာ ပျောက်လို့လဲ"

"ဟူး…"

သူက သက်ပြင်းကို အရင်ချပြီးမှ….

"မင်းမလာခင်က ဟိုဗရုတ်ကျတဲ့ ကောင်မလေးအဖွဲ့ထိုင်နေတဲ့ စားပွဲမှာ ငါထိုင်ခဲ့တာကွ၊ အဲဒါ နေပူလာလို့ ဒီစားပွဲကို ရွှေ့ခဲ့တာ၊ အဲဒီ စားပွဲမှာထိုင်တုန်းက ငါ့အိတ်ထဲမှာ ထည့်ထားတဲ့ Address Book လေးကို ခဏထုတ်ကြည့်မိတယ်"

"အဲဒီတော့ Address Book စာအုပ်လေး ခုပျောက်သွားလို့လား"

သူ့စကားမဆုံးခင် လင်းထင်ဖြတ်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ဒါပေမယ့် ပျောက်တာမဟုတ်ဘူးကွ၊ အဲဒီ စားပွဲမှာ ကျကျန်ခဲ့တာ၊ ဒီကနေ မင်းလှမ်းကြည့်လိုက်၊ ညာဘက်စားပွဲ အောက် အဖျားလေးမှာ"

လင်းထင်က သူညွှန်ပြရာကို လှမ်းကြည့်သည်။

"တွေ့လား"

"ဘယ်မှာလဲကွ…ဩော်…အေး…တွေ့ပြီ တွေ့ပြီ"

တွေ့တာက အကြောင်းမဟုတ်၊ ဘယ်လိုပုံစံနှင့် မိန်းကလေး [illegible] Address Book စာအုပ်ငယ်လေးကို [illegible] သူ တွေတွေငေးငေး ဖြစ်နေရ၏။

"သူရိန်…မင်း သွားမကောက်ရဲဘူး မဟုတ်လား"

[illegible] သူ့ကိုကြည့်ကာ လင်းထင်ပြောသည်။

"အဲဒီဝိုင်းက နေမှလို့ ငါပြောင်းလာတာကွ၊ ခုလည်း ပွဲတုန်း ပဲ၊ သူတို့ ကြာကြာထိုင်နိုင်မယ် မထင်ပါဘူးကွာ"

"မင်းက သူတို့ထွက်သွားမှ ကောက်မယ်ပေါ့"

"အင်း"

သည်ကိစ္စကို တွေးရိုးတွေးစဉ်အတိုင်း တွေးမိတာ သူ့အမှား ဖြစ်သွား၏။ အကြောင်းကတော့ ထိုအဖွဲ့ထဲမှတစ်ယောက်က သူ့ Address Book စာအုပ်အသေးလေးကို တွေ့ရှိသွားသောကြောင့်ပင် ဖြစ်၏။

"ဘယ်လိုလုပ်မလဲ…သူရိန်"

အခြေအနေကို သဘောပေါက်နေပြီဖြစ်သော လင်းထင်က အလောတကြီးလေသံမျိုးဖြင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါသွားတောင်းကြည့်မယ်"

ပြောပြီးမှ မှားသွားပြီဖြစ်မှန်း သူ့ဘာသာသူ သိလိုက်သည်။ အွတ်…ဘာလို့ ငါက အဲဒီလောက် သတ္တိကောင်းသွားရတာလဲ၊ ဘာကိုမှန်းမသိရသည့် စိုးရိမ်စိတ်က သူ့သွေးကြောတွေထဲ ဆန့်တက်လာနေသည်။

'ဟော့ကောင်… သူရိန်၊ ဘာငိုင်နေတာလဲ၊ သွားတောင်းမယ်ဆို… သွားလေ'

သူ ဆတ်ခနဲမတ်တတ်ထရပ်လိုက်ပြီး ဘယ်ကိုမှမသွားသေးဘဲ ငေါင်နေမိပြန်သည်။

"သူရိန်…သွားလေကွာ၊ တော်ကြာ…"

သည်တစ်ခါတော့ လင်းထင်ပြောတာကို ဆုံးအောင်နားမထောင်တော့ဘဲ သူ ထွက်လာခဲ့သည်။ စားပွဲချင်းနီးသဖြင့် ခဏလေးနှင့် ရောက်မယ်မှန်း သိသိကြီးကို သူ့စိတ်က အကြာကြီးနေမှရောက်ချင်နေမိသည်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း… လေးလှမ်းလောက်ကျော်လောက်တွင် အင်မတန်ဗရုတ်ကျပါသည်ဆိုသော Chemistry မေဂျာမှ ကောင်မလေးတွေအဖွဲ့ ထိုင်နေသည့် စားပွဲသို့ သူကျကျန်ခဲ့သော Address Book စာအုပ်အသေးလေးကို ပြန်တောင်းရန် ရောက်ရှိလာခဲ့၏။

"ဟိုလေ…စောစောက ခင်ဗျားတို့ကောက်ရတဲ့ Address Book ကလေးဟာ ကျွန်တော်ပိုင်တာပါ"

အသံကြောင့် ကောင်မလေးတွေတစ်ဖွဲ့လုံး သူ့ကို ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြည့်ကြသည်။ ထိုအထဲမှ သူ့ Address Book ကို ကိုင်ထားသော ကောင်မလေးက…

"ဩော်…ဒီစာအုပ်လေးကို ပြောတာလား"

"ဟုတ်ကဲ့ခင်ဗျာ…အဲဒီစာအုပ်ပါ"

"ဒါဆို…ရော့…ယူလိုက်လေ"

ကောင်မလေးက အလွယ်တကူပင် Address Book ကလေးအား လက်ကမ်းပေးလာသောကြောင့် သူက ဝမ်းသာအားရ လှမ်းယူလိုက်သည်။

"ဟာ"

"ဟား…ဟား…ဟား"

"ခစ်…ခစ်…ခစ်"

ရုတ်တရက်ကြောင့် သူ့တစ်ကိုယ်လုံး ပူထူသွားသည်။ Address Book ကိုင်ထားသော ကောင်မလေးက သူလက်လှမ်းအယူတွင် မပေးဘဲ လက်ကိုနောက်သို့ ပြန်ရုပ်လိုက်သောကြောင့် သူ့လက်သာ လေထဲမှာ တန်းလန်းကြီးဖြစ်သွားရ၏။ ကောင်မလေးတွေ တစ်ဖွဲ့လုံးက သူ့ဖြစ်ပုံကိုကြည့်ကာ ဝိုင်းဟားကြသည်။

ရုတ်ရုတ်ဖြင့် ဘာလုပ်ရမယ်မှန်းမသိဘဲ နောက်ကို သူလှည့်ထွက်မည်အလုပ်…

"ဟော့…မယူဘူးလား၊ ဒီတစ်ခါ တကယ်ပေးမှာပါ"

"ခစ်…ခစ်…ခစ်"

သူ့ Address Book ကိုင်ထားသော ကောင်မလေးက ရုပ်တည်ဖြင့်ပြောသည်။ ကျန်သည့် ကောင်မလေးတွေက ပြုံးစိစိပြုံးစိနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ရှော့လေ…တကယ်ပေးနေတာ မယူဘူးလား"

ကောင်မလေးမျက်နှာက အမှန်တကယ်ပေးမည့် မျက်နှာပေါ်ပဲ။ ...ကောင်မလေးလက်ထဲက Address Book ကို ဒုတိယအကြိမ်အဖြစ် ... လှမ်းယူလိုက်ပြန်သည်။

"ဟင်…"

"ခစ်…ခစ်…ခစ်"

"ဟား…ဟား…ဟား"

သည်တစ်ခါလည်း ခံလိုက်ရပြန်ပြီ။

သည်တစ်ခါခံလိုက်ရတာက ပိုဆိုးသည်။ အကြောင်းက ... အခုကောင်မလေးတွေဝိုင်းအပြင် ခပ်လှမ်းလှမ်းမှာ ကြည့်နေသည့် ... မေဂျာက ဘောလုံးပြိုင်ဖက်တွေ ထိုင်နေသောဝိုင်းကပါ သူ့ကို ...ရယ်ကြသောကြောင့် ဖြစ်၏။

ကောင်မလေးတွေတစ်ဖွဲ့လုံးကို သူ မကြည့်ရဲတော့။ ဘယ်သူ့ ...လည်း သူမကြည့်ရဲတော့။ သူ့စိတ်တွေ မောလျလာသည်။ အသက် ...လာသည်။ ပြီးတော့ သူ့အာခေါင်တွေ ခြောက်သွေ့လာသည်။

"ကဲ…ကဲ…ရှော့…ဒီတစ်ခါ တကယ်အတည်"

"ခစ်…ခစ်…ခစ်"

အသံတွေကို ကြားနေရပေမယ့် ကြားရတယ်မထင်၊ ရှက်စိတ် ... တစ်ခုခုကို ကြောက်သောစိတ်က ပါလာ၏။ ဘာလဲ။ ငါအခု ...လုပ်ရမှာလဲ၊ ချောင်ပိတ်ရိုက်ခံနေရသော ခွေးရူးတစ်ကောင်လို ...ကိုယ်သူ ခံစားနေရသည်။ သူ့ရင်ဘတ်ထဲ အမှောင်ကျနေ၏။

"ဖတ်"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကြိုတင်ကြံစည်မထားဘဲ ကောင်မလေးလက်ထဲမှ Address Book လေးကို လျင်မြန်စွာ သူ လုယူလိုက်သည်။

"အို"

"ဟင်"

ကောင်မလေးတွေ တစ်ဖွဲ့လုံး အံ့အားသင့်သွားကြသည်။ သူကိုယ်တိုင်လည်း သူ့အပြုအမူကိုယ်သူ ပြန်ပြီးအံ့ဩသွားမိသည်။ နောက်တော့ တွေးမထားမိဘဲ Canteen အပြင်ဘက်က လမ်းမဆီ ခပ်သွက်သွက် သူလျှောက်မိလိုက်သည်။

"အွတ်"

"ဟား---ဟား---ဟား"

"ခစ်---ခစ်---ခစ်"

Canteen အပြင်မရောက်ခင် မြေကြီးထဲမှ တစ်ပိုင်းတစ်စ မြုပ်ထွက်နေသော အုတ်နီခဲကို သူ ခလုတ်တိုက်မိသဖြင့် ဝိုင်းဟားကြပြန်သည်။

သူ ဘာကိုမှမသိချင်။ သည်နေရာမှ နည်းနည်းဝေးသည့် နေရာတွင် အနားယူချင်သည်။ ခြေဦးတည့်ရာသို့ သူ ထွက်လာခဲ့သည်။ သူ့လက်ထဲတွင် Address Book စာအုပ်အသေးလေး။ သူ့နောက်တွင်တော့ အပြေးတစ်ပိုင်း လိုက်လာသော သူငယ်ချင်း လင်းထင်

⌘

www.burmeseclassic.com

www.burmeseclassic.com



လေရိုင်းတွေရှူးရှူးရှဲရှဲ တိုက်ခတ်
မှိုင်းရင့်ရင့် မီးခိုးဝေဝေ့ ဟင်းလင်းပြင်မှာ
တစ်ယောက်တည်း
ဒူးတုပ်စောင့်စားရတာပဲ အဖတ်တင်တယ်
ကြယ်စင်ကြယ်ဖူးတွေက ရောက်မလာဘူး

(ခြောက်သွေ့ရာဇဝင်မှ…)
(၂၀၀၀ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ယာက နိုးလာတော့ နေ့လယ် (၂) နာရီခွဲနေပြီ။ အိုး…ငါ အိပ်ပျော်သွားတာပါလား။ အကြောတစ်ချက်ဆန့်ရင်း အံ့အား သင့်စွာ သူ ရေရွတ်မိ၏။ ဟုတ်သည်လေ။ သူက သည်လိုနေ့ခင်းဖက် တွေမှာ အိပ်လေ့အိပ်ထမရှိဘဲ။ ကုတင်ပေါ် တင်ပါးလွှဲထိုင်ရင်း အိပ်ယာနိုးကာစ လူတွေ၏ ထုံးစံအတိုင်း သူကြောင်စီစီဖြစ်နေသည်။ ထက်တွေ့ဘဝနှင့် အသားကျဖို့ မိနစ်အနည်းငယ် စောင့်စားနေရသော ကာလ။

"အန်တီပြုံး…သူရိန် ရှိလား"

ထိုအချိန်မှာပဲ သူ့နာမည်ကို သူ့မိခင် ဒေါ်ပြုံးကလှမ်းမေး လိုက်သော သူငယ်ချင်း ယုယသွယ်၏အသံက အိမ်ရှေ့ခန်းထဲမှ ပေါ် ထွက်လာလေ၏။

"ဒီကောင်လေး တစ်မနက်ခင်းလုံး ပျောက်နေတယ်၊ ဘယ်များ သွားနေပါလိမ့်၊ အခန်းထဲ ဝင်ပြီးတော့များ စာဖတ်နေသလား မသိဘူး၊ ခဏနော်…သမီး၊ အန်တီ ကြည့်လိုက်ဦးမယ်"

မကြာခင်မှာပဲ…

"ဒေါက်…ဒေါက်…ဒေါက်"

www.burmeseclassic.com

www.burmeseclassic.com



"သူရိန်…သားဘာလုပ်နေလဲ၊ အိမ်ရှေ့မှာ ယုယရောက်နေ တယ်ဟေ့"

"ဟုတ်ကဲ့…ဟုတ်ကဲ့…သားသိတယ်၊ ယုယကို ခဏစောင့် ပြောပေးပါ၊ သားထွက်လာခဲ့မယ်"

"မြန်မြန်လုပ်နော် သား၊ မေမေ ယုယကို အကြာကြီး မစောင့် ချင်ဘူး"

အခန်းတံခါးရှေ့ကနေ အိမ်ရှေ့ဧည့်ခန်းထဲ လှည့်ထွက်သွား သော ဒေါ်ပြုံးကလျာ၏ ခြေသံတရှပ်ရှပ်ကို ကြားလိုက်တော့မှ သူ တင်ပေါ်ထိုင်နေရာက မတ်တပ်ထရပ်မိသည်။ ပြီးတော့ ကြိုးတန်း က မျက်နှာသုတ်ပုဝါကို ဆွဲယူပြီး ရေချိုးခန်းထဲသွားဖို့ သူ့ခြေလှမ်း ပြင်လိုက်၏။

◉

မေလ၏ ကြည်လင်မှုသည် ဝန်းကျင်တစ်ခုလုံးအား တောက်ပ သော နွေးထွေးမှုကို ဖြစ်ပေါ်စေသည်။ မြင်ကွင်းထဲရှိသမျှ အရာဝတ္ထု သည် အလင်းအမှောင်ညီညွတ်သော ရုပ်ရှင်တစ်ကား ကြည့်နေရ စိတ်ကူးတွေကို သက်တောင့်သက်သာရှိစေ၏။ သူက ပေါ့ပါးမှု အတူ ယုယသွယ်ထိုင်နေရာအနီးသို့ ပက်လက်ကုလားထိုင်တစ်လုံး ရောက်သွား၏။

"အိမ်ထဲမှာ စောင့်နေရတာ စိတ်မရှည်လို့ ငါ ခြံထဲ ဆင်း တာဟ"

ယုယသွယ်က အပြစ်တင်သံဆန်သော စကားကိုဆိုပြီး သူ့ကို ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲဟာ…နင် စောင့်နေရတာ ကြာသွားတယ်၊ ငါကလည်း ဒီနေ့မှ မနက်စာစားပြီး ပြန်အိပ်ပျော်သွားလို့ဟာ၊ နင်လာတော့ ငါ့မှာ မျက်နှာပြန်သစ်နေတာနဲ့ ကြာသွားရတာ"

သူ့စကားဆုံးတော့ ယုယသွယ်က သူ့ကို ပေကပ်ကပ် အကြည့်ဖြင့်ကြည့်ကာ "နင်ကတော့ ဖြစ်ရမယ်…ဖြစ်ရမယ်"ဟု ပြောသည်။

တကယ်တော့ ယုယသွယ်ဆိုတာက သူနှင့်လေးတန်းကတည်းက ခင်မင်ခဲ့ကြသည့် ငယ်သူငယ်ချင်းမလေးဖြစ်ပြီး သူ၏ တစ်ဦးတည်းသော မိန်းကလေးသူငယ်ချင်းလည်း ဖြစ်သည်။

"သူရိန် နင်တို့အိမ်လေးက နေချင်စရာလေးနော်၊ ခြံထဲမှာ စိုက်ထားတဲ့ အပင်တွေတောင် တော်တော်စုံနေပြီ၊ အန်တီပြုံးက စိုက်ပျိုးရေး တော်တော်ဝါသနာပါတယ်နော်"

ခြံဝန်းထဲက အပင်တွေကိုကြည့်ရင်း ယုယသွယ် ပြောသည်။

"အေးဟ…နင်သိတဲ့အတိုင်းပဲ၊ ငါ့မေမေက စိုက်ပျိုးရေး ဝါသနာပါတယ်၊ အဲဒါကြောင့် ဖေဖေ့ကို ဒီလိုခြံနဲ့ဝန်းနဲ့နေနိုင်အောင် သမီးရည်းစားဘဝထဲက တိုက်တွန်းအားပေးခဲ့တာ"

ပြောပြီး အပင်မျိုးစုံကို စနစ်တကျစိုက်ပျိုးထားသည့် ခြံဝန်းအနှံ့ သူခေါင်းလေးလှည့်ပြီး ကြည့်လိုက်သည်။ သူနေထိုင်သော တောင်ဥက္ကလာပမြို့နယ်ဆိုတာက အများအားဖြင့် ခြံနှင့်ဝန်းနှင့် နေကြ၏။ တခြားမြို့နယ်တွေလို ကန့်ထရိုက်တိုက်တွေ မပေါ်များလှပေ။

"ဟုတ်ပါရဲ့ဟယ်…ငါတို့လည်း ခြံနဲ့တော့နေရပါရဲ့၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



နင်တို့အိမ်လို့ မြေလွတ်မရှိဘူး…ဟွတ်…အဟွတ်…ခြံထက် အိမ်က ပိုကျယ်နေတယ်…ဟွတ်…ဟွတ်''

ပြောရင်းတန်းလန်း ချောင်းဆိုးလာသဖြင့် ယုယသွယ် စကားရပ်သွားကာ လက်ကိုင်ပုဝါထုတ်ပြီး ချောင်းဆက်ဆိုးနေသည်။

''အဟွတ်…အဟွတ်…ဟွတ်''

''နင် မနေ့က ခေါင်းအကြာကြီး လျှော်ပြန်ပြီမဟုတ်လား ယုယ''

ပါးစပ်ကို လက်ကိုင်ပုဝါဖြင့်အုပ်ရင်း ယုယက သူ့ကို ခေါင်းညိတ်ပြသည်။ ခက်တော့တာပဲ။ သည်ကလေးမက အဆုတ်အား မကောင်း။ ထစ်ခနဲရှိ ခေါင်းလေးလျှော်လိုက်ရ၊ မိုးလေးမိလိုက်ရဖြင့် နှာစေး၊ ချောင်းဆိုးဖြစ်တတ်၏။ ဒါက အခုမှမဟုတ်။ ဟိုးငယ်ငယ် ကလေးကတည်းက ဖြစ်ကာ အဆုတ်ကြောင့် ဆေးရုံတွေလည်းမကြာ ခဏ တက်ခဲ့ရဖူးသည်။ ထိုအကျိုးဆက်တွေကြောင့် သူမသည် တခြား ဆယ်ကျော်သက်မိန်းကလေးများလို ကိုယ်ခန္ဓာပြည့်ပြည့်ဖြိုးဖြိုး မရှိဘဲ ပိန်ရှာသည်။ သို့ရာတွင် အရပ်ကလည်း ပုသဖြင့် သူမပိန်တာက မသိသာလှ။ ရုတ်တရက်ကြည့်မည်ဆိုလျှင် သူမအသွင်က ပီဘိ ကလေးမသေးသေးလေးဟု ထင်ရ၏။

''နင်ကလည်းဟာ ပျော့လိုက်တာနော်''

''ဘာ…ငါက ပျော့တယ်ဟုတ်လား…သူရိန်''

သူ့စကားကြောင့် ယုယသွယ် ဒေါသထွက်သွားပုံရ၏။ အမှန်တော့ သူက ဘာရယ်မဟုတ်ဘဲ သည်စကားကို ပြောမိလိုက်ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယုယသွယ်က လူပျော့ပေမယ့် စိတ်ဓာတ်မာကျောတာ သူ အသိဆုံးပဲမဟုတ်လား။

"ဒီမယ် သူရိန်၊ ငါသာ ပျော့ညံ့တဲ့လူဖြစ်ခဲ့ရင် ဒီအချိန်ထိ ငါ အသက်ရှင်နိုင်မှာမဟုတ်ဘူး"

သူနှင့် သူငယ်ချင်းသက်တမ်းအတွင်း အဆုတ်ရောဂါကြောင့် သူမ သုံးကြိမ်တိတိ ဆေးရုံတက်ခဲ့ရကာ အရေးပေါ်အခြေအနေတွေမှ အကြိမ်ကြိမ်အခါခါ အောင်မြင်စွာ ကျော်ဖြတ်ခဲ့ရခြင်းများအား ရည်ရွယ်ပြီး ပြောလိုက်တာဖြစ်သည်။

"ဟုတ်ပါတယ် ယုယရယ်၊ ခုဟာက နင့်ကျန်းမာရေးကို အားမရလို့ ပြောမိတာပါ၊ နင် စိတ်မာမှန်းသိပါတယ်၊ ခွင့်လွှတ်ပါဟာ၊ ငါ လွှတ်ခနဲပြောလိုက်မိတာကို၊ စေတနာနဲ့မို့ပါ"

ပျာပျာသလဲ တောင်းပန်နေသော သူ့ကိုကြည့်ကာ ယုယသွယ် မျက်နှာက ပြုံးယောင်သန်းလာသည်။ ထို့နောက်...

"ဟဲ့...သူရိန်၊ အဲဒီလောက်လည်း တောင်းပန်မနေပါနဲ့၊ ငါက နင်ကြောက်ရတဲ့ တခြားမိန်းကလေးတွေမှ မဟုတ်တာ၊ ငါက နင်မကြောက်ရတဲ့ တစ်ဦးတည်းသော ငယ်သူငယ်ချင်း မိန်းကလေး ဆိုတာ နင်မေ့သွားပြီလား"

"ယုယကလည်းဟာ အဲဒါကြီး ထည့်မပြောပါနဲ့၊ နင်ပြော လိုက်မှ နင့်ကိုတောင် ငါကြောက်လာသလိုပဲ"

"ဟား...ဟား...ဟား"

သူ့စကားကြောင့် ယုယသွယ်က မိန်းကလေးပီသစွာ တဟား ဟားအော်ရယ်သည်။ သူမရယ်တာမြင်တော့ သူလည်း လိုက်ရယ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏ ဖြူစင်သော ရယ်မောသံတွေက ခြံဝန်းထဲသို့ ချွတ်လပ်ပေါ့ပါးစွာ စီးမျောသွားကြ၏။

"သူရိန် နင်က လူတစ်မျိုးပဲနော်၊ ဘာဖြစ်လို့ အဲဒီလောက် ဆောင် မိန်းကလေးတွေကို ကြောက်ရတာလဲ"

ယုယသွယ်က သူ့မျက်နှာကို စူးစမ်းကြည့်ဖြင့် ကြည့်ကာ ပြော၏။

"ငါကိုယ်တိုင်တောင် မသိပါဘူးဟာ"

ထိုစကားကိုပြောလိုက်သော သူ့အသွင်က စိတ်ရှုပ်ထွေးပြီး နွမ်းယဲ့နေသည်။ ယုယသွယ်က…

"နေစမ်းပါဦးဟာ…နင်က ငါ့ကိုကျတော့ မကြောက်ဘူးနော်"

"သြော်…ယုယရယ်၊ နင်က ငါနဲ့ငယ်ပေါင်းကိုးဟာ၊ ငါက သူစိမ်းမိန်းကလေးတွေကိုပဲ ကြောက်တာပါ"

"အေးနော်…နင်က အိမ်မှာလည်း အမေနဲ့ညီမ ရှိတာပဲ၊ ပြီးတော့ နင်နဲ့ထိစပ်အသားကျပြီးသား မိန်းကလေးတွေကိုလည်း ကြောက်ဘူးနော်"

"ဟ…ငှါမှာ နင့်အပြင် ဘယ်မိန်းကလေးနဲ့ ရင်းရင်းနှီးနှီး ခင်မင်လို့လဲ"

သည်တစ်ခါတော့ သူ့မျက်နှာကို ယုယသွယ်က လေးလေး နက်နက် စိုက်ကြည့်ကာ…

"နင်က ဘယ်လိုမိန်းကလေးမျိုးကို ကြောက်တတ်တာလဲ"

လေးနက်လွန်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည့် ယုယသွယ်၏ အကြည့်တွေအောက်မှာ သူ့အဖြေစကားတွေက ညင်သာ စွာ ထွက်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောရမလဲဟာ…ဒီလိုဟာ၊ ငါက တခြားသူစိမ်း မိန်းကလေးတွေရှေ့တည့်တည့်ကို ရောက်ရင်ပဲဖြစ်ဖြစ်၊ စကားပြောမိရင်ပဲဖြစ်ဖြစ်၊ စိတ်က မငြိမ်မသက်ဖြစ်လာတယ်၊ ငါသူတို့ကို ကြောက်လာတယ်၊ တတ်နိုင်သမျှ သူတို့ကိုငါ ရှောင်ချင်မိတယ်၊ ဒါပါပဲ"

ယုယသွယ်က မျက်မှောင်ကြုတ်ရင်း…

"နင်ကြောက်တာ မိန်းကလေးတိုင်းကိုလား၊ အန်တီကြီးတွေ အဒေါ်ကြီးတွေကိုရော ကြောက်လား"

"ဟင့်အင်း…အန်တီကြီးတွေ၊ အဒေါ်ကြီးတွေ အရွယ်ဆိုရင်တော့ မကြောက်ဘူးဟ…ဘယ်လိုပြောရမလဲ"

"နေ…နေ…သူရိန်…ငါနားလည်ပြီ"

ယုယသွယ်က ကဗျာကယာ ဖြတ်ပြော၏။ ပြီးမှ…

"နင်က နင်နဲ့ရည်းစားဖြစ်လို့ရတဲ့ အရွယ်ရှိတဲ့ မိန်းကလေးတွေကိုပဲ ကြောက်တာမို့လား"

သည်တစ်ခါ သူနည်းနည်းရှက်သွားရသည်။ သို့သော်လည်း…

"အေး…အဲဒီလိုပဲ ပြောရမလို ဖြစ်နေပြီ"

"ဒီကိစ္စကို နင့်အမေနဲ့အဖေက ဘာမှတ်ချက်မှ မပေးဘူးလား"

"အင်း…ဖေဖေနဲ့မေမေက သိသိချင်းတော့ အံ့သြကြတယ်၊ နောက်တော့ သာမန်ဖြစ်ရိုးဖြစ်စဉ်လို သဘောထားကြတယ်၊ အချိန်တန်ရင် အလိုလိုပြေပျောက်သွားလိမ့်မယ်လို့ ထင်နေကြပုံရတယ်"

"နေစမ်းပါဦး သူရိန်ရဲ့၊ နင် အသက်ဘယ်လောက်မှာ စကြောက်တတ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ငယ်ငယ်တုန်းကတော့ ဒီလိုပဲ ပြောလိုက်ဆိုလိုက်တာ ခဲ မိန်းကလေးတွေကို ငါ စကြောက်တတ်လာတာ အသက် (၁၅)နှစ် ာက်ကပဲ...လူပျိုပေါက်အရွယ်ရောက်မှ ကြောက်တတ်တာဟ"

ယုယသွယ်က စဉ်းစဉ်းစားစား ဖြစ်သွားဟန်ဖြင့်...

"နင့်ဟာက Phobia ဖိုဘီးယားတစ်မျိုးလား မသိဘူး"

"ဘာ...ယုယ...ဘာဘီးယား"

အထူးအဆန်း စကားတစ်ခွန်းကို ကြားလိုက်ရသလို ရှိသော ကြောင့် သူ အလောတကြီး မေးမိသည်။

"ဩော်...ဘာမှမဟုတ်ပါဘူးဟာ၊ ငါ့ဘာသာငါ ထင်တာ ါ အတည်ပြုရလောက်အောင် ငါဘာမှမသိပါဘူး"

"ဘာတွေလဲဟာ...နင့်ဟာက"

"ဘာမှမဟုတ်ဘူး...တကယ်ပါ...သူရိန်ရယ်...ဘာမှ ဟုတ်ပါဘူး"

ယုယသွယ်ကို သူနားမလည်နိုင်အောင် ဖြစ်သွားသည်။ တွေလဲဟာ။ ရင်ထဲမှာ တီးတိုးပြောရင်း ယုယသွယ်ကို ကြည့်မိ တော့ သူမက တစ်စုံတစ်ခုကို စဉ်းစားနေပုံရ၏၊ သူ့အကြည့်ကို ခန်းထဲက နေရောင်ကြောင့် လင်းဖြာကျနေသည့် သစ်ရွက်တွေဆီ ယ်ငေးမောလိုက်မိသည်။ တဒင်္ဂတိတ်ဆိတ်မှုအောက်၌ ဝန်းကျင် စ်ခုလုံးသည် မေလကြောင့် တောက်ပနွေးထွေးနေဆဲ...။

⌘

www.burmeseclassic.com

www.burmeseclassic.com



***<u>February Rain</u>***

He is honest.
But
He is unusual
He is the one of many
But
He is not much many

www.burmeseclassic.com

www.burmeseclassic.com



*ဖေဖော်ဝါရီမိုး*

သူဟာ ရိုးသားတယ်
ဒါပေမယ့်
သူဟာ ဆန်းကြယ်တယ်
သူဟာ အများကြီးထဲက တစ်ယောက်ပါပဲ
ဒါပေမယ့်
သူလိုလူက အများကြီးမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

www.burmeseclassic.com

www.burmeseclassic.com



သူက ဘောလုံးကို ခြေဖျားနှင့်တို့ကာတို့ကာ ဆွဲယူလာသည်။ တစ်ဖက်အသင်းမှ ကွင်းလယ်အဖျက်လူတစ်ယောက်နှင့် ဆုံသည်။ ညာဘက်ကို ခြေယောင်ပြကာ ထိုကွင်းလယ်အဖျက်လူထံ သူတိုးကပ် သွားသည်။ တစ်ယောက်နှင့်တစ်ယောက် နှစ်ပေလောက် အကွာအဝေး ရောက်သည်တွင် တစ်ဖက်လူက သူ့ကို တကယ်ပဲ ညာဖက်ဆွဲပြေး သွားမည်ဟု ထင်လိုက်သည်။ ဒါကို သူ့အတွေ့အကြုံအရ သိခြင်းဖြစ် သည်။ တစ်ဖက်လူက သူ့ကို ညာဘက်ဆွဲပြေးမည်ဟု ထင်သွားပြီးလျှင် ပြီးချင်း ညာဘက်ပေါက်ကို ရအောင်ပိတ်ဖို့ ဆုံးဖြတ်လိုက်ပုံရ၏။ အကြောင်းကတော့ တစ်ဖက်လူ၏ ခန္ဓာကိုယ်က ညာဘက်သို့ တိမ်း လာသောကြောင့်ပင်။

ရုတ်တရက် သူက ဘောလုံးကို ဘယ်ဖက်သို့ ဖျတ်ခနဲ ချီးခေါက်ကာ တရစပ်ဆွဲပြေးလိုက်သည်။ ပြေးအားကိုလည်း စောစော ကထက် ငါးဆလောက် တင်ပစ်လိုက်သည်။ သွားပြီ။ ဟိုကောင် ကျန်ခဲ့ပြီ။ တစ်ဖက်လူက သူ့ညာဖက်ကို ပိတ်လိုက်ချိန်လေးမှာတင် သူက ဘောလုံးတစ်လုံးစာ ချီးခေါက်ကာ ဘယ်ဖက်သို့ ဆွဲပြေးသွား သဖြင့် တစ်ဖက်လူမှာ ကိုယ့်အရှိန်နှင့်ကိုယ်လွန်ပြီး ကျန်ရစ်ခဲ့ခြင်းဖြစ်၏။

တစ်ယောက်ကို ကျော်ဖြတ်နိုင်သော်လည်း ဝမ်းသာလို့မရ

www.burmeseclassic.com

www.burmeseclassic.com



သေး၊ ရှေ့မှာ နောက်တန်းကစားသမားနှစ်ယောက်က သူ့ဆီပြေးလာနေတာမြင်ရသည်။ ဘောလုံးကစားနည်းမှာ အရသာအရှိဆုံး အချိန်များထဲမှ အချိန်တစ်ချိန်ကို သူကြုံတွေ့လာနေပြီ။ ဒါကတော့ ဂိုးသွင်းတော့မည်ဆိုသော အသိ၊ သူ့စိတ်ကို စွဲကပ်သည့်အချိန်၊ ရှေ့မှ ပြေးလာနေသည့် နောက်တန်းသမားနှစ်ယောက်ကို ကျော်ဖြတ်ပြီးလျှင် သူ လွတ်လွတ်ကျွတ်ကျွတ် ဂိုးသွင်းခွင့်ရတော့မည်လေ။

လျှပ်တပြက်အတွင်းမှာ သူ့ဦးနှောက်ကို အလုပ်ပေးလိုက်သည်။ သူ့မျက်စိများကလည်း လက်ရှိဖြစ်ပေါ်နေသော ကွင်းတွင်းအခြေအနေကို ခဏလေးနှင့် သုံးသပ်ရှုကြည့်လိုက်၏။ စက္ကန့်ပိုင်းလေးမှာပဲ သူ့အတွက် ဆုံးဖြတ်ချက်တစ်ခုက တိတိကျကျ ပေါ်ထွက်လာသည်။

သူက နောက်တန်းသမားနှစ်ယောက်အနက် အနီးဆုံးတစ်ယောက်ကို ခန္ဓာကိုယ်နှင့်ကွယ်ပြီး ဘောလုံးဆွဲပြေးလိုက်သည်။ ဒါကို အရပ်အခေါ် ဘော်ဒီ (Body) ခုပြီး ကစားခြင်းဟုလည်း ခေါ်သည်။ ခုလို ဂိုးပေါက်နှင့်နီးစပ်သော အနေအထားတွင် သည်လို ဘော်ဒီ (Body)ခုပြီး ကစားတာ သူ့လိုရှေ့တန်း ကစားသမားတစ်ယောက်အတွက် လိုအပ်သဖြင့် သူ သည်လိုကစားခြင်းဖြစ်သည်။ သို့မှသာ တစ်ဖက်နောက်တန်းသမား၏ ခပ်ကြမ်းကြမ်းဖျက်ထုတ်မှုအတွက် ပြစ်ဒဏ်ဘော အလွယ်တကူ ရရှိနိုင်မည်။ ထိုအချက်ကိုသိသော တစ်ဖက်နောက်တန်း ကစားသမားများကလည်း ဂိုးပေါက်အနီး ပြစ်ဒဏ်ဘောမပေးလို၍ ခပ်ကြမ်းကြမ်းဖျက်မထုတ်ရဲကြ။

အခြေအနေက သူ့အတွက် ကျဉ်းထဲကျပ်ထဲကာလ။ သူ့အား

www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ဖက်နောက်တန်းသမားတစ်ယောက်။ ရှေ့နှစ်လှမ်းစာလောက်မှာ သူ့ဆီပြေးလာနေသည့် နောက်ထပ် နောက်တန်းကစားသမားတစ်ယောက်။ အနေအထားက ဂိုးပေါက်နှင့် (၄၅)ဒီဂရီ။ သူ သိလိုက်ပြီ။ သူ သည့်ထက် ဂိုးပေါက်နားနီးအောင် ဘောလုံးကို သယ်လို့မရနိုင်တော့…

"ဖုန်း"

အင်္ဂလန်လူငယ်တိုက်စစ်မှူး ဝိန်းရူနေး (Wayne Rooney) ကို တချို့က Wonder Kicker ကြောက်စရာ ကန်ချက်ပိုင်ရှင်ဟု ခေါ်ကြသည်။ အကြောင်းကတော့ ဘောလုံးကို တစ်လှမ်းစာ အားယူလိုက်ရုံဖြင့် အလွန်တရာပြင်းထန်သော ကန်ချက်ဖြစ်အောင် အသွင်ပြောင်းနိုင်သောကြောင့်ပင်။ ခုလည်း သူက တစ်ဖက်လူအား ဘော်ဒီ (Body) ခုကာ ဆွဲလာသည့် ဘောလုံးအား ရှေ့မှပြေးလာနေသည့် နောက်တန်းသမားနှင့် မဆုံခင် တစ်လှမ်းစာလောက်သာ အားယူကာ ဂိုးပေါက်ထဲ အားကုန်ကန်သွင်းလိုက်ပါသည်။

"ဂိုး…ဟေး…ဂိုးပြီ…ဂိုးဟေ့"

"သူရိန်ကွ…အဲဒီ အီးမေဂျာက ဂိုးသွင်းစက် သူရိန်"

သူ့ဆီပြေးလာကာ ဝိုင်းဝန်းဖက်ပွေ့လာကြသော ကစားဖော်များ၏ အသံနှင့်အတူ ဂိုးပေးခရာသံကပါ လေထဲ လွင့်မြောက်တက်လာ၏။

ကွင်းပြင်မှ အားပေးနေကြသူများ၏ အသံများက အချိန်အတော်ကြာသည်အထိ မစဲချင်။ အင်းလေ…အားပေးသူတွေအတွက် အနိုင်ကို ကျူးရင့်ဖို့က ဒီအချိန်သာ အကောင်းဆုံးမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



'ဟေး… ဟေး… အီးမေဂျာကွ'

'ဟေး… ဟေး… သူရိန်ကွ'

◉

သူက အအေးပုလင်းကို ပိုက်မတပ်တော့ဘဲ သည်အတိုင်း မော့သောက်ချလိုက်သည်။ စောစောက ငြိမ်သက်နေသော စားသောက်ဆိုင်ကလေးကတော့ သူတို့အဖွဲ့ဝင်လာတော့မှ ညံစီဆူဝေလို့ သွားရတော့၏။

''ဂိုးမရခင်တုန်းကတော့ ဒီကောင်တွေ တော်တော်ကောင်းတယ်၊ ပြီးတော့ ဒီကောင်တွေထဲမှာ အလယ်တန်းက ကစားတဲ့ တစ်ယောက်က ငါတို့ကို အန္တရာယ်ပေးနိုင်သလား မမေးနဲ့''

ဘောလုံးပွဲတစ်ပွဲကန်ပြီးစ ထုံးစံအတိုင်း ကစားခဲ့သည့် ပွဲ၏ အတွေ့အကြုံတွေကို တစ်ယောက်တစ်မျိုး ပြန်ပြီးပြောပြရတာလည်း ကစားသမားတွေ ရထိုက်သော အရသာပဲဖြစ်သည်။

စိမ့်ထွက်နေဆဲ ချွေးစက်တွေကို လက်ကိုင်ပဝါနှင့်သုတ်ရင်း သူငယ်ချင်းတွေဆီ သူကြည့်မိသောအခါ အားလုံး ချွေးတရွှဲရွှဲနှင့် ရှိနေကြ၏။

''သူရိန်…နောက်တစ်ပတ် တနင်္ဂနွေနေ့ကျရင် ငါ ဂိုးဖမ်းလေ့ကျင့်ချင်လို့၊ အဲဒါ မင်းအားရင် ငါ့ကိုကူညီပါလား''

ဂိုးသမား ဇော်ဗိုဗိုက လက်အိတ်များကိုဖြည်ရင်း ပြောသည်။

''အေး ကျင့်ကြတာပေါ့၊ ငါ အားပါတယ်''

ဇော်ဗိုဗိုက နိုင်ငံ့လက်ရွေးစင် ဂိုးသမားဖြစ်ဖို့အထိ ရည်ရွယ်ချက်ထားသူဖြစ်ရာ သူ့အနေဖြင့် သည်ကိစ္စလောက်ကို ငြင်းရန်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခော်မိုမိုကို လေ့ကျင့်ရာတွင် သူက ကန်သွင်းသဖြင့် သူ့အတွက်လည်း Kick Power တက်လာမည်။

"အားလုံးခြုံကြည့်မယ်ဆိုရင် ဒီနေ့ ငါတို့တစ်သင်းလုံးကောင်းတယ်"

ဖိုးပြည့်စကားကြောင့်…

"ဟုတ်တယ်၊ ဒီနေ့ ငါတို့အားလုံး အချိတ်အဆက် အရင်ပွဲတွေထက် ပိုမိလာပြီ"

ပြောပြီး ဝေယံက အသင်းခေါင်းဆောင် ထွန်းထွန်းနိုင်ကိုလှမ်းကြည့်သည်။ သဘောက 'ငါပြောတာ မင်းဘယ်လိုသဘောရလဲ' ဟု လှမ်းမေးသည့်သဘော။

"နေဦးကွ…ရှေ့တန်းနဲ့နောက်တန်းကိုတော့ အားရတယ်၊ ဒါပေမယ့် အလယ်တန်းကိုတော့ နည်းနည်းပြင်ဖို့လိုမယ်"

ထွန်းထွန်းနိုင်က အသင်းခေါင်းဆောင်ဖြစ်သဖြင့် သူ့စကားကို အားလုံးက ဂရုတစိုက် နားထောင်ကြသည်။ အထူးသဖြင့် အသင်းက အလယ်တန်းကစားသမားတွေဖြစ်သော သက်ဇော်နိုင်၊ မင်းသွေးလင်းလင်း၊ နရီပဟိန်းနှင့် လက်ယျာ။

"ဒီနေ့ ပရိဘက်အလယ်တန်းက တစ်ယောက်ကို ငါတို့အလယ်တန်းက မထိန်းနိုင်ဘူး၊ ကံကောင်းတာက ငါတို့ ဦးဆောင်ဂိုးစရတာပဲ"

ဦးဆောင်ဂိုးဆိုသည့် အသံကိုကြားသည်နှင့် အားလုံးက သူ့ဆီဝိုင်းကြည့်ကြ၏။ သူနှင့်အကြည့်ချင်းဆုံမိသော လင်းထင်က သူ့ကိုလက်မလှမ်းထောင်ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ လာမယ့်တနင်္ဂနွေမှာ ဇော်မိုမိုနဲ့ ဖိုးပြည့်တို့ နှစ်ယောက်ကို ဂိုးဖမ်းကျင့်ဖို့ ငါပြောထားတယ်၊ ခုတော့ အလယ်တန်း ကစားတဲ့ကောင်တွေပါ တနင်္ဂနွေနေ့ လာခဲ့ကြပေတော့"

ထွန်းထွန်းနိုင်က စကားကို ခဏရပ်ပြီး သူ့ဖက်လှည့်ကာ...

"သူရိန်...မင်းလည်းလာခဲ့၊ ဒီနေ့ ကစားတဲ့အထဲမှာ မင်း အကောင်းဆုံးပဲ၊ အရေးကြီးတဲ့ အဖွင့်ဂိုးကို သွင်းနိုင်တဲ့အပြင် အောင်သီဟ ဂိုးသွင်းဖို့ပါ မင်းဖန်တီးပေးနိုင်ခဲ့တယ်"

သည်လိုမျိုး ချီးကျူးစကားဆိုတာက မကြာခဏ ကြားနေကျ ဖြစ်ပေမယ့် ကြားလိုက်တိုင်းမှာ သူက အမြဲအားနာ ရှက်ဝံ့နေမိသည်။

"ငါ ဒီလိုခြေစွမ်းပြခွင့် ရတယ်ဆိုတာ မင်းတို့ရဲ့ ငါ့အပေါ် ထားတဲ့ ယုံကြည်မှုကြောင့်ပါကွာ၊ တကယ်လို့ နောင်အခါမှာ ငါ့ဖက်က ညံ့ဖျင်းခဲ့တာမျိုး ကြုံလာရင်တော့ ခွင့်လွှတ်ပေးကြဖို့ ကြိုတောင်းပန်ထားချင်တယ်ကွာ"

"ဘာမှ မတောင်းပန်ပါနဲ့ သူရိန်ရာ၊ မင်း အမြဲတမ်း အကောင်းဆုံး စွမ်းဆောင်နိုင်မှာပါ"

ကစားသမား သူငယ်ချင်းအားလုံးက သူ့ကို ယုံကြည်မှုရှိသော မျက်ဝန်းကိုယ်စီဖြင့် ဝိုင်းကြည့်ကြ၏။ ထိုအခါကျပြန်တော့လည်း သူ့ရင်ခွင်ထဲ ရဲရင့်တောက်ပမှုတွေ ပြည့်နှက်လာရပြန်သည်။

"ကဲ...ကဲ...ဒီနေ့အတွက် သူရိန်ကို ဂုဏ်ပြုကြရအောင် ဟေ့"

အသင်းခေါင်းဆောင် ထွန်းထွန်းနိုင်၏ စကားအဆုံး ကြိုတင် တိုင်ပင်မထားပါဘဲနှင့် လက်ခုပ်သံတွေက စားသောက်ဆိုင်တစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လုံးကို လွှမ်းမိုးသွားလေတော့သည်။

"ဖြောင်း…ဖြောင်း…ဖြောင်း…ဖြောင်း"

"ဖြောင်း…ဖြောင်း…ဖြောင်း…ဖြောင်း"

သူက ကြည်နူးစွာဖြင့် ဂုဏ်ပြုမှုကို လက်ခံကြောင်း အားလုံးကို ပြုံးပြလိုက်မိသည်။ တကယ်တော့ သည်အစဉ်အလာလေးက သူတို့အသင်း စတင်ဖွဲ့စည်းကတည်းက ရှိခဲ့တာဖြစ်ပြီး သည်နေ့ပွဲ၏ Man of the Match အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံရခြင်းလည်းဖြစ်သည်။ ဟိုအရင်ပွဲတုန်းကတော့ သည်ဆုကို လင်းထင်က ရရှိခဲ့၏။ သည်တစ်ခါ လင်းထင်နှင့် အကြည့်ချင်းဆုံတော့ သူက အရင်လက်မ လှမ်းထောင်ပြလိုက်ပါသည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးတွေအုပ်မှပဲ
ရင်ဘတ်ထဲ မီးလောင်မှန်း သိတော့တယ်။

(မြို့ပျက်မှ...)
(၂၀၀၀ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

www.burmeseclassic.com

www.burmeseclassic.com



လမ်းကလေးက ခါတိုင်းရက်တွေထက် လူသူအသွားအလာ ပိုများနေသည်။ စနေနေ့ဖြစ်သောကြောင့်ပဲလား မသိ။ သူက အေးအေး လူလူ သမ်းဝေျှာက်နေရင်း ဘေးလွယ်အိတ်ထဲမှာ ယူဆောင်လာသော ဗွန်မှုတာနည်းပညာစာအုပ်များအကြောင်း စဉ်းစားနေမိ၏။ သည် စာအုပ်တွေက ယုယသွယ် အမှာပါးလိုက်တာဖြစ်ပြီး ဟိုတစ်ရက်တုန်း က သူမြို့ထဲရောက်ခဲ့စဉ် သတိရလို့ ဝယ်ခဲ့ခြင်းဖြစ်သည်။ ခုလည်း သည်စာအုပ်တွေကို ပေးဖို့အတွက် ယုယသွယ်၏ အိမ်ဖက် သူထွက် လာခဲ့တာဖြစ်သည်။ ထိုအခိုက်…

"ဘေးကို…ဘေးကို…အား…အု"

လမ်းဘေးခြံဝန်းတစ်ခုထဲမှ အရှိန်ပြင်းပြင်းနှင့် ထွက်လာသည့် စက်ဘီးတစ်စင်းက သူ့ကိုတိုက်မိမလိုဖြစ်သွား၍ ကပျာကယာ ရှောင် တိမ်းလိုက်ရသည်။ စက်ဘီးစီးသူ ချာတိတ်လေးကလည်း သူ့အား မတိုက်မိအောင် စက်ဘီးလက်ကိုင်ကို ချိုးလှည့်လိုက်ရာတွင် အရှိန် များသွားပြီး တိမ်းမှောက်သွားရလေသည်။

စက်ဘီးစီးလာသူ ချာတိတ်လေးက အသက်ဆယ်နှစ်လောက် သာ ရှိဦးမည်။ ချာတိတ်လေး၏ ခန္ဓာကိုယ်ပေါ်မှာ စက်ဘီးက ပိကာင်

www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ကူညီပေးရန် သူ ပြေးသွားလိုက်၏။ ထို့နောက် စက်ဘီးကို သူဆွဲအမ…

"ဟင်"

ထင်မှတ်မထားသော အဖြစ်ကြောင့် သူအံ့သြသွားရသည်။ စက်ဘီးကို သူဆွဲမလိုက်စဉ်တွင် သူ့လိုပဲ စက်ဘီးအား ဆွဲမလာသည့် လက်တစ်ဖက်၏ အထိအတွေ့ကြောင့် ဖျတ်ခနဲ သူ လှည့်ကြည့်လိုက်သောအခါ ချောမောလှပသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေ၏။

"ရရဲ့လား…မြန်မြန်လုပ်လေ၊ ဘာကြည့်နေတာလဲ၊ ဟိုမှာ ကလေးက ဘာဖြစ်သွားလဲမသိဘူး"

ထိုချောမောလှပသည့် မိန်းကလေးဆီက အသံကြားမှ ချာတိတ်လေး၏ ကိုယ်ပေါ်ပိနေသည့် စက်ဘီးကို အလျင်အမြန် သူ မ,လိုက်မိတော့သည်။

"မောင်လေး ထကြည့်စမ်း၊ ဘယ်နား နာသွားသေးလဲ"

သူ စက်ဘီးကို ဘေးလွတ်ရာတစ်နေရာမှာ ထောက်ပြီး သွားချိန်တွင် မိန်းကလေးက လမ်းကောင်းကောင်း မလျှောက်နိုင်တော့သော ချာတိတ်လေး၏ ခြေသလုံးမှ ဒဏ်ရာကို စစ်ဆေးကြည့်နေတာကိုတွေ့ရ၏။

"ဒဏ်ရာက တော်တော်များလားဟင်"

မိန်းကလေးက သူ့အမေးအား ချက်ချင်းတန်းမဖြေဘဲ…

"ဟာ…ဒီအတိုင်း ရပ်မနေနဲ့လေ၊ စက်ဘီး ဘာဖြစ်သွားလဲ ကြည့်ပါဦး၊ လူကတော့ နည်းနည်းပွန်းသွားရုံလောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စက်ဘီးဆီပြန်သွားကာ သူ ကြည့်ရှုရသေးသည်။ လက်ကိုင်စောင်းသွားသည်၊ ကျန်တာမဖြစ်။ စက်ဘီးလက်ကိုင်ကို တည့်မတ်သွားအောင် သူ လျှင်လျှင်မြန်မြန်ပဲ ပြုလုပ်လိုက်သည်။

"ဒါဆို မောင်လေးက ဒီခြံထဲကပေါ့"

ချာတိတ်လေးက မျက်နှာရှုံ့မဲ့မဲ့ဖြင့် ခေါင်းညိတ်ပြသည်။ သူက ခုမှပဲ ချာတိတ်လေးကို သေသေချာချာကြည့်မိလိုက်၏။ အားပါး… အလန်းလေးပဲ။ ချာတိတ်လေးက သူ့ကို စက်ဘီးနှင့် ဝင်မတိုက်မိပေမယ့် တကယ်လို့ ရှေ့ဆက်စီးမယ်ဆိုလျှင်လည်း တစ်ယောက်ယောက်နှင့်တော့ ဝင်တိုက်မှာ သေချာနေသည်။ ကြည့်လေ…ခေါင်းမှာ ရက်ဝ်ပ်ဝါဦးထုပ်အကြီးကြီးကို ဆောင်းထားသည်။ တပ်ထားတာက အင်စတန်ပွချောင်းနေသည့် တီရှပ်ကြီး။ လည်ပင်းမှာလည်း စတီးဆွဲကြိုးနှစ်ကွင်းကို အရှည်ကြီးဆွဲထားသေးသည်။ ဘောင်းဘီကလည်း အပွကြီးဖြစ်၏။ ဖိနပ်ကတော့ All Star။

ခေတ်အခြေအနေကို အသက်ဆယ်နှစ်သားခန့်အရွယ် ချာတိတ်လေး၏ခန္ဓာကိုယ်ပေါ်မှာ အထင်းသားမြင်တွေ့နေရသည်။ သည်ပုံစံဖြင့် နင်းလာသည့် စက်ဘီးက တစ်ယောက်ယောက်ကိုတော့ ဝင်တိုက်မိမှာ သေချာနေ၏။

"ကဲ…ဟိုတစ်ယောက် စက်ဘီးပြင်လို့ပြီးရင် ဒီမောင်လေးကို ဒီခြံထဲလိုက်ပို့လိုက်၊ ခြံက အကျယ်ကြီးဆိုတော့ အိမ်ရောက်အောင် ခဏတော့နင်းရမယ်"

"ဩော်…ဟုတ်ကဲ့…ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့မနေနဲ့ လာဦး၊ ကလေးကို ကူတွဲပေးဦး၊ ကျွန်မ သွားတော့မယ်"

သွက်လက်ချက်ချာလွန်းသော မိန်းကလေး၏ စကားသံတွေကို သူက အလိုက်တသိ နားထောင်နေမိသည်။ ချာတိတ်လေး၏ လက်မောင်းတစ်ဖက်ကို သူ လှမ်းဆုပ်ကိုင်လိုက်တော့...

"ဟင်"

သည်တစ်ခါလည်း မထင်မှတ်ဘဲ ချာတိတ်လေး လက်မောင်းကို သူ့အရင်ထိန်းချုပ်ဆုပ်ကိုင်ထားသည့် မိန်းကလေး၏လက်နှင့် သူ့လက်တို့ ထိတွေ့မိသွားသည်။ တစ်ခုခုက သူ့ရင်ဘတ်ကို ဒိန်းခနဲ ဆောင့်တွန်းခံရသလိုမျိုး လှိုက်တက်သွား၏။ ထိုမိန်းကလေးနှင့် အကြည့်ချင်း သူ ဖျတ်ခနဲဆုံဆည်းမိသည်။ ဘာအကြောင်းကြောင့်မှန်း မသိဘဲ သူ့ရင်ခုန်သံတွေက မြန်လာသည်။ အလိုလို မောလျနေသည်။ **တောင်မလေးရေ...မင်းကို ငါကြောက်မိပေမယ့် မင်းသိပ်လှပတာကိုတော့ မငြင်းနိုင်ပါဘူးကွာ...။**

◉

"နေပါဦးကွ...သူရိန် မင်းက ဘာဖြစ်လို့ ဒီလိုအချိန်ကြီး မပြောမဆိုနဲ့ ငါ့ဆီရောက်လာရတာလဲ"

လင်းထင်အမေးကို သူဘယ်လို ပြန်ဖြေရမယ်မှန်း ချက်ချင်း မစဉ်းစားနိုင်။ ခေါင်းကိုသာ တဖြင်းဖြင်းကုတ်မိလိုက်သည်။

"အေးကွာ...ဘယ်လိုပြောရမလဲ...လမ်းကြုံလို့ပဲ ဆိုပါတော့"

ပြောပြီးမှ ကိုယ့်စကားကိုယ်ပြန်တွေးကာ ရှက်ဝံ့မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်က သူသွားခဲ့တာ ယုယသွယ်ဆီ။ ဒါပေမယ့် လမ်းမှာ စက်ဘီး တိုက်မိမလိုဖြစ်သွားပြီးနောက် သူရောက်လာတာက လင်းထင်ဆီ။

"အေး…အဲဒါဆိုလည်း ပြီးတာပါပဲကွာ၊ မင်းက ငါ့ဆီ လာဖြစ်ခဲ့တယ်မဟုတ်လား"

လင်းထင် သူ့ကိုယုံကြည်သွားပုံရသည်။ လမ်းကြုံလို့တဲ့။ အင်း…ယုယသွယ်နေတာက သူနှင့်အေးချင်းကပ် ရပ်ကွက်မှာ။ လင်းထင်က ကျောက်မြောင်းမှာ။ ထားလိုက်ပါလေ…လမ်းကြုံပဲပေါ့။

"ဘာပြုံးတာလဲ သူရိန်၊ မင်းက ငါ့အခန်းဖွဲ့စည်းပုံကို သဘောကျတာလား"

သူ့အတွေးနှင့်သူ မလုံမလဲ ပြုံးမိတာကို လင်းထင်က တစ်မျိုး ထင်သွားတာ ရန့်တွေ့သည်။ ထိုအချိန်ကျမှပဲ လင်းထင်၏အခန်းကို လေ့လာဖို့ သူ အမှတ်ရသွား၏။

လင်းထင်၏အခန်းထဲမှာ သူတို့စကားပြောနေကြခြင်းဖြစ်ပြီး နံရံပေါ်အပြည့်ကပ်ထားသည့် နိုင်ငံခြားဂီတမယ်ကလေးများ၏ ဆွဲဆောင်မှုကောင်းလွန်းနေသော ပိုစတာများကြောင့် အခန်းက ရှိတာထက် ပိုကျဉ်းနေသလို ထင်ရသည်။

"အေး ဟုတ်တယ်၊ မင်းအခန်းထဲဝင်ရတာ ညီနဲ့ နံလို့"

သူက မရိုးမခန့်အမူအရာနှင့် ပြောလိုက်သောအခါ လင်းထင် က စပ်ဖြဲဖြဲရယ်နေသည်။ ဖြစ်ရမယ်။ သူက သူ့ဘာသာ မလုံမလဲ ပြုံးတာကို လင်းထင်ကလည်း အခန်းထဲက ပိုစတာတွေအတွက် မလုံ မလဲ ဖြစ်နေခဲ့သည်ကိုး။

"တော်သေးတာပေါ့ သူရိန်ရာ၊ ခါတိုင်းဆို ငါ ဒီအချိန် အိမ်မှာမရှိဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သွားလို့လဲ"

"ခါတိုင်း စနေနေ့တွေဆို ငါ့မမနဲ့ငါ လျှောက်လည်နေကြ အွ၊ ဒီနေ့တော့ မမက သိပ်နေမကောင်းဘူးလို့ ဖုန်းဆက်လို့ ငါ သွားတော့တာ"

သူ အနည်းငယ် အံ့အားသင့်သွားသည်။ လင်းထင်မှာ အမေ တစ်ယောက်ရှိသည်ဟု သူတစ်ခါမှ မကြားဖူးခဲ့။ လင်းထင်မှာက အစ်ကိုနှစ်ယောက်ပဲ ရှိသည်မဟုတ်လား။

"ဘယ်က မမလဲ၊ တစ်ဝမ်းကွဲမမလား"

"ကျွတ်...ဝေးလိုက်တာ သူရိန်ရာ"

သူ့ကို လင်းထင်က ပေစောင်းစောင်းကြည့်ကာ အံပြစ်တင် သည်။ သူ့ဘာမှ နားမလည်နိုင်သေး။

"ဒီလိုဟ...ငါ့မမချစ်ချစ်ကွ မမချစ်ချစ် ရှင်းပြီလား"

"ဩော်...အဲဒီလိုလား"

"ဩော်...အဲဒီလိုပဲ"

ခက်ခက်ခဲခဲ ရှင်းပြလိုက်ရသဖြင့် မောပန်းသွားသူလို လင်းထင်က ကုတင်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်၏။ နှုတ်မှ လည်း...

"သူရိန် သူရိန်၊ မင်းဒီလိုမျိုး မိန်းမတွေကို ကြောက်နေလို့ မဖြစ်တော့ဘူး၊ ရည်းစားတစ်ယောက်လောက်တော့ ရအောင်ရှာကွာ"

လင်းထင်အပြောကြောင့် သူ့စိတ်ထဲ လွန်ခဲ့သည့် နာရီပိုင်း တုန်းက တွေ့ခဲ့ရသော သွက်လက်ချက်ချာပြီး လှပလွန်းသော မိန်းကလေးကို ပြန်မြင်မိလိုက်၏။ တွေးကြည့်ရုံနှင့်တင် တစ်ခုခုကို

www.burmeseclassic.com

www.burmeseclassic.com



သူ ကြောက်မိသလိုမျိုး ဖြစ်သွားသေးသည်။ ဆိုးရွားလိုက်တာ။

"ဟော့ကောင် သူရိန် ဘယ်လိုလဲ၊ ငါမေးနေတယ်လေ"

"ဩော်…အေး…ဘာလဲ…ပြန်မေး…ငါ မကြားလိုက်လို့"

"ဟာကွာ…မင်းကလည်း"

လှပလွန်းသည့် မိန်းကလေးမျက်နှာကို သူ့အာရုံထဲက ဖျောက်မရသေး။ အဲဒါ ဘာဖြစ်လို့ပါလိမ့်။

"ထားပါကွာ…မင်း ခု စိတ်မဝင်စားသေးဘူးဆိုရင်လည်း အဲဒီအကြောင်း မပြောတော့ပါဘူး"

မပြောတော့ပါဘူး ဆိုလိုက်မှ စောစောက မိန်းကလေး အကြောင်းကို လင်းထင်အား ပြောပြမည်ဟု စိတ်ကူးကြည့်မိ၏။ သို့သော် နောက်ဆုံးကျတော့လည်း သူမပြောရဲခဲ့။ လင်းထင်က…

"ကဲကွာ…လာ ငါတို့ လက်ဖက်ရည်ဆိုင် သွားထိုင်ရအောင်၊ ငါ့အခန်းထဲက နေ့လယ်ဆိုရင် ပူတယ်"

ထိုနေ့က လင်းထင်နှင့် လက်ဖက်ရည်ဆိုင် ထိုင်ပြီးသောအခါ သူ အိမ်ပြန်လာခဲ့သည်။ မေ့ဖျောက်မရသော မိန်းကလေး တစ်ယောက်အကြောင်းကိုတော့ မပြောပြဖြစ်ခဲ့ပါ။ သူ့အပြန်လမ်းသည် နောက်ကျိနေသည့် စိတ်မြင်းရိုင်းများ၏ ခွာသံတဖြောင်းဖြောင်းကြောင့် ဖုန်တသောသော ထနေလေသည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



***February Rain***

Although he is touched with everything,
he is a man who far with everything
He is free upper
but inside, he has the heart which is imprisoned.

www.burmeseclassic.com

www.burmeseclassic.com



*ဇေဇော်ဝါရီမိုး*

သူဟာ အရာအားလုံးနဲ့ ထိစပ်နေပေမယ့်
အမှန်တော့ အရာအားလုံးနဲ့ ကင်းကွာနေခဲ့ရသူပါ
သူဟာ အမြင်မှာတော့ လွတ်လပ်နေပါရဲ့
တကယ်က ချုပ်နှောင်ခံနလုံးသားနဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်း မ,ဟော့…ဟော့ကောင် သက်ဇော်နိုင် ရဲ့လား၊ မင်းဘက်က ဝိတ်ပိုများတယ်၊ တစ်ယောက်လောက် ဒီကိုလာပါဦး။ သက်ဇော်နိုင်ဘက်က ဝင်မ,ပေး…"

သူတို့ဘောလုံးအသင်းခေါင်းဆောင် ထွန်းထွန်းနိုင်က သည်နေ့အိမ်ပြောင်းရာ သူငယ်ချင်းအားလုံး လာရောက်ကူညီ လုပ်ကိုင်ပေးနေကြခြင်းဖြစ်သည်။

"မမ…မမ…ဟော့မမ"

နရီဟိန်း၏ ခေါ်သံကြောင့် လမ်းပေါ်မှာ ဖြတ်လျှောက်သွားသော မမတစ်ယောက်က လှည့်ကြည့်သည်။ ထိုအခါကျမှ နရီဟိန်းက…

"ဟော့ကောင် ဇော်ဗိုဗို…မပါဟ…မမ…ဂိုးသမားလုပ်ပြီး ငါ့လောက်တောင် လက်မသန်ဘူး…မမ"

ဇော်ဗိုဗိုက ကပျာကယာနှင့် နီးစပ်ရာ သံသေတ္တာတစ်လုံးကို ကောက်မသည်။ နရီဟိန်းကတော့ ဒေါက်ကုလားထိုင်တစ်လုံးကို မထားသည်။ သူတို့နှစ်ယောက်ကို လှည့်ကြည့်မိသော လမ်းပေါ်ကမမက နှုတ်ခမ်းမဲ့ပြကာ လမ်းဆက်လျှောက်သွား၏။

"ဇော်ဗိုဗို…ခု မင်း မ,ထားတဲ့ သံသေတ္တာက ထွန်းထွန်းနိုင်တို့ အိမ်ဖော်မလေးရဲ့ ထဘီတွေထည့်ထားတဲ့ သေတ္တာကွ"

www.burmeseclassic.com

www.burmeseclassic.com



အောင်သီဟက မကြည်လင်သော မျက်နှာဖြင့် ပြောလာသည်။

"ဟုတ်...ဟုတ်လား"

"ဒုန်း"

ဇော်ဗိုဗိုတစ်ယောက် လက်ထဲက သေတ္တာကို ကြောက်လန့်တကြား ပစ်ချလိုက်ရာ 'ဒုန်း' ခနဲမြည်သွားကာ ထိုအဖြစ်ကို လှေကားမှ ဆင်းလာသော ထွန်းထွန်းနိုင် ပက်ပင်းမြင်တွေ့လိုက်ပြီး...

"ဟာကွာ...သွားပါပြီ...ကုန်ပါပြီ...ဟေ့ကောင် ဇော်ဗိုဗိုမင်းက ငါ့အိမ်ပြောင်းတာကို လာကူညီတာလား၊ လာဖျက်ဆီးတာလား၊ အဲဒီသေတ္တာထဲမှာ ငါတို့ဘိုးဘွားပိုင် ရှေးဟောင်းပစ္စည်းတွေပါတယ်ကွ"

ထွန်းထွန်းနိုင် ပြောစကားဆုံးတော့ ဇော်ဗိုဗိုက အောင်သီဟကို ဘုကြည့်ကြည့်သည်။ အောင်သီဟက သူ့ကို ထဘီသေတ္တာလို့ ပြောခဲ့တာကိုး။ အောင်သီဟကတော့ ဘာမှမသိသလို ပုံဖမ်းကာ နရီဟိန်းနား တိုးကပ်သွား၏။ နရီဟိန်းက...

"ဟေ့ကောင်...ငါ့နားမလာနဲ့၊ မင်းစကားနဲ့မင်းပဲ"

ဟု ကြင်ကြင်နာနာပြောကာ စုပြုံချထားသော ပစ္စည်းပုံတွေထဲ ဟိုနှိုက်သည်နှိုက် လုပ်နေ၏။ ထိုအချိန်မှာပဲ ဇော်ဗိုဗိုက အောင်သီဟဆီ ပြေးဖမ်းရာ အောင်သီဟတစ်ယောက် အမောတကော ပတ်ပြေးလေတော့၏။

"ဟား...ဟား...ဟား"

သူ့အပါအဝင် နေရာ၌ရှိနေသည့် သူငယ်ချင်းအားလုံး ဇော်ဗိုဗိုနှင့် အောင်သီဟတို့၏ အဖြစ်ကိုကြည့်ကာ ရယ်မောလိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့မနက်ကတည်းက သူတို့အားလုံး ပစ္စည်းတွေ သယ်လိုက်ရွှေ့လိုက်၊ တစ်ယောက်ကိုတစ်ယောက် ခုလို နောက်ပြောင်ကျီစယ်လိုက်နှင့်မို့ ပင်ပန်းသည်ဟု မထင်မိကြပေ။

"ကဲ…ကဲ…သူငယ်ချင်းတို့ တစ်ခေါက်လောက်အားစိုက်လိုက်ကြဦးစို့၊ ဒီလူအုပ်နဲ့ဆိုရင် နောက် သုံးခေါက်လောက်ဆိုရင် ပြတ်ပါပြီကွာ"

ထွန်းထွန်းနိုင်က အားလုံးကို လောဆော်လိုက်သည်။ ထွန်းထွန်းနိုင်တို့ မိသားစုက လှိုင်မြို့နယ်မှာ နေထိုင်တာဖြစ်ပြီး အခု ပြောင်းရွှေ့လာသော နေရာကလည်း လှိုင်မြို့နယ်၏ ရပ်ကွက်တစ်ခု ဖြစ်သောကြောင့် မြို့နယ်တော့ ပြောင်းမသွား။ ဒါပေမယ့် ရပ်ကွက်တော့ ပြောင်းသွားပြီ။

"သူရိန်…မင်းဘက်က ရလား"

"ရတယ် လင်းထင်၊ ဒါပေမယ့် သတိထား ဖြည်းဖြည်းမ"

ခြောက်ထပ်တိုက်တစ်လုံး၏ လေးလွှာအထိ ပစ္စည်းများကို သယ်ရွှေ့ရသဖြင့် လေးလံသော ပရိဘောဂများကို သယ်ယူရာတွင် အားလုံး အထူးသတိထားကြရသည်။

ခဏကြာတော့ တိုက်အောက်လမ်းဘေးမှာ စုပုံထားသော ပစ္စည်းများကို လေးလွှာရှိ ထွန်းထွန်းနိုင်တို့၏ အိမ်သစ်ပေါ်တင်ပြီးသွားကြသည်။

"နားကြဦးကွာ…ပြီးမှ မင်းတို့ကို ငါ ထမင်းလိုက်ကျွေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျနေသေသပ်မှုမရှိသေးဘဲ ဖြစ်သလို နေရာချထားသည့် ပရိဘောဂ အစုအဝေးတွေကြား သူတို့ သူငယ်ချင်းတွေအားလုံး အဆင်ပြေသလို ထိုင်ကာနားလိုက်ကြသည်။

"အေး…ခုမှ ပြောဖို့သတိရတယ်၊ နားနေတုန်းဆိုတော့ အတော်ပါပဲ"

ဝေယံ၏စကားကြောင့် အားလုံး ခေါင်းကိုယ်စီ ထောင်သွားကြသည်။ ဝေယံက ဆက်ပြော၏။

"ဒီလိုကွ…ငါတို့ရဲ့ မဟာပြိုင်ဖက် Physics မေဂျာက ခုဆို နာမည်ကြီးနည်းပြတစ်ယောက်ကိုငှားပြီး ဘောလုံးလေ့ကျင့်နေတယ်တဲ့"

"ဒါများကွာ…ဘာမှုစရာလိုလို့လဲ၊ နေပါဦး၊ သူတို့နည်းပြက ဘယ်လို နာမည်ကြီးတာလဲ"

လက်ယျာက ဘေးမှ ဝင်မေးလိုက်သည်။

"သူတို့ကို အခုလေ့ကျင့်ပေးတဲ့ နည်းပြက ဟိုအရင် ပထမတန်းအသင်းတွေကို ကိုင်ခဲ့ဖူးတယ်တဲ့၊ သူကိုင်တဲ့အသင်းတွေ အများစုဟာ အောင်မြင်တဲ့အသင်းတွေ ဖြစ်သွားကြတာ များတယ်တဲ့"

"နေပါကွာ…ဘယ်လောက်ပဲ အောင်မြင်အောင်မြင်ပါ၊ ကျောင်းမှာရှိတဲ့ ဘောလုံးအသင်းတွေအားလုံး ငါတို့အသင်းကို မနိုင်ပါဘူးကွာ"

ဖိုးပြည့်က ခနဲ့တဲ့တဲ့လေသံဖြင့် ပြောသည်။ လင်းလင်းကလည်း…

"ဟေ့ကောင်တွေ ငါကတော့ သူတို့ ဘာနည်းပြပဲငှားငှား

www.burmeseclassic.com

www.burmeseclassic.com



မကြောက်ဘူး၊ နောက်ဆုံးကွာ သူတို့တတ်နိုင်လို့ မောင်ရင်ညိုကို ငှားဦး၊ ငါတို့အသင်းကို မနိုင်ပါဘူးကွာ''

ထိုသို့ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုမှုများကြောင့် စကားဝိုင်းက စည်ကားလာသည်။

''ဒါပေမယ့် သတိတော့ထားရမယ်ကွ၊ ဒီကောင်တွေ အသင်းက အရင်ကတည်းက ခပ်ညံ့ညံ့မှ မဟုတ်တာ၊ ခုလို နည်းပြတွေ ဘာတွေတောင် ငှားလာပြီဆိုတော့''

''အိုကွာ ဘာနည်းပြပဲငှားငှားပါ၊ အဓိက,ကတော့ လူပါကွာ၊ ဒီကောင်တွေက ဒီကောင်တွေပါပဲ''

''မဟုတ်ဘူးလေကွာ…ငါပြောတာက ငါတို့အသင်း မပေါ့ဆမိဖို့ ပြောချင်တာ''

''ငါတို့အသင်းက ကောင်းပြီးသားပဲ၊ သက်ဇော်နိုင်ရာ''

အရေးထဲ သက်ဇော်နိုင်နှင့် မင်းသွေးက ငြင်းခုံနေကြသေးသည်။ ထိုအခိုက် ထွန်းထွန်းနိုင်က ထိုင်နေရာမှ တစ်နေရာသို့ ထသွားသည်။ ပြန်လာသောအခါ သူ့လက်ထဲမှာ ဘောလုံးတစ်လုံး ပါလာ၏။ ပစ္စည်းအကြိုအကြားတွေကြားထဲက ဆွဲထုတ်လာပုံရ၏။ ထွန်းထွန်းနိုင်က သူယူလာသည့် ဘောလုံးလေးကို သူငယ်ချင်းအားလုံး၏ အလယ်ခေါင်တည့်တည့်က ကြမ်းပြင်မှာ တည်ထားလိုက်၏။ ပြီးမှ…

''မင်းတို့မှာ ဘယ်လိုသဘောထားတွေပဲရှိရှိကွာ ငါပြောချင်တာကတော့ ဘယ်ပြိုင်ဘက်ကိုမှ ငါတို့ လျှော့မတွက်ထားမိဖို့ပဲ၊ ပြီးတော့ လေ့ကျင့်မှုတွေလည်း ရှေ့လျှော့က် မပြတ်စေဘဲ ဒီထက်ပိုလုပ်ကြဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တယ်၊ နောက်တစ်ခုက စည်းစည်းလုံးလုံး ရှိနေစေချင်တာပဲ”

ထွန်းထွန်းနိုင်၏ စကားဆုံးတော့ စောစောက ငြင်းခုံနေခဲ့ကြသော သက်ဇော်နိုင်နှင့် မင်းသွေးက လက်ဝါးချင်း ဖြောင်းခနဲ ရိုက်လိုက်ကြသည်။ ပြေလည်သွားကြသည့် သဘော။ သြော်…တကယ်တော့ ထွန်းထွန်းနိုင်က သူတို့ရဲ့ အသင်းခေါင်းဆောင်ကောင်းတစ်ယောက်ပါပဲလေ။

အခိုက်အတန့်အားဖြင့် ငြိမ်သက်သွားသော သူတို့အားလုံး၏ မျက်လုံးတွေက ကြမ်းပြင်ပေါ်မှာ ငြိမ်တန့်နေသည့် ဘောလုံးကလေးဆီ ငေးစိုက်နစ်ဝင်နေမိကြ၏။

⌘

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်နောက်ပစ်ပါ
ခေါင်းကလေးမော့ပါ
တခစ်ခစ်ရယ်ပါ
ဒီမှာတော့ တေးမျှော်ပုခက်ထဲ
အိပ်မက်တွေ သွေးထွက်သံယိုဖြစ်ခဲ့ပြီ။

(မိုးစမ္…)
(၂၀၀၅ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

www.burmeseclassic.com

www.burmeseclassic.com



သာယာကြည်လင်မှုရှိသည့် ကောင်းကင်အောက်တွင် ကျောင်းဝင်းကြီးက ကျောင်းသား၊ ကျောင်းသူတွေ၏ လှုပ်ရှားမှု ပုံရိပ်အမျိုးမျိုးကြောင့် နိုးထကြွမြိုင် ရှိနေသလား မှတ်ထင်ရ၏။ သူက မြန်မာစာအဆောင်ဘေး လမ်းလေးပေါ် တစ်ယောက်တည်း အေးအေးလူလူ လမ်းလျှောက်လာခဲ့သည်။

"ဟင်"

သူနှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာသော မိန်းကလေးတစ်ယောက်ကို တွေ့တော့ သူ အံ့အားသင့်မိသွားသည်။ ဟိုတစ်နေ့က ကောင်မလေးပါလား။ လက်စသတ်တော့ သူကလည်း ဒီကျောင်းကပဲကိုး။

မိန်းကလေးကလည်း သူ့လိုပင် တစ်ယောက်တည်းဖြစ်ကာ သူ့လိုပင် သူ့ကို မြင်တွေ့သွားခဲ့၏။ အကြည့်ချင်း ခဏဆုံမိချိန်တွင် သူကြာကြာမကြည့်ရဲဘဲ အကြည့်ကို ပြန်ရုပ်လိုက်၏။ မိန်းကလေးက သူ့ကိုမြင်တော့ ထူးထူးခြားခြား ပြောင်းလွဲမသွား။ ပုံမှန်အတိုင်းပင်။ နောက်တော့ သူလည်း သူ့လမ်းသူလျှောက်၊ မိန်းကလေးကလည်း သူ့လမ်းသူလျှောက်၊ ရိုးရိုးကလေးပင် ပြီးဆုံးသွား၏။ မပြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



သေးဘဲ ကျန်ရစ်နေခဲ့တာက သူ့ရင်ဘတ်ထဲက ရင်ခုန်ဖုံသံတွေ…။

မိန်းကလေးရှိရာဘက်သို့ သူနောက်ပြန်လှည့်ကြည့်လိုက်သော အခါ မိန်းကလေးက သူနှင့်အတော်ဝေးဝေးသို့ပင် ရောက်ရှိလို့သွားခဲ့ပြီ။

◉

"ဘာ…သူရိန်…အချစ် ဟုတ်လား"

ယုယသွယ်အသံက အတန်ငယ် ကျယ်လောင်သွား၏။

"တိုးတိုးပြောပါဟ ယုယရ"

ယုယသွယ်ကို ကမန်းကတန်း လက်ကာပြရင်း ပတ်ဝန်းကျင် ကို သူ ပျူးပျူးပြာပြာ ဝေ့ပတ်ကြည့်မိသည်။ တော်သေးသည်။ သူတို့ကို ဘယ်သူကမှ စိတ်ဝင်စားမှုမရှိ။

အကြည့်ကို ယုယသွယ်ဆီ ပြန်ရွှေ့လိုက်တော့ မယုံကြည်နိုင် သော မျက်နှာထားနှင့် သူ့ကိုစိုက်ကြည့်နေသည့် ယုယသွယ်အား တွေ့ရ၏။

"ငါမေးတာဖြေဦးလေ ယုယရဲ့၊ အဲဒီလို ကြည့်မနေနဲ့"

သူ့စကားဆုံးတော့ ယုယသွယ်က ဟူးခနဲ သက်ပြင်းချသည်။ ပြီးမှ…

**"နင်မေးတဲ့မေးခွန်းကို ငါမဖြေနိုင်ဘူး သူရိန်၊ အေး…ငါမှ မဟုတ်ဘူး ဒီမေးခွန်းကို တိတိကျကျ ဖြေနိုင်တဲ့သူဟာ ဒီကမ္ဘာမှာကို တစ်ယောက်မှ ရှိဦးမှာမဟုတ်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ နင့်မေးခွန်း က အချစ်ဖြစ်နေလို့"**

ပြောပြီးပြီးချင်း ယုယသွယ်ပုံစံက အလွန်အမင်း မောပန်းသွား

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်လို ဖြစ်သွားကာ ရှေ့မှအအေးခွက်ကို စိတ်မပါစွာ ကောက်မော့၏။

သူက တခြားဝိုင်းမှာထိုင်နေသော ကျောင်းသား၊ ကျောင်းသူ စုံတွဲတစ်တွဲအား အမိပွာယ်မဲ့စွာ လှမ်းငေးမိသည်။ သူငေးနေစဉ်မှာပဲ ထိုစုံတွဲက တစ်ယောက်တစ်လှည့် လက်ဖက်သုပ်ခွံ့ကျွေးနေတာနှင့် ကြုံ၏။

သူ အကြည့်ကို ပြန်လွှဲလိုက်သည်။

"သူရိန်…နင် အခု အဲဒီကောင်မလေးနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားနေရလဲ"

"ငါ့စိတ်ထဲမှာ သူ့မျက်နှာလေးက အမြဲရှိနေတယ်…ငါ"

သူက ပြောသင့်မပြောသင့် ဇဝေဇဝါဖြစ်နေသေးသည်။ ဒါကို မြင်တော့ ယုယသွယ်က…

"ဟဲ့…ပြောလေ၊ နင်မပြောရင် ငါက ဘယ်လိုလုပ်ပြီး အကြံပေးနိုင်မှာလဲ"

မကြုံစဖူး ယုယသွယ်ရှေ့မှာ သူ ခံစားချက်တွေ ပြောရမှာကို ရှက်ရွံ့နေမိသည်။

"ငါ…ငါလေ…သူ့ကို နောက်တစ်ခေါက် ထပ်တွေ့ချင်တယ်ဟာ"

"နင် သူ့အတန်းကို သိလား"

"ဟင့်အင်း မသိဘူး"

"သူ့နာမည်ကော"

"ဟင့်အင်း…နင့်ကို ငါ သူနဲ့တွေ့ခဲ့တာတွေ ပြောပြီးပြီ လေ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟ...ငါက သေချာအောင် မေးတာပါ"

ယုယသွယ်မျက်နှာက အကြံရခက်နေဟန် ရှိသည်။

"ထားပါ...ဒီဒဂုံတက္ကသိုလ်မှာပဲဆိုတော့ ပြန်ဆုံဦးမှာပါ၊ င်သူနဲ့ နောက်တစ်ခေါက်ပြန်ဆုံရင် ဘာလုပ်မလဲ"

"ဟင့်အင်း...မသိဘူး"

"ဟာ...သူရိန်ရာ၊ နင်နဲ့တော့ ခက်နေပြီ၊ တစ်ခုခုတော့ လုပ်ရမှာပေါ့ဟ"

သူ့ကို ယုယသွယ်က အားမလို အားမရဟန်ဖြင့် ပြောသည်။

"နင် သူ့ကို စကားလိုက်ပြောကြည့်ပါလား"

"အာ...ငါကြောက်တယ်ဟ"

သူ့ရင်ထဲမှာ ကြောက်စိတ်တစ်ခုက ချက်ချင်းဖြတ်ပြေးသွားသည်။ ဟင့်အင်း...စကားလိုက်ပြောဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူ ခေါင်းကို တွင်တွင်ခါနေမိ၏။

"ခက်တယ်ဟာ...နင်က အစကတည်းက မိန်းမတွေကို ကြောက်နေတဲ့ကောင်...ခုလိုဆိုတော့ ပိုဆိုးတာပေါ့"

သူ့ကို ယုယသွယ်က သနားကြည့်ဖြင့် ကြည့်သည်။ နောက်...

"ဒါဆိုရင် နင်ဘာဖြစ်ချင်သလဲ သူရိန်"

"ငါသူ့ကို ထပ်တွေ့ချင်တယ်၊ ဒါပါပဲ ဒီထက်မပိုဘူး"

"ဒီလိုမျိုး တစ်ခါလောက် တွေ့ဖူးတာနဲ့ နောက်ထပ်တွေ့ချင်နေတဲ့ မိန်းကလေး နင့်ဘဝမှာ ဘယ်နှစ်ယောက်ရှိခဲ့ဖူးလဲ"

ယုယသွယ်၏ အမေးကြောင့် သူ တွေးတွေးဆဆ ဖြစ်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ယောက်တည်း မဟုတ်လား"

သူ့မျက်နှာကိုကြည့်ပြီး ယုယသွယ်က ပိုင်နိုင်စွာပြော၏။ သူက စကားချက်ချင်းမပြန်နိုင်ဘဲ စက္ကန့်အနည်းငယ် ငြိမ်သက်နေပြီးမှ…

"မဟုတ်ဘူး"

ယုယသွယ်မျက်နှာ ကွက်ခနဲပျက်သွား၏။ ထို့နောက် ဟန်မဆောင်နိုင်လွန်းစွာဖြင့်…

"သူရိန် နင် ငါ့ကို အခုကောင်မလေးကလွဲရင် တခြားကောင်မလေးအကြောင်း မပြောပြခဲ့ဖူးဘူးနော်"

သိလိုစိတ်ပြင်းပြနေပုံမျိုး ယုယသွယ် သူ့ကိုကြည့်သည်။ သူက ယုယသွယ်ကို ပြုံးပြလိုက်မိ၏။

"နင် အပြစ်တင်ရင်လည်း ခံရမှာပဲ၊ ဒါပေမယ့် တစ်မျိုးတော့ ထေင်နဲ့ဟာ၊ ဒီလိုဟာ…"

သူ စကားကို မဆက်သေးဘဲ ခဏရပ်ပြီး ယုယသွယ်ကို ကြည့်တော့…

"ပြောလေဟာ…ဘယ်နှစ်ယောက်ရှိခဲ့ဖူးလဲ"

"နှစ်ယောက်…ဟုတ်တယ် ယုယ…ငါ့ဘဝမှာ တစ်ခါတွေ့ဖူးရုံနဲ့ နောက်ထပ်တစ်ခါ ထပ်တွေ့ချင်တဲ့ မိန်းကလေးနှစ်ယောက်ရှိတယ်၊ တစ်ယောက်က ခု နင့်ကိုပြောပြတဲ့ တစ်ယောက်"

စောစောက လက်ဖက်သုပ်ခွံ့ကျွေးနေကြသော ကျောင်းသား၊ ကျောင်းသူစုံတွဲဆီ သူ့အကြည့်က ထပ်ရောက်သွားသည်။ ခုတော့ ထိုစုံတွဲက MP3 Player ဖွင့်ကာ နားကြပ်ကို တစ်ယောက်တစ်ခု တပ်ဆင်၍ နား ထောင်နေကြတာ တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ယောက်ကကျတော့ သူ့ရုပ်ကိုတောင် ငါ မမြင်ဖူးခဲ့ပါဘူး"

"ဘာ...သူ့ရိုန်...ရုပ်မမြင်ဖူးဘူး...ဟုတ်လား"

ယုယသွယ်က တအံ့တသြ မေးခွန်းထုတ်သည်။

"ဟုတ်တယ် ယုယ၊ သူဟာ လမ်းလျှောက်ရင်း ငါနဲ့ထက်ချင်းမတော်တဆ ထိမိခဲ့တယ်၊ အဲဒီအထိကလေးကြောင့် ငါသူ့ကို စိတ်ဝင်စားမိလိုက်တာ၊ ဒါပေမယ့် သူနဲ့ငါနဲ့ဟာ ဆန့်ကျင်ဘက်အရပ်တွေကို သွားနေကြတော့ ငါ သူ့ကို ပြန်လှည့်မကြည့်ခဲ့တော့ဘူး၊ ဒါပေမယ့် ငါ့ဘဝမှာ သူဟာ ငါနောက်တစ်ခါ ထပ်ဆုံတွေ့ချင်တဲ့ထေမဆုံး မိန်းကလေးပဲ"

ယုယသွယ် သူ့ကိုကြည့်ကာ သက်ပြင်းချ၏။ နှုတ်မှလည်း "နှင်ကတော့ ဖြစ်ရမယ်"ဟု ပြောသည်။

ရှေ့မှချထားပြီး ယခုထက်ထိ ကောက်မကိုင်ဖြစ်သေးသည့် ထက်ဖက်ရည်ခွက်ကို သူ တစ်ကျိုက်မော့လိုက်၏။ ပြီးတော့ စောစောက MP 3 နားထောင်နေသော စုံတွဲဆီကြည့်လိုက်တော့ မရှိကြတော့။ ဘယ်အချိန်ကတည်းက ထွက်သွားသလဲတောင် မသိလိုက်။ ယုယသွယ်ကတော့ သူ့ကိုကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်နေလေတော့၏။

⌘

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေ အလွန်အမင်း မွန်းကြပ်တစ်ဆို့နေသည်။

သူ့ခြေလှမ်းတွေ မှန်ဖို့အတွက်ပင် သူမနည်းအားထုတ်နေရ၏။ ဖြစ်နိုင်ရင် တစ်နေရာရာကို စွတ်ရွတ်ထွက်ပြေးလိုက်ချင်သည်။

"အံမယ်…စာအုပ်လေးက ခြေလှမ်းသွက်သားပဲ"

"အေးဟယ်…သူ့ကိုယ်သူ လမ်းလျှောက်ပြိုင်ပွဲ ဝင်နေတဲ့ သူလို့ ထင်နေလားမသိပါဘူး"

Chemistry မေဂျာမှ ဗရုတ်ကျသော မိန်းကလေးအဖွဲ့က သူ့နောက်မှ လိုက်လာနေကြသည်။ တစ်ဖွဲ့လုံးက သူ့ကို အမျိုးမျိုး နောက်ကနေ စပြီး လိုက်လာကြခြင်းဖြစ်သောကြောင့် သူအနေရခက်နေ မိ၏။

"ဟိုတစ်ခါတုန်းက စာအုပ်ကို လုပြေးတယ်၊ ဒီတစ်ခါ တော့ သူ့ဆီက ငါတို့ပိုင်းလုကြမယ်"

"ဝေး…ဟုတ်တယ်ဟေ့"

တစ်ဖွဲ့လုံး သံပြိုင်အော်ဟစ်လိုက်သံကြောင့် အလိုလိုနေရင်း သူ့အားအင်တွေ ဖြည်းဖြည်းချင်း ယုတ်လျော့ကုန်ခမ်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"နေကြဦးဟ…ဒီကောင့်မှာ ငါတို့လုရလောက်အောင်လည်း ဘာမှထူးခြားတာ မရှိဘူး"

ထိုစဉ် တစ်ယောက်က ဖြတ်ပြော၏။

"ငါတို့ မှားပြီနဲ့တူတယ်…ဒီကောင်က ငမွဲပဲကွ"

"ဟား…ဟား…ဟား…ဟား"

သူ့နောက်ကနေ အုံနဲ့ကျင်းနဲ့ ဝိုင်းဟားတိုက်ကြ၏။

"နင်တို့ကလည်းဟယ် အဲဒီလောက်လည်း မစကြပါနဲ့"

ဒါကို နောက်တစ်ယောက်က ဝင်မေး၏။

"ဘာဖြစ်လို့လဲဟ"

"တစ်ကျောင်းတည်းတက်တဲ့ သူတွေပဲဟာ…ညှာတာကြမှပေါ့"

"ငါတို့က ဘယ်လိုညှာတာရမှာလဲ"

"ငမွဲလို့ မခေါ်ကြနဲ့ဟာ…သူ့ကို စာအုပ်လေးလို့ ဝိုင်းခေါ်ကြမယ်"

"အေး…အဲဒါကောင်းတယ်"

"ကဲ…တစ်…နှစ်…သုံး"

"ငမွဲ"

---

သည်တစ်ခါလည်း တဟားဟားနှင့် ရယ်မောသံတွေ ညံစီလို့သွားပြန်သည်။

သူ အဆာမတန် မောဟိုက်နေပြီ။ သူ့အသက်ရှူသံတွေက တစ်စထက်တစ်စ ပြင်းထန်လာနေ၏။ ကတုန်ကယင်ဆိုသော ဝေါဟာရ

www.burmeseclassic.com

www.burmeseclassic.com



ကို သူအကုန်အစင် ပိုင်ဆိုင်ခွင့်ရပြီ။ ချွေးစေးတွေက သူ့ခန္ဓာကိုယ်အနှံ့ ပျံ့စီးလို့...။

"ဟော့...ရှေ့က ငမွဲလေး...လမ်းကို သတိထားလျှောက် နော်၊ တော်ကြာ ဟိုတစ်ခါတုန်းကလို အုတ်နီခဲဝင်တိုက်မိနေဦးမယ်"

**ဒရုံတဏှာသို့လိတ်တစ်နေရာတွင် ခပ်သွက်သွက်လမ်း လျှောက်နေသော သူ့နောက်သို့ ကျောင်းသူတစ်သိုက်က လိုက်လံ နောက်ပြောင်၍ အော်ဟစ်ဟားတိုက်ကြပုံမှာ လက်ရာကောင်း သည့် ကာတွန်းဆရာတစ်ယောက်အတွက် ထူးထူးခြားခြား ရုပ်ပြောင်ပုံများစွာ ရေးဆွဲဖြစ်သွားနိုင်ပါသည်။**

"ကဲဟော့...ဒီတစ်ခါ ငမွဲလေးကို...အဲ...မဟုတ်ဘူး... စာအုပ်လေးကို ခြေလှမ်းမမှားအောင် စည်းဝါးပေးလိုက်ကြမယ်"

ဘုရားရေ...သည်နေ့ကျမှ သည်လမ်းက ဘာဖြစ်လို့ သည် လောက်ရှည်နေရတာလဲ။ အနီးဆုံးကင်တင်းကိုရောက်ဖို့တောင် ဓာတ်တိုင် ခြောက်တိုင်စာလောက်တော့ အသာကလေး လျှောက်ရဦးမည်။ သူ့ နောက်မှ အဖွဲ့ဆီက အသံတွေဆက်တိုက် ထွက်လာနေ၏။

"ဘယ်...ညာ...ဘယ်...ညာ"

"ဘယ်...ညာ...ဘယ်...ညာ"

ခြေလှမ်းတွေ မမှားအောင်ဟု ဆိုသော်လည်း တကယ်တမ်း တွင်မူ ထိုဘယ်ညာစည်းချက်သံကြောင့် သူ့ခြေလှမ်းတို့ မှားစပြုပြီ။

"ဘယ်...ညာ...အဲ မဟုတ်ဘူး၊ ဘယ်ပဲ"

"ဘယ်...ညာ...ညာ...ဘယ်...အို...မှားလျှောက်နေ ပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူ ခြေလှမ်းတစ်ခါမှားလိုက်တိုင်း နောက်မှအဖွဲ့က ဝါးခနဲ တစ်ခါရယ်ကြသည်။ ပြီးတော့ ဘယ်ညာတိုင်ပင် ဆက်အော်သည်။

"ဘယ်…ညာ…ဘယ်…ညာ"

ထိုသို့ဖြင့် ထစ်အထစ်အလျှောက်လာနေရင်း လမ်းဘေးတစ်နေရာမှာ မတ်တပ်ရပ်၍ သူ့အဖြစ်ကို ငေးမောနေသည့် ကျောင်းသူတစ်ဦးကို တွေ့လိုက်ရသောအခါ ထိန်းချုပ်မှုမဲ့စွာဖြင့် တစ်စုံတရာကို သူ လုပ်ဆောင်လိုက်မိ၏။

"ဟို…ဟိုလေ ကျွန်တော့်ကို မှတ်မိလား"

သူ့အပြုအမူက ဗြုန်းစားကြီးဖြစ်သွားရာ ကျောင်းသူမလေးပါမက သူ့နောက်က အင်မတန်ဗရုတ်ကျသည့် အဖွဲ့ပါ အခိုက်အတန့်အားဖြင့် ကြောင်တက်တက် ဖြစ်သွားကြသည်။

"ရှင်…ရှင်က"

လှပသော်လည်း ဝေခွဲမရနိုင်သော မျက်ဝန်းများဖြင့် ကျောင်းသူမလေးက သူ့ကိုစူးစမ်းကြည့်ကာ မေးလိုက်လေ၏။

⊙

အခုလိုကျပြန်တော့လည်း ကမ္ဘာကြီးဟာ နေချင်စရာ ကောင်းလွန်းနေပြန်သည်။ ဘယ်နေရာမှာမှ စိတ်ရှုပ်ထွေးမှုတွေ မရှိ။ စောစောက မွန်းနစ်ခဲ့သမျှအားလုံး လေတိုက်၍ လွင့်သွားသည့် ပဝါပါးကလေးလို လွင့်မျောသွားပြီ။

"ရှင်က တွေ့လိုက်ပြီဆို ပြဿနာတစ်ခုမဟုတ် တစ်ခုကတော့ ရှင်နဲ့အတူ ရှိပြီးသားပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



'ပြဿနာမရှိတဲ့နေ့မှာတွေ့တော့ မမှတ်မိဘူးမဟုတ်လား' ဟု သူ့စိတ်ထဲမှ ပြန်ပြောမိသည်။ လက်တွေ့မှာတော့ မပြောဖြစ်။

"နေပါဦး…အဲဒီနေ့က ဟိုကောင်လေးအိမ်ကို ပြန်လိုက်ပို့တာ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်…ကောင်လေးမိဘတွေက ကျွန်တော့်ကို လက်ဖက်ရည်တောင် အတင်းတိုက်လွှတ်လိုက်သေးတယ်"

ရူပဗေဒပညာရှင် အိုင်းစတိုင်း၏ ရီလေတီဗီတီသီအိုရီ Relativity theory ကို သူအနည်းငယ် နားလည်သလို ရှိလာသည်။ ကြည့်လေ။ မိန်းကလေးတွေနှင့် ပြောဆိုဆက်ဆံရတာကို လွန်မင်းစွာ ကြောက်ရွံ့တတ်သော သူ့ကို Chemistry မေဂျာမှ ဗရုတ်ကျသည့် မိန်းကလေးအုပ်စုက လိုက်နှောက်ပြောင်သည်။ ထိုအခါက သူက ထုံးစံအတိုင်း ကြောက်ရွံ့မြဲကြောက်ရွံ့ခဲ့သည်။

လက်ရှိ စကားပြောနေသော မိန်းကလေးကိုလည်း ဟိုအရင်က သူကြောက်ရွံ့ခဲ့ဖူးသည်။ သို့သော် အခုတော့ အရင်လောက် သိပ်မကြောက်တော့ပြန်။

သဘောကတော့ စောစောက မိန်းကလေးတွေက အုပ်စုတောင့်ခြင်း၊ အပြောင်အနောက် သန်ခြင်းတွေကြောင့် သူ့ကြောက်စိတ်တို့ မြင့်တက်ခဲ့ရသည်။ သို့ရာတွင် ယခု မိန်းကလေးကတော့ တစ်ယောက်တည်းဖြစ်နေခြင်း၊ သူ့အနေအထိုင်ခက်အောင် ပြောင်လှောင်မည့်သူမဟုတ်တာ သေချာခြင်းတို့ကြောင့် အရင်ရက်တွေတုန်းကလို သည်မိန်းကလေးကို သူ့အနေနှင့် ကြောက်အားမပိုမိတော့ခြင်းပင်။

"ရှင်က ဘယ်မေဂျာကလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အီးမေဂျာ…သူရိန်ဆိုတဲ့ နာမည်ပြောလိုက် မသိတဲ့လူက ခပ်များများရယ်"

သူ့စကားကြောင့် မိန်းကလေးက ပြုံးသည်။ ထို့နောက် ချက်ချင်းပင်…

"ဟင်…နာမည်က သူရိန်လို့လည်း မှည့်ထားသေးတယ်၊ စောစောက ကောင်မလေးတွေ ဝိုင်းစတော့ ကြောက်နေလိုက်တာ တုန်လို့ပဲ"

"ဟိုလေ…ခင်ဗျားကရော…ဘယ်မေဂျာကလဲ"

"ကျွန်မက Zoo မေဂျာက…အင်း…ကျွန်မနာမည် အေးနွယ်ဇင်"

စကားဆုံးတော့ သူက မျက်မှောက်တစ်ချက်ကုပ်ကာ…

"ခင်ဗျားလည်း ဘာထူးလို့လဲ"

"ဘာကိုလဲ"

"ဒီလိုလေ နာမည်ကသာ အေးနွယ်ဇင် လူကတော့ အေးတဲ့ပုံမပေါက်ဘူး"

သူ့အပြောကြောင့် အေးနွယ်ဇင်ဆိုသော မိန်းကလေး အနည်းငယ် စိတ်ဆိုးသွားပုံရ၏။

"အံမာ…စောစောက အဖွဲ့နဲ့တုန်းကတော့ ကုတ်နေပြီးတော့ ခုကျမှ စကားတွေ သိပ်တတ်နေတယ်ပေါ့"

သူ ပြုံးမိလိုက်သည်။

စိတ်ထဲမှာလည်း Chemistry မေဂျာက နောက်ပြောင်တတ်သော မိန်းကလေးအဖွဲ့ကို ကျေးဇူးတင်လိုက်မိသည်။ သူတို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူစိတ်ဝင်စားနေသည့် မိန်းကလေးနှင့် ခုလိုစကားတွေ ရဲရဲတင်းတင်း ပြောခွင့်ရတာမဟုတ်လား။

ကောင်းကင်ဆီ သူ မော့ကြည့်လိုက်တော့ တိမ်တွေက အသားတကျ တောက်ပနေကြလေ၏။

⌘

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း"

လင်းထင်နှင့်သူ လက်ဝါးချင်းရိုက်လိုက်ကြသည်။ လင်းထင်က အခုပဲ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းလိုက်တာကြောင့်ဖြစ်၏။

ထုံးစံအတိုင်း တစ်ပတ်တစ်ခါ ကန်နေကျ ချိန်းပွဲတစ်ပွဲပေမယ့် အခုပွဲက အရေးပါသည်။ အရေးပါသည်ဟု ဆိုရခြင်းက အခြားကြောင့်မဟုတ်။ တစ်ဖက်အသင်းက သူတို့နှင့်ကစားတိုင်း သူတစ်ပြန်ကိုယ်တစ်ပြန်ရှိသည့်အသင်း။ ပြီးတော့ မဟာဗြိုင်ဖက် Physics မေဂျာအသင်းဖြစ်နေခြင်းကြောင့်ပင်။

ပထမပိုင်း ပြီးဆုံးကာနီးတွင် Physics မေဂျာအသင်းကို သူတို့တစ်ဂိုးပြန်ပေးလိုက်ရသည်။ ထိုဂိုးပေးလိုက်ရခြင်းကြောင့် အရှုံးအနိုင်သည် မပြတ်သားသေး။ ထို့ပြင် Physics မေဂျာက ဟိုအရင်လိုမဟုတ်ဘဲ နည်းစနစ်ပိုင်းရော သင်းလုံးကျွတ်အင်အား Team Work အရရော အရင်ထက် အများကြီးကောင်းမွန်တိုးတက်လာတာ တွေ့ရ၏။ သို့ရာတွင် တစ်ဦးချင်းစွမ်းရည် Individual Skill မှာတော့ သူတို့အသင်းကို Physics မေဂျာအသင်းက မမီသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ Physics မေဂျာအသင်းသည် အစကတည်းက ထက်မြက်ပြီးသား အသင်းတစ်သင်းဖြစ်ရာ ယခုလို အတွေ့အကြုံရှိပြီးသား နည်းပြတစ်ယောက်ရှိလာသောအခါ ပိုမို၍စနစ်ကျလာသည်မှာ အဆန်းတကြယ်တော့မဟုတ်။

"ဒီကောင်တွေအသင်း တော်တော်တိုးတက်လာတာတော့ အမှန်ပဲ"

နရီဟိန်းက ချွေးစက်တွေကို လက်ကိုင်ပဝါနှင့် သုတ်ကာ ပြောလိုက်သည်။

"ဒုတိယပိုင်းမှာ ငါတို့တင်ကစားဖို့လိုမယ်"

အသင်းခေါင်းဆောင် ထွန်းထွန်းနိုင်၏ မှတ်ချက်ပြုစကား။ သက်ဇော်နိုင်ကလည်း...

"အခု ပထမပိုင်းပွဲပြီးခါနီးမှာ ဒီကောင်တွေ ကစားကွက် သိသိသာသာကောင်းလာတာ သတိထားမိလား၊ ငါတို့ ဂိုးတောင် ဆေးလိုက်ရတယ်"

"ဟုတ်တယ်...ဒုတိယပိုင်းမှာ ငါတို့အကောင်းဆုံး ကစားပြဖို့ လိုအပ်နေပြီ"

လက်ယျာ၏အသွင်က တိုက်ပွဲဝင်စစ်သူကြီး တစ်ယောက်၏ အသွင်မျိုး။

"ကဲ...အားလုံး ဘာမှမပြောနဲ့တော့၊ အနားယူတော့...ဒုတိယပိုင်းမှာ အကောင်းဆုံးဘယ်လို ကစားကြမယ်ဆိုတာပဲ အာရုံထားကြတော့"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းနိုင်၏ စကားဆုံးတော့ သူတို့အားလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်သွားကြတော့သည်။

ဒုတိယပိုင်း ပြန်စတော့ ပွဲက ထင်တာထက်ပိုသွက်လာကာ ပိုလည်းကြမ်းလာ၏။ နှစ်သင်းစလုံးက ဖွင့်ကစားကြခြင်းကြောင့် ကြည့်လို့လည်းပိုကောင်းသည်။ သို့သော် ဒုတိယပိုင်း မိနစ်အတော်ကြာသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြသေး။

ပွဲကစားချိန် မိနစ် ၇၀ တွင် သူတို့ရှေ့တန်းကစားသမား အောင်သီဟအား Physics မေဂျာမှ နောက်တန်းကစားသမားတစ်ယောက်က ကြမ်းတမ်းစွာ ဖျက်ထုတ်လိုက်ရာ အောင်သီဟမှာ လုံးဝပြန်မထနိုင်လောက်အောင် ခြေသလုံးကြွက်သား ဒဏ်ရာရသွားခဲ့၏။

အောင်သီဟနေရာတွင် အလယ်တန်းကစားသမား လင်းထင်ကို ရှေ့တက်ကစားစေပြီး လင်းထင်နေရာတွင် မင်းသွေးကိုအစားထိုးလိုက်ရ၏။

"သူရိန်…မင်းသတိထားနော်၊ စောစောက အောင်သီဟကို ဖျက်ထုတ်လိုက်တဲ့ကောင်က လူတမင်ချတာ"

ရှေ့တက်လာသော လင်းထင်က သူ့ကို စိုးရိမ်စိတ်နှင့် သတိပေးသည်။ တကယ်တော့ သူက ဒါကို အစောကြီးကတည်းက သိထားပြီးဖြစ်သည်။ ကွင်းလယ်ဒိုင်ကလည်း ဘာကြောင့် ထိုနောက်တန်းကစားသမားကို အဝါကတ်ပြားပြဖို့ မဆုံးဖြတ်ရတာလဲ။ သူ လင်းထင်ကို ခေါင်းညိတ်ပြလိုက်၏။ ထိုအချိန်မှာပဲ သူ့အနားကို ထိုနောက်တန်းကစားသမားက တိုးကပ်လာ၏။

မိနစ် ၇၀ ကျော်ရုံလောက်တွင် Physics မေဂျာမှ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို နောက်ထပ်ဂိုးတစ်ဂိုး ထပ်သွင်း၏။ Physics မေဂျာသည် ထိုအနိုင်ဂိုးသွင်းပြီးသည့်နောက်တွင် ကစားကွက်ပြောင်းပစ်လိုက်သည်။ သူတို့အသင်းအား ပိတ်ဆို့ကစားတော့၏။ ထို့ကြောင့် ပွဲက ပြိုင်ဆိုင်မှု မိုမိုပြင်းထန်လာသည်။

တစ်ကြိမ်တွင် ဘောလုံးက သူ့ဆီရောက်လာရာ အတင်း ပိတ်ဆို့နေသည့် တစ်ဖက်နောက်တန်းကစားသမား နှစ်ဦးအား တိုးတိုက် ဆွဲပြိုင်ရင်း ဘောလုံးကိုဆွဲအပြေး...

"အိုး"

သူ့ခန္ဓာကိုယ်က ဘောလုံးကွင်းမြက်ခင်းပြင်ပေါ် လဲကျလွင့် စင်ကာ လိမ့်ထွက်သွား၏။ လင်းထင် စောစောလေးက သတိထား ခိုင်းခဲ့သည့် နောက်တန်းကစားသမားက သူ့ကို ပစ်တိုက်လိုက်တာပဲဖြစ် ၏။ ထို့အတွက် သူတို့ ပြစ်ဒဏ်ဘောရသည်။ နောက်ပိုင်းတွင် သူ့ဆီ ဘောလုံးရသည်နှင့် ထိုနောက်တန်းကစားသမားက သူ့အား ခပ်ကြမ်း ကြမ်း ပစ်တိုက်နေတတ်သောကြောင့် ဘောလုံးကို ကိုင်မထားရဲဘဲ တခြားတစ်ယောက်ဆီ သူ မြန်မြန်လှမ်းပို့နေရတော့၏။

"မင်း...နုသေးတယ် သူရိန်"

မထီတရီကြည့်ပြီး သူ့ကိုပြောလိုက်သည့် အသံကြောင့် သူ လှည့်ကြည့်လိုက်တော့ သူ့ကို ခပ်ညစ်ညစ် ဖျက်ထုတ်နေသည့် Physics မေဂျာမှ နောက်တန်းလူကို တွေ့လိုက်ရသည်။ သူက တစ်စုံ တစ်ခုပြန်ပြောမည်အလုပ် ထိုသူက ကွင်းလယ်သို့ ပြေးတက်သွားသဖြင့် သူ ဘာမှပြန်မပြောလိုက်ဖြစ်။

ထိုသို့ဖြင့် ပွဲပြီးချိန်က တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲမှာ တစ်ဖက်သတ် ပိုဆန်လာကာ သူတို့အသင်းက ဘောလုံးပိုင်ဆိုင်မှု တောက်လျှောက်ရရှိလာသည်။ ထို့အတူ Physics အသင်းကလည်း ဂိုးမပေးရရေးအတွက် အဖျက်စနစ်ကို ဦးစားပေး ကစားလာသည်။

"ရှော့…သူရိန်"

လင်းထင်၏ ထောင့်ဖြတ်ကန်တင်လိုက်သော ဘောလုံးက သူ့ဆီ တန်းတန်းမတ်မတ် ပြုတ်ကျလာသည်။ ဘောလုံးကို ရင်ဘတ်ဖြင့် ထိန်းလိုက်ချိန်တွင် သူ့ကို တောက်လျှောက် Marking ကပ်ကစားနေသော ခပ်ညစ်ညစ် နောက်တန်းကစားသမားကို ရိပ်ခနဲ သူမြင်လိုက်ရသည်။ ဘောလုံးက သူ့ရင်ဘတ်ပေါ်မှတစ်ဆင့် မြေပြင်မြက်ခင်းပေါ်ကျသွားခိုက် သူ့ကို ထိုနောက်တန်းကစားသမားက အသားလွတ်ဆောင့်တိုက်၏။

"အား…"

နာကျင်ရှုံ့ရှုံ့စွာ အော်လိုက်သော အသံက ကွင်းထဲမှာ ရုတ်တရက် ပေါ်ထွက်လာ၏။

သူ့ကို အသားလွတ်ပစ်တိုက်လာသည့် နောက်တန်းကစားသမားမှာ မြက်ခင်းပေါ်မှာ လူးလွန့်ညည်းတွားလျက် ရှိသည်။ အားကုန်ပြေးဆောင့်လာသည့် နောက်တန်းကစားသမား၏ နံကြားထဲသို့ သူ့တံတောင်က ဝင်သွားခဲ့သည့်အတွက် အခုလိုရလဒ်ပေါ်ထွက်လာတာဖြစ်၏။ အခုရလဒ်ကြောင့် သူ့ကို ကွင်းလယ်ဒိုင်က အဝါကတ်ပြားပြကာ ဒဏ်ရိုက်သည်။ သို့ရာတွင် သူ့ကြောင့် လဲကျသွားသော ခပ်ညစ်ညစ်နောက်တန်းကစားသမားခမျာ ဆက်လက်မကစားနိုင်တော့ဘဲ လူစားလဲလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူစားမလဲလှယ်ခင် အကူတစ်ယောက်ကိုမှီပြီး နံကြားကို လက်ဖြင့်ဖိကာ ကွင်းထဲမှ ထွက်သွားသော နောက်တန်းကစားသမားက သူ့အား အခဲမကျေသည့် အကြည့်ဖြင့်ကြည့်သွားတာကို သူက မြင်ဖြစ်အောင် မြင်လိုက်ရသေးသည်။

ထိုနောက်တန်းကစားသမားအား အခြားတစ်ယောက်နှင့် လူစားလဲလှယ်ပြီးသည့်နောက်တွင် သူတို့အတွက် ကစားရတာ ပိုမိုလွယ်ကူလာသည်။ လွယ်ကူလာသည်နှင့်အမျှ ပွဲကလည်း ပြီးဆုံးလုပြီးဆုံးခင်။

အသည်းအသန် အခြေအနေအောက်တွင် မထင်မှတ်ဘဲ ဂိုးသွင်းခွင့်ရလိုက်သူကတော့ သူတို့အသင်းက မင်းသွေး။

မင်းသွေးက အောင်သီဟ ထွက်သွားပြီးမှ လူစားဝင်လာတာ ဖြစ်ကာ ကစားချိန်နည်းပေမယ့် အကောင်းဆုံးကြိုးစားခဲ့ခြင်းကြောင့် ခုလို သူတို့အသင်း အရှုံးနှင့်ကပ်လွဲသွားခဲ့တာ ဖြစ်သည်။

"ရှီး…ရှီး…ရှီး"

ဒိုင်လူကြီး၏ ပွဲသိမ်းခရာသံက Physics မေဂျာအသင်း စပေးဘောလုံး တည်ပြီးချိန်တွင် ထွက်ပေါ်လာလေ၏။

⌘

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်…အရေးထဲ ဒီမိုးက တစ်မှောင့်ကွာ"

လွန်ခဲ့သော တစ်ပတ်ခန့်လောက်ကစတင်၍ ရန်ကုန်မြို့၏ နေရာတချို့တွင် မိုးများရွာသွန်းစ ပြုလာခဲ့သည်။ သူက ဒါကို မသိ မဟုတ်၊ သိသည်။ သိပေမယ့် ခေါင်းထဲ သိပ်မထည့်ထားမိသဖြင့် အခုလို ခပ်ဖွဲဖွဲကျလာသည့် မိုးစက်လေးများကို မြင်တွေ့ရသောအခါ မှပင် ထီးမယူလာမိကြောင်း သတိရတော့၏။

မိုးက ခပ်ဖွဲဖွဲရွာနေရာကနေ မကြာခင် သည်းသည်းမည်းမည်း ရွာသွန်းတော့မည့် လက္ခဏာကို မြင်ရသည်။ အနီးအပါး၌ မိုးခိုဖို့ရန် နေရာတစ်ခု ရှိလို့ရှိငြား သူ ရှာကြည့်မိလိုက်ပြန်သည်။ မတွေ့ရ။

ရန်ကုန်မြို့၏ မြို့လယ်တစ်နေရာတွင် သူရောက်ရှိနေသော ကြောင့် မိုးခိုရန် စားသောက်ဆိုင်တစ်ခုလောက်ကို သိပ်ကြာကြာ ရှာနေစရာတော့ မလိုပါ။

သို့ရာတွင် သူက ပြီးခဲ့သော တစ်နာရီကျော်လောက်ကတင် လင်းထင်၊ နောင်နောင်တို့နှင့် လက်ဖက်ရည်ဆိုင် အတူထိုင်ခဲ့ပြီးဖြစ်ရာ မိုးခိုဖို့ စားသောက်ဆိုင်တွေထဲ သူ့စိတ်က ဝင်မထိုင်ချင်သလိုဖြစ်နေသည်။

ဒီလိုမှန်းသိရင်…လင်းထင်တို့နဲ့အတူတူ အားကစားပစ္စည်း ရောင်းတဲ့ဆိုင် လိုက်သွားလိုက်တာကမှ ဟုတ်တုတ်တုတ်ရှိဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခုမှတော့ မဖြစ်နိုင်တော့ပြီ။ သူ လက်ဖက်ရည်ဆိုင်မှ ထလာ ပြီး လင်းထင်တို့အုပ်စုနှင့် လမ်းခွဲခဲ့တာပဲ တစ်နာရီသာသာလောက် ရှိနေပြီ။ ထို့ကြောင့် ခုလောက်ဆိုလျှင် လင်းထင်နှင့်နောင်နောင်လည်း ရန်ကုန်မြို့၏ မည်သည့်နေရာသို့ ရောက်နေပြီမသိ။

ပလက်ဖောင်းပေါ်တွင် ခပ်သုတ်သုတ်လျှောက်ရင်း မိုးခိုစရာ တစ်နေရာအတွက် သူ စဉ်းစားနေမိ၏။ သူ့မျက်လုံးများကလည်း ကြီးကန်းတောင်းမှောက် ဟိုဟိုဒီဒီ လျှောက်ရှာနေပြန်သည်။ ထိုအချိန် တွင် သူထင်မှတ်ထားသလိုပင် မိုးက ပိုမိုကျဆင်းလာသဖြင့် နီးစပ် ရာ မီနီမားကတ်အရောင်းဆိုင် တစ်ဆိုင်ထဲ ဖျတ်ခနဲ သူ ဝင်သွားလိုက် သည်။ ပြီးတော့ မြင်တွေ့သမျှ ရောင်းကုန်ပစ္စည်းများကို စိတ်အေး လက်အေး လျှောက်ကြည့်ကာ အချိန်ဖြုန်းနေမိ၏။

မီနီမားကတ်အရောင်းဆိုင်ထဲတွင် ရောင်းကုန်ပစ္စည်းများက သူနေရာနှင့်သူ နေသားတကျ ရှိနေပြီး မည်သည့်ပစ္စည်းအမျိုးအစား ဆို ဝယ်ချင်စဖွယ် ဖြစ်နေသည်။ ဒါပေမယ့် သူက ဘာပစ္စည်းမှ ဝယ်ဖြစ်။ ဟိုဒီလျှောက်ကြည့်ကာ မီနီမားကတ်ရှေ့ဖက် မှန်သားပြင် ကြီးကိုဖြတ်ပြီး အပြင်ဘက်က မိုးတိတ်ခြင်း မတိတ်ခြင်းကိစ္စကို လည်း တစ်ချက်တစ်ချက် သူ သတိပြုရသေးသည်။

"ဟော့…နင်တစ်ယောက်တည်းလား"

အသံကြောင့် သူနောက်လှည့်ကြည့်လိုက်ရာ လှပချစ်ခင် ဖွယ်ကောင်းသော အပြုံးနှင့်အတူ အေးနွယ်ဇင်ကို သူတွေ့လိုက်ရသည်။

ယခုတွေ့ဆုံမှုသည် သူမနှင့်သူ ကျောင်းမှာမဟုတ်သော အပြင်နေရာတွင် ဒုတိယအကြိမ် တွေ့ဆုံမှုဖြစ်သည်။ သည်နေ့

www.burmeseclassic.com

www.burmeseclassic.com



အေးနွယ်ဇင်က သူမြင်ဖူးသမျှ အေးနွယ်ဇင်များထက် ပိုမိုလှပသည့် အေးနွယ်ဇင် ဖြစ်နေ၏။

"သူရိန်…ဘာကြည့်နေတာလဲ…တို့မေးလိုက်တာကော ကြားရဲ့လား"

မချမ်းမအေးပါဘဲနှင့် သူ့ခန္ဓာကိုယ်က အလိုအလျောက် တစ်ချက် တုန်တက်သွားသယောင် ခံစားမိလိုက်သည်။ ပြီးမှ…

"ဩော်…အင်း…ဟိုလေ ခင်…ခင်ဗျားကို ထင်မထားဘဲ တွေ့လိုက်လို့"

သူမက သူ့ကို အကဲခတ်သလို ကြည့်ကာ…

"ကဲပါ…ထင်ထားတာတွေ မထင်ထားတာတွေ နောက်ထား ခု တို့ဝယ်ရမယ့် ပစ္စည်းတွေများနေလို့ ယူ့ကိုတွေ့တာ အတော်ပဲ တို့ကို နည်းနည်းကူညီစမ်းပါ"

သူနှင့်တွေ့သည့်အခါတိုင်း သူမက သူ့ကို ပိုင်စိုးပိုင်နင်း ပြောတတ်သည်မှာ ထုံးစံလိုဖြစ်နေပြီ။ သူကတော့ တစ်စုံတရာ၏ ပြုစားခံထားရသူလို အေးနွယ်ဇင်၏နောက်မှ လိုက်ပါသွားမိလေတော့ ၏။

◉

**ဘာကိုမှ မျှော်လင့်မထားသူတစ်ယောက်အတွက် သေး ငယ်သော ပျော်ရွှင်မှုကလေးသည်ပင်လျှင် ကြီးစွာသောအမှတ် တရဖြစ်လေသည်။** သူလည်း ထို့အတူပင်။ ဘယ်လိုမှ ကြိုတင် မျှော်လင့်မထားပါဘဲ သူမနှင့် ခုလိုထီးတစ်မိုးထဲအောက်မှာ လမ်းအတူ လျှောက်ခွင့်ရလာခြင်းက အမြဲတမ်းအမှတ်တရတစ်ခုအဖြစ် တည်ရှိနေ တော့မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ယူ…ဘယ်သွားစရာရှိသေးလဲ"

"ဟင့်အင်း မရှိတော့ပါဘူး၊ ဘာလဲ အေးနွယ်က အေးနွယ့်ရဲ့ ကိစ္စတွေပြီးတော့ ကျွန်တော့်ကို မောင်းထုတ်ချင်ပြီပေါ့…ဟုတ်လား"

သူ့စကားကြောင့် သူမ မျက်နှာတစ်ချက် ညှိုးခနဲဖြစ်သွားသည်။ သူ့စကားအဓိပ္ပာယ်ကြောင့်လား ဒါမှမဟုတ် သူက သူမကို ပထမဆုံးအကြိမ်အဖြစ် ရင်းရင်းနှီးနှီး အေးနွယ်ဟု အသုံးအနှုန်းပြောင်း လဲခေါ်ဝေါ်လိုက်ခြင်းကြောင့်လား။ သူချက်ချင်း ဝေခွဲမရ။

"အဲဒီလို မဟုတ်ပါဘူး သူရိန်ရယ်၊ တို့က ယူ့မှာ ကိစ္စမရှိ တော့ဘူးဆိုရင် တစ်ခုခု စားမလားလို့ မေးမလို့ပါ"

သူမ၏ သဘောထားကို သိလိုက်ရတော့ သူ့စကားအတွက် သူ စိတ်မကောင်းဖြစ်မိသွား၏။

"ကျွန်တော်က နောက်တာပါ…စိတ်မဆိုးပါနဲ့၊ အေးနွယ် ကြိုက်တဲ့ဆိုင်မှာ ကြိုက်တာစား ကျွန်တော်ကျွေးမယ် ဟုတ်ပြီလား"

"အို…ဘယ်ဟုတ်မလဲ…သူရိန်ရ… ယူ့ကိုလည်း တို့က အကူအညီတောင်းသေးတယ်…ယူကျွေးတာလည်း စားဦးမယ်ဆိုရင် ဘယ်ကောင်းမလဲ…တို့ဝယ်ကျွေးပါ့မယ်"

သူမက ပျာပျာသလဲ ငြင်းသည်။ ဘာကြောင့်မှန်းမသိ။ သူ့စိတ်ထဲက သူမကို အရင်ကလောက် သိပ်မကြောက်တော့တာ ထူးဆန်းနေသည်။ ဒါပေမယ့် သူမကို ယုယသွယ်လောက်လည်း ရင်းနှီးလို့မရဖြစ်နေ၏။ အမှန်အတိုင်း ဝန်ခံရလျှင် သူမကို နည်းနည်း လေးတော့ သူကြောက်နေမိသေးသည်ဟု ထင်၏။

"ကဲ…ဒါဆို ကြေးအိုးဘုရင်မှာ ယူနဲ့တို့ ကြေးအိုးသွား သောက်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခါတော့ သူ ဘာမှအထွန့်တက်မနေတော့ဘဲ ခေါင်းညိတ်လိုက်မိသည်။

မိုးက အတော်ကလေး စဲသွားပြီဖြစ်သော်လည်း သူက ထီးမပိတ်မိသေးဘဲ သူမနှင့်အတူ ထီးတစ်မိုးထဲ ဆောင်းနေရသည်ကို ကြည်နူးနေမိ၏။ မိုးဖွဲလေးများကြား လမ်းအတူလျှောက်ကာ သူမနှင့်သူ စကားတွေ အများကြီးပြောဖြစ်ကြ၏။ သူ့လက်ထဲက သူမ၏ ပစ္စည်းပစ္စယအထုပ်တချို့ကို မိုးရေမစိုအောင် ရှေ့ရင်ခွင်ထဲ ပိုက်ထားရ၏။ သူမကလည်း သူ့အတိုင်း ပစ္စည်းထုပ်တချို့ကို ရှေ့ရင်ခွင်ထဲ ပိုက်ထားသည်။

ကြေးအိုးဘုရင် ကြေးအိုးဆိုင်ကိုရောက်တော့လည်း သူမနှင့် စကားတွေ ဆက်ပြောဖြစ်ကြသည်။ စကားပြောရင်း တစ်ခါတစ်ခါ ပြုံးတတ်သော သူမ၏အပြုံးများအား အိမ်အပြန်တွင် သူ့အိပ်ကပ်ထဲ တိတ်တိတ်လေးခိုးထည့်ခဲ့မိ၏။ ညဖက်တွေမှာ ပြန်ထုတ်ကြည့်ရအောင်လို့ပေါ့။

ဘာပဲဖြစ်ဖြစ် ထိုနေ့သည် သူ့အတွက် ကံကောင်းသောနေ့ တစ်နေ့ ဖြစ်ခဲ့တာ သေချာပါသည်။

⌘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

www.burmeseclassic.com

www.burmeseclassic.com



မိုးသံက အိမ်ခေါင်မိုးများနှင့် အရာဝတ္ထုများအပေါ် တဝုန်းဝုန်းမြည်ဟိန်းအောင် ရိုက်ပုတ်ရွာသွန်းနေသည်။ ဘယ်အကြိုးကြောင့်များ သည်လောက် ရွာသွန်းနေရတာပါလိမ့်။ တဝေါဝေါမိုးသံက သူ့စိတ်ကူးတွေကို ပျင်းရိစေ၏။ အထူးသဖြင့် တစ်ခုခုကို စောင့်ဆိုင်းနေစဉ် မိုးသံက ထိုစောင့်ဆိုင်းမှုကို ငြီးငွေ့လာစေဖို့ အကောင်းဆုံး အားပေးနေတော့၏။

သူ ဝါးခနဲ တစ်ချက်သန်းဝေမိသည်။

ယုယသွယ်က ကွန်ပျူတာစခရင်း(မ်)ပေါ် အာရုံကိုအပြည့်စိုက်ထား၏။ သူ့ကို လုံးဝလှည့်မကြည့်။ ရှိသည်ဟုတောင် ထင်ပုံမရ။

“သား…သူရိန်…ရော့ ကော်ဖီလေးသောက်ဦး”

ယုယသွယ်၏အမေ ဒေါ်ကေသွယ်က သူ့အား အငွေ့တထောင်းထောင်းထနေသည့် ကော်ဖီတစ်ခွက် လာပေးသဖြင့် သူလှမ်းယူလိုက်သည်။

“မင်းညီမကတော့ မြင်တဲ့အတိုင်းပဲ၊ တော်ရုံနဲ့ ကွန်ပျူတာရှေ့က မထဘူး၊ စောင့်နေတဲ့သူ ပျင်းနေသလား ဘာလားလဲ မတွေးဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အန်တီရဲ့၊ ဟို ကျွန်တော် မပျင်းပါဘူး"

"အေး…အေး…သားက သိတတ်လို့ပေါ့၊ အန်တီဖြင့် မိယုယအစား အားနာမိပါရဲ့ကွယ်"

မပျင်းပါဘူးဟုသာ စကားလှအောင် ဆိုလိုက်ရသော်လည်း တကယ်တမ်းတွင် သူ ပျင်းရိနေပြီ။ တော်သေးတာပေါ့။ လောလော ဆယ် ဒီကော်ဖီလေးတစ်ခွက် ရောက်လာလို့…နို့မို့ဆို အိပ်ပျော်တော့ မယ်။

"ကဲ…သား…အေးအေးနေဦး…အန်တီလည်း နောက်မှာ ချက်ပြုတ်စရာလေးတွေ မပြတ်သေးလို့"

"ဪ…ဟုတ်ကဲ့ အန်တီ"

မိခွေယုယက သူ့အမေ ပြန်ဝင်သွားချိန်အထိ တုတ်တုတ်မျှ မလှုပ်သေး။ သူကသာ ကော်ဖီတစ်ခွက်ကြောင့် အနည်းငယ် လန်းရွှင် သလိုဖြစ်လာကာ…

"ဟဲ့…ယုယ၊ ဒီနေ့အဖို့ နင့်ကွန်ပျူတာကြီးက ပြီးပါတော့ မလား"

"ခဏလေး စောင့်ပါဦး သူရိန်ရယ်၊ ငါ့မှာ မီးလာတုန်း လေး ကွန်ပျူတာနှိပ်ရတာ၊ တော်ကြာဆို မီးက ပျက်တော့မှာဟ"

အလှည့်ကျပေးသည့် စနစ်ကြောင့် လျှပ်စစ်မီးလာနေစဉ်မှာ ယုယက သူမ၏အလုပ်ကလေးကို ပြီးနိုင်သလောက် ပြီးစီးချင်နေသည်။

"နေပါဦး သူရိန်…နင်က ဘာများပြောချင်နေလို့ ဒီလောက် သည်းကြီးမည်းကြီး ငါ့ကိုစောင့်နေရတာလဲ၊ ငါက နည်းနည်းကြာဦး မယ်"

www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ သူ၏လာရင်းကိစ္စကို မေးရမှန်း ယုယသွယ် သတိရပုံပေါ်သွားသည်။ သူရှိရာနောက်ဘက်သို့ လည်ပြန်လှည့်ကြည့်ကာ မေး၏။

သူက ပြောပြဖို့ခက်နေသော မျက်နှာထားမျိုးဖြင့် ယုယသွယ်ကို ကြည့်နေမိသည်။ တစ်ခွန်းမှ ပြန်မဖြေဖြစ်။

"ဟဲ့…ပြောလေ သူရိန်ရဲ့ ဘာကိစ္စလဲ"

သူ့အမူအရာက ယုယသွယ်၏စိတ်ကို အတော်ကလေး ဆွဲဆောင်သွားနိုင်ခဲ့သည်။ သူက အတက်အကျမမှန်သည့် လေသံဖြင့်…

"ငါလေ ဟိုတစ်ခါ နင့်ကို ပြောပြတဲ့ ကျောင်းမှာခဏတွေ့လိုက်တဲ့ ကောင်မလေးနဲ့ အခု ခင်နေကြပြီ"

"တကယ်"

ယုယသွယ်က ယုံရခက်နေဟန် ရှိနေသည်။

"တကယ်ပြောတာ ယုယရဲ့…အဲ့ဒီအကြောင်း နင့်ကို ပြောပြချင်လို့ ငါလာခဲ့တာ"

"နင် ငါ့ကို အဲဒီကောင်မလေးအကြောင်း ပြောပြချင်လို့လာတာ…"

ယုယသွယ်၏အသံက သူ့ကိုပြန်ပြောသည်နှင့်မတူဘဲ သူမကိုယ်သူမမှတ်မိအောင် ရေရွတ်လိုက်သလို အသံမျိုးနှင့် ပို၍ပင်တူနေလေတော့၏။

◉

**ခပ်မှုန်မှုန် ခပ်ဖွဲဖွဲကျဆင်းနေသည့် မိုးစက်တွေအောက်မှာ ကျောင်းသား၊ ကျောင်းသူတို့၏ ရောင်စုံထီးကလေးများက**

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝန်းအနှံ့ ရောင်စုံဆေးစက်တွေလို ပြန့်ကျဲရွှေလျားလျက် ရှိနေကြသည်။

"ယူ…ဒီနေ့တော့ ထီးပါတယ်မဟုတ်လား"

ဟိုတစ်နေ့က မြို့ထဲမှာတွေ့စဉ် ထီးပါမလာသော သူ့အဖြစ်ကို သတိရသွားပြီး အေးနွယ်ဇင်က မေးခွန်းထုတ်လိုက်ခြင်းဖြစ်မည်။

"အင်း…ဒီနေ့တော့ ပါလာတယ်"

သူမကို အဖြေပြန်ပေးပြီးမှ မှားသွားမှန်း သူသိလိုက်သည်။ ကျွတ်…တယ်လည်း အတဲ့ ငါပါလား။ မပါဘူးလို့ပြောလိုက်ရင် ဟိုတစ်နေ့ကလို ထီးအတူတူဆောင်းရဦးမှာ…။ သို့ရာတွင် မည်သည့်အခါကမှ လိမ်ညာမပြောတတ်သော သဘာဝကြောင့် သူမကို အဖြေမှန်ပေးမိသွားပြီ။ ပြန်ပြင်ပြော၍ မရတော့။

"ယူပါပေမယ့် ဒီနေ့ တို့မှာ မပါဘူးကွ…တို့မေ့လာတယ်"

သူမစကားကြောင့် သူ ရုတ်ခြည်းပျော်ရွှင်သွားမိသည်။ ကြည့်စမ်း…သိပ်အလိုက်သိတဲ့ ကောင်မလေး။ ဒီလိုကောင်မလေးအတွက် ငါ့ရင်ခုန်သံတွေ ဘယ်အချိန်ထိ မြန်နေဦးမှာလဲကွယ်။ သူ ကြည်နူးစွာ ပြုံးလိုက်မိ၏။

"ယူ…ဘာပြုံးတာလဲ"

"သြော်…ဘာမှ မဟုတ်ပါဘူး၊ မနေ့ညက ဖတ်ခဲ့တဲ့ စာအုပ်ထဲက ဟာသလေးတစ်ခုကို စဉ်းစားမိလိုက်လို့ပါ"

စိတ်ဝင်စားမှုကြောင့် သူမမျက်နှာ ဝင်းလက်သွားတာ သူ မြင်လိုက်ရသည်။ သို့သော် သူက မသိချင်ယောင်ဆောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ကို တစ်ကျိုက်ကောက်မော့လိုက်၏။ ထင်ထားသည့် အတိုင်းပင် သူမက မနေနိုင်စွာ စကားစလာသည်။

"ပြောပါဦး… ယူ့ရဲ့ဟာသကို တို့လည်းကြားချင်လို့"

လက်ဖက်ရည်ခွက်ကို သူ အသာပြန်ချရင်း…

"အင်း…ပြောပြမယ် နားထောင်နော်"

သူမက မျက်လုံးကလေးဝိုင်းကာ စိတ်ပါဝင်စားစွာ နားထောင် ဟန်ပြ၏။ သူမ၏ ထိုအမူအရာလေးက ဘာရယ်မဟုတ်ပါဘဲ သူ့စိတ်ထဲ သံမှိုတစ်ပွင့်လို စွဲနစ်ဝင်ရောက်လာ၏။

"ဒီလို အေးနွယ်ရဲ့…တစ်ခါတုန်းက လူတစ်ယောက်ဟာ စိတ်ရောဂါကု ဆရာဝန်တစ်ယောက်ဆီ လာတိုင်ပင်တယ်"

"ဘာကို တိုင်ပင်တာလဲ"

"သူ့ရဲ့ စိတ်အခြေအနေကို လာတိုင်ပင်တာလေ"

"အင်း…ပြောပါဦး၊ ဘယ်လိုတိုင်ပင်တာလဲ"

"စိတ်ရောဂါကုဆရာဝန်ကို သူကပြောတယ်၊ ဆရာတဲ့ ကျွန်တော့်ကို ဘယ်သူကမှ ဂရုမစိုက်ကြဘူး ဆရာတဲ့၊ အဲဒီတော့ စိတ်ရောဂါကုဆရာဝန်က ဘာပြန်ပြောတယ် ထင်သလဲ"

"ဘာပြန်ပြောသလဲ"

"ဟေ့…အပြင်က နောက်ထပ်လူနာတစ်ယောက် ဝင်ခဲ့လို့ ရပြီဆိုပြီး ပြောလိုက်တာပေါ့"

"ဟင်…ဒါဆို…"

ဟာသက သဘောပေါက်သွားသောအခါတွင် သူမက တခစ်ခစ် ရယ်မောနေတော့၏။ သူပါ သူမနှင့်အတူ လိုက်လံရယ်မော

www.burmeseclassic.com

www.burmeseclassic.com



ရှင်း ထုံးစံအတိုင်း သူမ၏ ချစ်စဖွယ် အမူအရာကလေးများအား စိတ်ကပ်ထဲ တိတ်တိတ်လေး ခိုးထည့်နေမိခဲ့သည်။ သူတို့ ထိုင်နေခဲ့သည့် Canteen အပြင်ဘက်တွင်တော့ မိုးက ခပ်ဖွဲဖွဲ ခပ်မှုန်မှုန်ကျဆင်းနေဆဲ…။ ငယ်သူတို့၏ ရင်ခုန်သံတွေကို စိမ်းစိုတောက်ပစေနိုင်သည် အထိပေါ့။

⌘

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

www.burmeseclassic.com

www.burmeseclassic.com



Canteen ခေါင်မိုး၏ တံစက်မြိတ်မှတစ်ဆင့် အောက်ခြေမြေပြင်ပေါ် သွယ်တန်းစီးကျနေသော မိုးရေစက်များ။ ဟိုနေရာ သည်နေရာမှ တစ်ချက်တစ်ချက် ထွက်ပေါ်လာသော ခပ်အုပ်အုပ်ရယ်မောသံများ။ ခန္ဓာကိုယ်ပေါ် မိုးရေတချို့ စွန်းကွက်စွတ်စိုနေကာ Canteen ထဲသို့ အပြေးတစ်ပိုင်း ဝင်ရောက်လာကြသော ကျောင်းသူ၊ ကျောင်းသားအစုအဖွဲ့များ။ တည်ငြိမ်စွာ ခိုဝင်လာသော စုံတွဲများ။ ရန်ကုန်မိုးကဒဂုံတက္ကသိုလ်ပေါ် အညှာအတာ ကင်းမဲ့စွာ ထိုးစိုက်ရွာသွန်းလို့ နေလေ၏။

"မိုးကလည်း ကောင်းလိုက်တာကွာ၊ ဒီပုံအတိုင်းဆို ညနေကန်မယ့်ပွဲက မိုးထဲရေထဲ အသေအလဲ ဖြစ်မှာပဲ"

အပြင်ဘက်မှာ ကျဆင်းနေသည့် မိုးစက်များကို ကြည့်ပြီး ဝေယံက ညနေကျလျှင် ကစားမည့် ဘောလုံးပွဲအကြောင်း စကားစသည်။

"မင်းတို့ တစ်နေ့တစ်နေ့ ဘောလုံးကန်ဖို့ပဲ စိတ်ဝင်စားနေ၊ စာမေးပွဲက နီးလာပြီ၊ ဒါကိုလည်း သတိရဦး"

ဘောလုံးမကစားသူဆို၍ သည်စားပွဲဝိုင်းမှာ တစ်ယောက်တည်းပါသည့် နောင်နောင်က သူတို့တစ်ဖွဲ့လုံးကိုကြည့်ကာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲက နီးလာတာတော့ မှန်ပါတယ်၊ ဒါပေမယ့် စာစုံအောင် အရင်ကူးရဦးမယ်"

အောင်သီဟပြောလိုက်မှပဲ သူလည်း စာမစုံသေးတာကို သတိရသည်။ တကယ်တော့ သူမှ မဟုတ်ပါဘူး။ သူတို့ ဘောလုံးတစ်သင်းလုံး ဘယ်သူ့မှာမှ စာစုံအောင် မရှိကြ။ ထို့ကြောင့် ကျောင်းတက်မှန်ပြီး စာစုံသော နောင်နောင်ဆီမှ ထုံးစံအတိုင်း သူတို့တစ်ဖွဲ့လုံး စာအုပ်ငှားကာ ဝိုင်းကူးကြရဦးမည်။

"မင်းတို့ကို ငါက စာအုပ်မငှားချင်လို့ မဟုတ်ပါဘူး။ ဒါပေမယ့် တချို့စာတွေက မင်းတို့ကို ပြန်ရှင်းပြဖို့ ငါမစွမ်းဘူး။ အဲဒါတွေက မင်းတို့အတန်းထဲမှာ ဆရာရှင်းပြတာ နားထောင်မှ သေချာသဘောပေါက်မှာ"

နောင်နောင်က ညည်းတွားသလိုလို၊ ဆုံးမသလိုလို စကားကို ပြောသည်။ သို့ရာတွင် နောင်နောင်ပြောတာ မမှား။ သူတို့ ဘောလုံးတစ်သင်းလုံး တချို့ရက်များမှာ အတန်းတက်မမှန်ကြပေ။

ညနက်မှကြည့်ရသော ချန်ပီယံလိဂ်ဘောလုံးပွဲများ၊ နိုင်ငံတကာ ဘောလုံးပွဲများကြောင့် တချို့ရက်တွေမှာ ကျောင်းမတက်နိုင်တော့။ ထို့အပြင် သူတို့ကိုယ်တိုင် တခြားမြေကွက်မှ အသင်းများနှင့် ကစားရသော ဘောလုံးချိန်းပွဲများကြောင့်လည်း ကျောင်းတက်ပျက်ကွက်ရသေးသည်။ ကျောင်းတက်မမှန်ရသည့် နောက်ထပ်အကြောင်းအနည်းငယ်လည်း ရှိသေးသည်။ ထိုအရာကတော့ လူငယ်သဘာဝ ကြုံတွေ့ရသည့် လေလွင့်ပျင်းရိမှု အနည်းငယ်။

"ငါတို့ ဒီညနေကစားမယ့် ဘောလုံးပွဲပြီးရင် ဘောလုံး

www.burmeseclassic.com

www.burmeseclassic.com



ကစားတာ ခဏနားပြီး ကျောင်းစာဖက် အာရုံပြန်စိုက်ရအောင်"

ထွန်းထွန်းနိုင်က အသင်းခေါင်းဆောင်ပီပီ ဖြစ်ချင်တာထက်ဖြစ်သင့်တာကို ဦးစားပေးဖို့ တိုက်တွန်းပြောကြားလာသည်။

"အေး…ဒါဆို ဒီတစ်ပတ်ကျောင်းပိတ်ရင် မင်းတို့အားလုံး ငါ့အိမ်ကို လာခဲ့ကြပေါ့၊ ငါတို့ စာဝိုင်းလုပ်ကြတာပေါ့"

နောင်နောင်၏အသံက အားတက်သရော ရှိလှ၏။ ဖိုးပြည့်က–

"မင်းအိမ်ကိုလာတာက ဟုတ်ပါပြီ…မင်းစာအုပ်တစ်အုပ်ထဲကို ဝိုင်းကူးနေရင် ကြာနေမှာပေါ့၊ ပြီးတော့ မင်းကိုယ်တိုင် နားမလည်တဲ့ တချို့စာတွေဆို ငါတို့ကို ဘယ်လိုရှင်းပြမလဲ"

နောင်နောင်က ပြုံး၍…

"ဟော့ကောင် ငါတစ်ယောက်တည်း ဘယ်ဟုတ်မလဲ၊ ကျောင်းမလေး ပုလဲထွန်းနဲ့ ဝတ်မှုန်တို့လည်း လာကြမှာ"

"ဒါဆိုရင်တော့ အဆင်ပြေတာပေါ့"

တစ်ချိန်လုံးငြိမ်နေသော မင်းသွေးက ဝတ်မှုန်ဆိုသော နာမည်ကိုကြားရသည်နှင့် ဟန်မဆောင်နိုင်စွာ ဝမ်းသာအယ်လဲဖြစ်သွားသည်မှာ မဖြစ်နေရိုးလား။ သည်ကောင်က ဝတ်မှုန်ကိုကြောင်နေတာ နှစ်ကတည်းက ဖြစ်ကာ အားလုံးလည်းသိနေသည်။

"ခွေးကောင် ဖွန်ကြောင်ဖို့ကအရင်၊ စာကျက်ဖို့က နောက်မှ"

မျက်နှာပိုးမသတ်နိုင်သေးသည့် မင်းသွေးကို အနီးဆုံးမှာ ရှိနေသော နရီဟိန်းကပြောပြီး ပခုံးဖြင့်တိုက်လိုက်ရာ…

"အိုး…ဟွတ်…အဟွတ်"

ရေနွေးကြမ်းတစ်ခွက်ကို သောက်မည်လုပ်နေသည့် မင်းသွေး

www.burmeseclassic.com

www.burmeseclassic.com



ခမျာ သီးသွားကာ မျက်နှာပေါ်မှာလည်း ရေနွေးစက်တွေ စိုသွားသော ကြောင့် အားလုံးပိုင်းရယ်ဖြစ်ကြ၏။

"အေးပါ...နရီပတိန်း၊ မင်းအလှည့်ကျမှ မငိုနဲ့နော်"

နရီပတိန်းကို မင်းသွေးက ပြန်ကြိမ်းသည်။ ထိုသို့ ကြိမ်းလိုက် မှပဲ သူတို့အားလုံးအတွက် ပို၍တောင် ရယ်စရာဖြစ်သွားလေတော့ ၏။

"ဟား...ဟား...ဟား"

◉

တစ်မနက်လုံး တဝုန်းဝုန်းရွာသွန်းခဲ့သော မိုးကြောင့် ကျောက် ခင်းလမ်းလေးတစ်လျှောက်လုံးသည် စိုစွတ်တောက်ပနေသည်။ မိုးစဲ နေက လမ်းဘေးတစ်ဖက်တစ်ချက်မှ သစ်ပင်တို့၏ထိပ်ဖျားမှာ ဝင်းပ လက်ဖြာနေ၏။

"အေးနွယ် သတိထားပြီးလျှောက်နော်၊ လမ်းက ချော်တယ်"

ခုလို စိတ်လက်ကြည်စင်ဖွယ် ရာသီဥတုအနေအထားကလေး မှာ သူမနှင့် လမ်းအတူတူ ယှဉ်တွဲလျှောက်နေရခြင်းကို သူက တိတ် တခိုးကြည်နူးနေမိသည်။

"သူရိန် ဘာလိုလိုနဲ့ တို့စာမေးပွဲတွေတောင် နီးလာပြီနော်၊ ယူရော စာတွေပိုင်ပြီလား"

"စာတွေက ရပါတယ်၊ အချိန်တန်ရင် ပိုင်သွားမှာပါ၊ မပိုင် သေးတာက..."

သူ့နှလုံးသားက ဖြည်းဖြည်းချင်း တဆတ်ဆတ်ခုန်လာသည်။ အလိုလိုနေရင်း ရေငတ်လာသလိုလည်း ခံစားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ...မပိုင်သေးတာက"

သူမဆီက အမေးစကားကို ချက်ချင်းအဖြေမပေးနိုင်ဘဲ သူ့ရင်ဘတ်တစ်ခုလုံး လှုပ်ခါလို့နေကာ ကြောက်စိတ်တစ်မျိုးကလည်း သူ့ဆီ ပူးကပ်စီးဝင်လာနေသည်။

"ဘာ...ဘာမှ မဟုတ်ပါဘူး...မပိုင်သေးတာက မပိုင်သေးတာတွေပေါ့"

သူမက သူ့ကို အနည်းငယ် ထူးဆန်းသလိုကြည့်သည်။ မတတ်နိုင်။ **နှုတ်ခမ်းများက ပြောမထွက်သည့် နှလုံးသားထဲက စကားလုံးတွေအတွက် သူ့ခံစားချက်များကို အစတေးခံကာ စင်တင်လိုက်ဖို့သာ ရှိတော့သည်။** သူမကကို ကြောက်ရွံ့မိသည့် အရှိန်က ပြင်းသထက်ပြင်းလာ၏။

"ယူ...ဘာဖြစ်နေတာလဲ"

ဘုရားရေ...ငါ့အမူအရာတွေက အေးနွယ် သတိထားမိလောက်အောင် ပျက်ယွင်းနေပြီလား။ သူက ကျောင်းလွယ်အိတ်ထဲမှ လက်ကိုင်ပုဝါကိုထုတ်ပြီး မျက်နှာပေါ်ဖိပွတ်ပစ်လိုက်သည်။ ပြီးတော့ လက်ကိုင်ပုဝါကို ယောင်ယမ်းကာကြည့်မိ၏။ သူ့မျက်နှာပေါ်က ခံစားချက်တွေများ လက်ကိုင်ပုဝါမှာ ပေကျံကပ်ပါလာမလားအထင်နှင့်။

အမှန်တော့ သည်နေ့ အေးနွယ်ဇင်ကို သူ ရည်းစားစကားပြောဖို့ ကြိုတင်ပြင်ဆင်ထားခဲ့သည်။ သို့သော် မရိုးသားသူနှင့် ရိုးသားသူ နှစ်ယောက်အကြား ဆက်ဆံရေးက ဟန်မိုမှီမဖြစ်။ အထူးသဖြင့် သူ့လို သာမန်ထက်ပိုပြီး မိန်းကလေးတွေကို ကြောက်တတ်သော လူတစ်ယောက် အဖို့ ပိုဆိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ယူ…ဒီမှာပဲ နေခဲ့လိုက်တော့၊ ဟိုမှာ တို့သူငယ်ချင်းတွေ လာနေပြီ၊ တို့ လိုက်သွားတော့မယ်"

"ဟင်"

**အယောင်အကန်းကန်းနှင့် အိပ်မက်တစ်ခုထဲမှ ကုန်းရုန်းနိုးထလာသူအသွင်မျိုး သတိဖျပ်ခနဲဝင်လာတော့ သူ့အနားမှာ သူမ မရှိတော့။**

"ဟော့…သူရိန်…ဆီးယူ"

သူမက တခြားမိန်းကလေးသူငယ်ချင်း သုံးယောက်နှင့်အတူ ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားခဲ့ပြီ။ သက်ပြင်းမောတစ်ခုကို ဟူးခနဲ ပစ်ချရင်း မိန်းမတွေကို ကြောက်ရွံ့တတ်သည့် သူ့စိတ္တဇကိုသူ ပြန်ပြီး မကျေမနပ်ဖြစ်နေမိ၏။ ဘာ့ကြောင့်မှန်းမသိ သည်နေ့ကျမှ သူမကို တွေ့စကလို ပြန်လည်ကြောက်ရွံ့စိတ်ပေါ်နေသည်။

သူမတို့အဖွဲ့ဆီ လှမ်းကြည့်ဖြစ်တော့ သူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ်သွားသော သူမ၏ သူငယ်ချင်းများကို မြင်တွေ့လိုက်ရ၏။

⌘

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချရလွန်းသောကြောင့် သူ့စိတ်တွေ မောလျလို့နေသည်။ ထူးထူးခြားခြား သည်နေ့မှာမှ ရာသီဥတုက သာယာလွန်း၏။ မနက်လင်းကတည်းက နေရောင်က အရာဝတ္ထုတွေအပေါ် အနွေးဓာတ်ရှိ လင်းချင်းဖြာဝေနေခဲ့သည်။ ဘယ်နှစ်ကြိမ်မြောက်မှန်း သူ ကိုယ်တိုင်မသိသော သက်ပြင်းတစ်ခုကို ထပ်ချဖြစ်ပြန်သည်။

"တစ်နေ့ ဒီလိုပြောလာမယ်မှန်း တို့သိပြီးသားပါ၊ ဒါပေမယ့် ဒီလောက်မြန်လိမ့်မယ်လို့တော့ မထင်ထားဘူး"

သူမ အသံက ပကတိအေးစက်နေသည်။ သူက နှလုံးသားနှင့်အပြိုင် တုန်ယင်နေသည့် လက်ချောင်းများကို သူမ မမြင်တွေ့နိုင်အောင် ကျောင်းလွယ်အိတ်ထဲ ထိုးထည့်ထားမိသည်။

"ခု စာမေးပွဲတွေ နီးနေပြီဆိုတော့ စာမေးပွဲကိုပဲ တို့ အာရုံစိုက်ချင်တယ် သူရိန်"

"ဪ…အင်း…အဲ…ဟုတ်ကဲ့"

အထစ်ထစ် အငေါ့ငေါ့ သူ ပြန်ဖြေဖြစ်သည်။ လိုရင်းကို ပြောပြီးသည့်တိုင် ကြောက်စိတ်က မပြေသေး။ ငါ့ကို အေးစက်သည် အထင်များသေးသွားပြီလား။ သူက တုန်လှုပ်နေသလောက် သူမက

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်လွန်းနေသည်။ သူမပုံစံကြည့်ရတာ သည်လိုမျိုး ရည်းစားစကားပြောခံရတာ ရိုးနေပြီလားမသိ။

"ကျွန်တော်…ကျွန်တော့်ကို စိတ်မဆိုးဘူးလားဟင်"

"မဆိုးပါဘူး…ချစ်လို့ ချစ်တယ်ပြောတာပဲဟာ"

သူမစကားကြောင့် ကြောက်စိတ်ထဲ အပျော်စိတ်ကလေး ဝင်ရောက်လာသည်။ တစ်နေရာရာကနေ အားအင်တစ်ရပ်က သူ့ခန္ဓာကိုယ်ထဲ စိမ့်ဝင်လာသလိုလည်း ခံစားလိုက်ရ၏။

"အဖြေက ဘယ်တော့ပေးမှာလဲ"

"ယူကလည်း ဒါမျိုးက အေးအေးဆေးဆေး စဉ်းစားရတဲ့ကိစ္စလေ၊ ဘာလို့လောနေတာလဲ"

သူမ၏ ငေါက်ဆတ်ဆတ် အဖြေစကားကြောင့် သူ့အပျော်စိတ်နေရာတွင် ကြောက်စိတ်က ပြန်လည်စိုးမိုးလာ၏။

"ဘာ…ဘာမှမဟုတ်ပါဘူး၊ ကျွန်တော် သိချင်နေလို့ပါ"

သူ့အသံက လည်ချောင်းထဲက လာသော အသံမဟုတ်ဘဲ ရင်ခေါင်းထဲကလာသည့် အသံမျိုးဖြစ်နေသောကြောင့် သူသာမက သူမကပါ အံ့သြသွားပုံရသည်။

"ယူ…ဘာဖြစ်နေတာလဲ"

"ဟို…ဟိုဟာ"

စိုက်ကြည့်နေသော သူမ၏ မျက်ဝန်းတစ်စုံအောက်တွင် သူ့ကြောက်ရွံ့မှုတို့က အရှိန်ပြင်းရင်း ပိုပြင်းလာသည်။ ထိုင်နေရင်း နတ်ပူးသလို ခန္ဓာကိုယ်က တဆတ်ဆတ်တုန်တက်လာသည်။ သူ့ဘေး

www.burmeseclassic.com

www.burmeseclassic.com



သူမကို သူကြောက်ရွံ့လာသည့်ကိစ္စက ထင်မှတ်မထားဘဲ ရုတ်တရက် ဆိုးရွားလာ၏။ ထိန်းချုပ်ဖို့ မလွယ်ကူတော့။

"သူရိန်…ဘာဖြစ်လို့လဲ"

အရင်ဆုံး သူမကို လက်ကာပြလိုက်သည်။ နောက် ခေါင်းကို ခါကာ…

"ရတယ်…ရတယ်…ကျွန်တော် ဘာမှမဖြစ်ဘူး…နောက်…နောက်မှတွေ့မယ်"

စကားကို ကတိုက်ကရိုက်ပြောပြီး သူမကို ထားရစ်ခဲ့ကာ သူပြေးထွက်လာခဲ့သည်။ သူ့ရင်ခုန်သံက အရမ်းမြန်မြန်ကြီးခုန်နေသည်။ သူမကတော့ သူ့ကို နားမလည်နိုင်စွာ ကြည့်ရင်း ကျန်ခဲ့မည်လား။ အား…မသိချင်ပါ။ ဘာကိုမှ သူမတွေးချင်ပါ။ အသက်ရှူနေရတာကိုက သူ့အတွက် ခက်ခဲမောလျလို့နေ၏။

www.burmeseclassic.com

www.burmeseclassic.com



***Friday***

I Know everything with him
because of you
We need more time for him

www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့

မင်းပြောလို့ သူ့အကြောင်းကို ငါသိပြီ
ဒါပေမယ့်
ငါတို့ သူ့အတွက် အချိန်ယူရလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတလောက ကျောင်းမှာ မင်းကိုကောင်မလေးတစ်ယောက်နဲ့တွဲနေတာ ငါမြင်တယ်"

လင်းထင်က မေးခွန်းဟောင်းစာရွက်များကို သပ်သပ်ရပ်ရပ် စီထပ်နေရာမှ သူ့ကိုလှမ်းပြောသည်။ လင်းထင်ပြောလိုက်သည့် စကားကြောင့် အချိန်ကြာမြင့်စွာ အာရုံစိုက်ထားရသော ကျောင်းစာထဲမှ အာရုံက ဝင်စား၍မရတော့…။

"ယုယကိုပြောနေတာ ထင်တယ်၊ ယုယနဲ့ငါနဲ့က ငယ်သူငယ်ချင်းဆိုတာ မင်းသိပြီးသားပါ"

"မဟုတ်ဘူး သူရိန်၊ ငါတွေ့လိုက်တာ ယုယမဟုတ်ဘူး အခြားတစ်ယောက်"

နောက်တစ်ပတ်ဆိုလျှင်ပဲ ဒဂုံတက္ကသိုလ်မှာ သူတို့အတွက် အတန်းတင်စာမေးပွဲကြီး ဖြေဆိုရတော့မည်။ စာကြည့်ချိန်အဖြစ် ပိတ်ထားသော ကျောင်းပိတ်ရက်တွေအတွင်း ကျောင်းစာထဲကိုပဲ သူ စိတ်နှစ်ထားခဲ့၏။ သည်နေ့တော့ လင်းထင်က မေးခွန်းဟောင်းတွေ ဖြေကြည့်ရန် ချိန်းဆိုမှုကြောင့် လင်းထင်အိမ်ကို သူရောက်လာရခြင်းဖြစ်သည်။ သူက ကြည့်လက်စစာအုပ်ကို စိတ်မပါစွာ ပိတ်ပစ်လိုက်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို မင်းသူ့ကိုမြင်လိုက်တာပေါ့"

"အေး…မြင်လိုက်တယ်…ပြီးတော့"

စကားကို အဆုံးထိမပြောဘဲ တစ်စုံတစ်ခုကို ချိန်ဆနေသည့် လင်းထင်၏အသွင်ကြောင့် သူအနည်းငယ် အံ့သြသွားမိ၏။

"ပြီးတော့ ဘာဖြစ်လဲ"

"ဩော်…ပြီးတော့ သူနဲ့မင်းနဲ့က ဘယ်လိုပတ်သက်ကြတာလဲ"

လင်းထင်၏ အမေးစကားကို ရုတ်တရက် သူမည်သို့ပြန်ဖြေရမည်မသိ ဖြစ်ကာသွားစဉ်…

"ဒီလိုလေ…သူရိန်ရ၊ မင်းက ကောင်မလေးတွေနဲ့ ခေါ်ပြောဆက်ဆံရတာကို အင်မတန်ကြောက်တတ်တဲ့ကောင်၊ နောက်ပြီးမင်းမှာ ယုယသွယ်ကလွဲရင် တခြားမိန်းကလေးသူငယ်ချင်းလည်း မရှိဘူး မဟုတ်လား၊ အဲဒါကြောင့် အခုကောင်မလေးနဲ့မင်း ဘယ်လိုပတ်သက်သလဲဆိုတာ ငါသိချင်မိတာပါ"

အေးနှယ်ဇင်အကြောင်းကို လင်းထင်အား ဘယ်ပုံဘယ်နည်း ပြောပြရမလဲဆိုတာ သူမသိ။ နောက်တစ်ခုရှိသေးတာက လောလောဆယ် အနေအထားတွင် သူမနှင့်ပတ်သက်မှုများအား လင်းထင်ကို သူမပြောချင်သေး။ ဒါပေမယ့် လင်းထင် သိသင့်သည်ဟု ယူဆမိသော ကိစ္စတချို့ကိုတော့ ပြောပြဖို့ ဆုံးဖြတ်မိသည်။ သို့ရာတွင် အကုန်အစင်တော့ မပြောပြဖြစ်။ ထိန်ချန်သင့်တာတွေ ထိန်ချန်ကာ ပြောပြလိုက်၏။

"ဩော်…အဲဒီလိုလား"

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်ကို နားလည်သွားသောအခါ လင်းထင်က ခပ်ချာချာ မြန်မာဗွီဒီယိုဇာတ်ကားတွေထဲကအတိုင်း အာမေဋိတ်ပြု၏။ တစ်ဆက်တည်း…

"အေးကွာ…ခုလို မိန်းကလေးတွေကို သာမန်ထက် ပိုကြောက်ရွံ့တတ်တဲ့ မင်းမှာ မရည်ရွယ်ဘဲ မိန်းကလေးသူငယ်ချင်း အသစ်တစ်ယောက် ရလာတဲ့အတွက် ငါဝမ်းသာပါတယ်"

ဝမ်းသာစကားပြောရင်း ပြုံးလိုက်သော လင်းထင်၏အပြုံးကြောင့် သူ့စိတ်ထဲတွင် အေးနွယ်ဇင်အား နင့်ခနဲတစ်ချက် သတိရမိလိုက်သည်။

"ဒါပေမယ့် သူရိန်၊ မင်းနဲ့သူနဲ့ အကြောင်းကို မင်းပြောပြသလောက်ပဲ ငါသိတာပါ၊ ငါ တစ်ခုပြောချင်တာက မင်း သူ့ကို အခုထက်ပိုပြီး သံယောဇဉ်မဖြစ်စေချင်ဘူး"

ရုတ်ချည်းဆိုသလို လင်းထင်ကို သူ့အံ့ဩစွာ စိုက်ကြည့်ဖြစ်သွားသည်။ ပြီးမှာ…

"နေပါဦး လင်းထင်ရ၊ မင်းဆိုလိုတာက…"

"သြော်…ဒီလိုပါ မင်းသူ့ကို မချစ်မိပါစေနဲ့လို့ ပြောတာပါ"

"ဘာကြောင့် အဲဒီလိုပြောရတာလဲ"

"ဘာမှမဟုတ်ပါဘူးကွာ၊ မင်းက ကောင်မလေးတွေကို ကြောက်တတ်တော့ အချစ်ဦးအချစ်ဖျားမှာ အမှားတွေ့မှာစိုးလို့ ပြောမိတာပါ၊ ထားပါကွာ…ဒါ အရေးမကြီးပါဘူး…အရေးကြီးတာ စာမေးပွဲပဲ၊ ငါက မင်းအတွက် အလကားစိတ်ပူပေးနေမိတယ်၊ ထားတော့…ကဲ…စာကြည့်မယ်၊ မေ့လိုက်တော့ အဲဒီအကြောင်း…"

www.burmeseclassic.com

www.burmeseclassic.com



လင်းထင်က မေ့လိုက်တော့လို့ပြောပေမယ့် သူက ပိုပြီးတောင် သတိရလို့လာသည်။ ဘာဖြစ်လို့ အေးနွယ်ဇင်ကို ငါ မချစ်ရမှာလဲ။ လင်းထင်များ ငါ့ကို တစ်ခုခု ဖုံးကွယ်ထားနေလား။ သံသယစိတ်ဖြင့် လင်းထင်ကိုကြည့်လိုက်တော့ လင်းထင်က မေးခွန်းဟောင်းစာရွက်တွေကြား ခေါင်းစိုက်နေပြီ။ သူကတော့ လောလောဆယ်တွင် ကျောင်းစာမေးခွန်းဟောင်းများထက် တားမနိုင်စီးမရ ပေါ်ထွက်လာသော ရင်ဘတ်ထဲက မေးခွန်းများအတွက် အဖြေကို ကြိုးစားရှာဖွေနေမိ၏။

◉

အပြင်ပမှ သစ်ပင်တို့၏ သစ်ရွက်တွေအပေါ် လေပြေပါးပါး ဖြတ်တိုက်သွားတာကို သူ ပြတင်းပေါက်ကနေတစ်ဆင့် မြင်ရသည်။ ထိုလေပြေပါးပါးက ပြတင်းပေါက်ကနေ ဖြတ်သန်းပြီး သူ့ထံသို့ တိုးဝင်တိုက်ခတ်လာသည့်တိုင် အေးမြမှုကို သူမခံစားရ။ သူ့အာရုံတွေ အိုက်စပ်နေသည်။

**အမည်မသိအရပ်ဒေသမှ ရောက်လာကြပြီး အမည်မသိ အရပ်တစ်ပါးထံပျံသန်းသွားနေသော အမည်မသိငှက်တစ်အုပ်ကို ပြတင်းပေါက်ကနေ သူငေးရီကြည့်နေဖြစ်၏။**

အင်း…အေးနွယ်ဇင်မှာလည်း အဲဒီအေးနွယ်ဇင်ဆိုတဲ့ နာမည် မရှိရင်ကောင်းမယ်။ ဒါဆိုရင် သူမဟာ ငါ့ရဲ့အမည်မသိ ကောင်မလေး ပေါ့။ ပြီးတော့ အဲဒီအမည်မသိ ကောင်မလေးဟာ ဟောဟိုက အမည်မသိငှက်တွေလို ငါ့ဘဝမှာ ခဏတွေ့ပြီး လွယ်လွယ်မေ့ပျောက်သွားမှာပဲ။ အဝေးသို့ တဖြည်းဖြည်းရောက်ရှိသွားနေသည့် ငှက်အုပ်ကို ကြည့်ပြီး သူမကို သူ သတိတရရှိနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး…အဲဒီလို မဟုတ်ဘူး။ တကယ်လို့ သူမဟာ အေးနွယ်ဇင် မဖြစ်ခဲ့ဘူးဆိုရင်လည်း သူမဟာ သူမပဲ။ အေးနွယ်ဇင်ပဲဖြစ်ဖြစ်…ဂျက်ဆီကာအယ်လ်ဘာပဲဖြစ်ဖြစ်…မိုးဟောက်ပဲဖြစ်ဖြစ်… ငါ့အတွက်တော့ အရေးကြီးတာက သူမဖြစ်နေဖို့ပဲ။

သူ့ငြင်းခုံမှုများကို ကောင်းကင်တစ်နေရာရှိ အမည်မသိငှက်လေးတွေက မကြားသိနိုင်တော့ပါ။ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်ထိ အမည်မသိငှက်တွေကို သူကြည့်နေခဲ့သည်။ လွမ်းလိုက်တာ…အေးနွယ်ရယ်…အဲ…မဟုတ်ဘူး။ ငါ့ရဲ့ အမည်မသိကောင်မလေးရယ်…။

ပြတင်းပေါက်မှ ခွာလာပြီး စာကြည့်စားပွဲမှာ သူဝင်ထိုင်လိုက်သည်။ မနက်ဖြန်ဆိုလျှင်ပဲ အတန်းတင်စာမေးပွဲကြီးကို သူဖြေဆိုရတော့မည်။ စာမေးပွဲအတွက် သူ့ကိုယ်သူ ယုံကြည်မှုရှိနေပြီ။ မနေ့ကတောင် ယုယသွယ်ဆီမှဖုန်းလာရာ 'ငါစာတွေ ပိုင်နေပြီ'ဟု သူပြောခဲ့သေးသည်။ အမှန်တကယ်လည်း ကျောင်းစာအားလုံးကို ပိုင်သင့်သလောက် သူပိုင်နေပါပြီ။ သို့ရာတွင် ကျောင်းစာတွေထက် ပိုင်ချင်သောအရာတစ်ခုရှိနေ၏။

သူသည် ထိုအရာကို ပိုင်လည်းပိုင်ချင်၏။ ဆိုင်လည်းဆိုင်ချင်၏။ သူသည် ထိုအရာကို မြတ်လည်းမြတ်နိုး၏။ တပ်လည်းတပ်မက်၏။ သူသည် ထိုအရာကို ယုံလည်းယုံကြည်၏။ တန်ဖိုးလည်းထား၏။ ထိုအရာမှာ အေးနွယ်ဇင်၏ အချစ်ဖြစ်မှန်း အထူးပြောနေစရာမလို။ အဲ…အထူးမပြောဘဲ နေဖို့လည်းမလိုပေ။

သူ ခေါင်းကို လေးပင်စွာခါရမ်းမိလိုက်သည်။ သို့နောက်

www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ်တက်ကာ မှောက်အိပ်ပစ်လိုက်၏။ အေးနွယ်ဇင်အတွက် သူ့စိတ်တွေကို ခဏတော့ အကြောဖြေပေးသင့်သည်ဟု သူ့ဘာသာသူ ယူဆမိလိုက်သောကြောင့်ပင်။

⌘

www.burmeseclassic.com

www.burmeseclassic.com



နေဝင်တယ်ဆိုတာ
အသွားပုံ့တဲ့ ဓားတစ်ချောင်း သေဆုံးခြင်းပဲ
တိမ်အုပ်တွေကို လပ်ယပ်ခေါ်မယ်ကြံတော့
တောင်းတင်ကြီးက ပိုပိုပြီးတော့ ဝေး…ဝေးသွား
သက္ကရာဇ် ဘယ်နှခုအထိ
မြို့ပျက်ယဉ်ကျေးမှုတွေနဲ့ လမ်းသလားနေရမှာလဲ။

(ခြောက်သွေ့ရာဇဝင်မှ…)
(၂၀၀၀ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ စာမေးပွဲဖြေရက် ပထမဆုံးနေ့ဖြစ်သောကြောင့် ဒဂုံတက္ကသိုလ်သည် ခါတိုင်းလိုမဟုတ်ဘဲ တစ်မျိုးတစ်ဖုံ ရင်ခုန်ဖို့ကောင်းနေသည်။ ကျောင်းသူ ကျောင်းသားများသည် ဟိုနေရာတစ်စု သည်နေရာတစ်စု ပြန့်ကျဲ…တချို့လည်း အဖော်မပါ တစ်ကိုယ်တော်ရှိကြကာ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ကိုယ်ဖြေဆိုရမည့် ဘာသာရပ်အပေါ် အာရုံဝင်စား ကျက်မှတ်နေကြ၏။

စာမေးပွဲဖြေဆိုရမည့် အချိန်က မနက် ၉ နာရီဖြစ်ရာ ကြားထဲမှာ အချိန်တော်တော် ရှိနေသေးသည်။ အခုမှ မနက် ၇ နာရီခွဲပြီးစ။

သူက အေးနွယ်ဇင်ထိုင်တတ်သော ရွှေပုလဲကင်တင်းသို့ သွားရောက်ရန် ဆန္ဒပြင်းပြနေမိသည်။ စာကြည့်ချိန် ကျောင်းပိတ်ရက်ကာလ တစ်လျှောက်လုံး သူမကို တွေ့မြင်ခွင့် ဆုံးရှုံးခဲ့ခြင်းက ထိုဆန္ဒကို ပိုမိုပြင်းထန်လာအောင် တွန်းအားပေး၏။ ထိုသို့ဖြင့် သူ့ခြေလှမ်းတွေကို ရွှေပုလဲဆီ စတင်လှမ်းလျှောက်လိုက်သည်။

ရုတ်တရက်…သူလျှောက်လှမ်းဆဲ ခြေလှမ်းတို့က မြင်ကွင်းတစ်ခုကြောင့် အလိုအလျောက် တွန့်ဆုတ်သွားကြ၏။ သူ့ရှေ့သွားမလှမ်းမကမ်းမှာ Chemistry မေဂျာမှ ဗရုတ်ကျသော ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တွေအဖွဲ့။ သူတို့တွေ မတ်တပ်ရပ်ပြီး စကားပြောနေကြသည်။ သူ့ကို တော့ မမြင်တွေ့ကြသေး။

ဘာလုပ်လို့ ဘာကိုင်ရမည်ဆိုတာကို သူ ချက်ချင်းဝေခွဲမရ။ နောက်မှ ထို Chemistry မေဂျာအဖွဲ့ကိုရှောင်ပြီး တခြားလမ်းမှသွားရန် အကြံရသည်။ အကြံအတိုင်း သူလှည့်ထွက်လိုက်သည်။ ခြေလှမ်း သုံးလှမ်းလောက် လှမ်းပြီးချိန်တွင် နောက်ဖက်ပြန်လှည့်ကြည့်လိုက်ရာ Chemistry မေဂျာက ကောင်မလေးတွေအားလုံး ပုံစံမပျက် ကျန်ရစ်ခဲ့ တာကို တွေ့ရတော့မှ သူ အသက်ဝဝ ရှူရဲတော့၏။

အင်း…အေးနွယ် ကျောင်းကို ရောက်ရောရောက်ပါဦးမလား၊ စောများနေမလားပဲဟု သူ့စိတ်ထဲ တွေးမိပြန်တော့ ခြေလှမ်းတို့က အလိုလိုအားပျော့သွားသည်။ အေးနွယ်ရှိနေမှာပါ ဒီနေ့ စာမေးပွဲ ပထမဆုံးနေ့ဆိုတော့ ဘာပဲဖြစ်ဖြစ် စောစောရောက်လာမှာ သေချာပါ တယ်ဟု တွေးမိသောအခါ သူ့ခြေလှမ်းတွေက မြန်ဆန်သွက်လက်မိ ပြန်သည်။

သူ့စိတ်ကူးနှင့်ယှဉ်ကာ ခြေလှမ်းတို့က လေးလံသွားလိုက် မြန်ဆန်သွားလိုက်ဖြစ်နေရင်း လမ်းထောင့်ချိုးတစ်ခုကို အကွေ့…

"ဟဲ့…ငမွဲလေး…အဲ…မှားလို့…ဟဲ့စာအုပ်လေး"

အသံထွက်ပေါ်လာရာ နေရာက သူနှင့်မျက်နှာချင်းဆိုင်ကနေ ဘွားခနဲပေါ်ထွက်လာသော Chemistry မေဂျာမှ အလွန်ဗရုတ်ကျသည့် ကောင်မလေးတွေအဖွဲ့ဆီမှ ဖြစ်နေလေသည်။

◉

www.burmeseclassic.com

www.burmeseclassic.com



နီးရာ စားပွဲလွတ်တစ်လုံးမှာ သူဝင်ထိုင်လိုက်သည်။

တစ်ဆိုင်လုံးကို ဟိုဟိုသည်သည်ကြည့်ရင်း စိတ်ထဲမှနေ၍ 'ဒုက္ခပဲ…ဒုက္ခပါပဲ'ဟု ရေရွတ်မိလိုက်၏။

ပထမရေရွတ်မိသော 'ဒုက္ခပဲ'ဆိုတာက ဆိုင်ထဲမှာ သူတွေ့ချင်နေသော အေးနွယ်ဇင်ကို ရှာမတွေ့သောကြောင့် ရွတ်မိလိုက်တာဖြစ်ကာ ဒုတိယမြောက် 'ဒုက္ခပါပဲ'ဆိုတာကတော့ အလွန်ဗရုတ်ကျသည့် Chemistry မေဂျာမှ ကောင်မလေးတွေ အဖွဲ့မှနှစ်ယောက်က သူနှင့်အတူ တစ်စားပွဲတည်း လာထိုင်လာသောကြောင့်ဖြစ်၏။

သည်ရွှေပုလဲကင်တင်းကို သူလာရာလမ်းတစ်လျှောက်လုံး Chemistry မေဂျာမှ ကောင်မလေးတွေက သူ့ကိုနောက်ပြောင်ပြီး လိုက်လာကြသည်။ ခက်တာက ထိုမျှနှင့်မပြီးသေးဘဲ ယခု သူဝင်ထိုင်သည့် စားပွဲမှာပါ ကောင်မလေးနှစ်ယောက်က အတူဝင်ထိုင်ကာ စာတွေ အော်ကျက်နေပြန်သည်။ ကျန်ရှိသည့် Chemistry မေဂျာမှ ကောင်မလေးသုံးယောက်ကတော့ ဘေးစားပွဲမှာ ထိုင်ကြကာ ပြုံးစိပြုံးစိလုပ်နေကြ၏။

မှန်းကြပ်သည့် ဖိစီးမှုအောက်တွင် သူ့ရင်ဘတ်သည် အသက်ရှူကြပ်နေသည်။ အေးနွယ်ရေ…နင် ဘယ်မှာလဲ။ အေးနွယ်ဇင်နှင့် တွေ့လျှင် ကောင်းမည်ဟု အောက်မေ့မိပြန်သည်။

"ဟဲ့…ငါတို့က စာကျက်နေတာ…နင်က မကျက်ဘူးလား"

အတူထိုင်နေသော Chemistry မေဂျာမှ ကောင်မလေးတစ်ယောက်က သူ့ကိုမေးသည်။ သူက…

"ကျွန်…ကျွန်တော် အိမ်က ကျက်လာပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး နင့်ကို ဘယ်သူက မေးလို့လဲ၊ ငါက ငါ့သူငယ်ချင်းကို မေးတာ"

စပ်ဖြဲဖြဲမျက်နှာလေးဖြင့် စောစောကပဲ သူ့ကိုမေးခွန်းထုတ်သည့် ကောင်မလေး၏ အပြောကြောင့် သူရှက်သွားမိသည်။ ဒါကို ဘေးဝိုင်းမှာထိုင်နေကြသော ကျန်သည့် Chemistry မေဂျာမှ ကောင်မလေးသုံးယောက်က ဝိုင်းရယ်မောကြ၏။

"ခစ်…ခစ်…ခစ်"

သူ့စိတ်ကိုသူ အရမ်းကြီးမလှုပ်ရှားအောင် အတတ်နိုင်ဆုံး ထိန်းနေရသည်။ ရယ်သံတွေကြောင့် တခြားစားပွဲဝိုင်းများမှာ ထိုင်နေသူများက သူ့ဆီ အာရုံစိုက်လာတော့ ပိုဆိုးသည်။ တောင်းပန်ပါတယ်၊ ထွက်သွားကြပါ၊ ကျေးဇူးပြု၍ ငါ့အနားက ထွက်သွားကြပါ၊ သူ့စိတ်ထဲက အသံတွေကို ဘယ်သူကမှ မကြားရသဖြင့် ဘယ်သူကမှ ထွက်မသွားကြ။ မနက်စောစောစီးစီး အအေးတစ်ပုလင်းမှာသောက်မိသော်လည်း သူ့ရင်ထဲမှာတော့ ပူလောင်နေဆဲပင်။

"ဟော့…သူရိန်…နင်က စာမကြည့်ဘဲ ဒီမှာ ကောင်းစားနေတယ်ပေါ့"

အသံနှင့်အတူ ရောက်လာသော အရိပ်တစ်ခုကြောင့် သူမော့ အကြည့်…

"ဟင်…ယုယ"

"ယုယမနေနဲ့…လာ…ထ…ငါ့ကို စာမေးပွဲခန်းထဲ လိုက်ပို့"

ခါတိုင်းဆိုလျှင် ယုယသွယ်က သူ့ကို သည်လိုမျိုး ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွေဘာတွေ လိုက်မပို့ခိုင်းတတ်။ သည်နေ့မှ ဘာစိတ်ကူးပေါက် ရသည်မသိ။ ထား…လောလောဆယ်တော့ ယုယသွယ်ကို သေချာ ပေါက်လိုက်ပို့ရမည်။ ယုယသွယ်ရောက်လာတာကိုက သူ့အတွက် ဘုရားမတာပဲ။ အပျော်စိတ်က သူ့ခန္ဓာကိုယ်ကို လွတ်လပ်ပေါ့ပါးစွာ ကြွတက်လာစေသည်။ သူ ဆတ်ခနဲထရပ်လိုက်သည်။

"ဩော့…ဩော်…ငါတို့က စာအုပ်လေးကို မခုတ်တတ်တဲ့ ကြောင်ကလေးလို့ ထင်နေတာ၊ သူကတော့ ဟောတစ်ယောက်၊ ဟော တစ်ယောက်ပဲဟော့"

ထုံးစံအတိုင်း သူ့ကို နောက်ပြောင်နေကျ Chemistry မေဂျာ မှ ကောင်မလေးက လှမ်းခနဲ့လိုက်တာဖြစ်သည်။ ထိုကောင်မလေး၏ စကားကြောင့် ယုယသွယ်မျက်နှာတစ်ချက် ပျက်သွားတာကို သူက မြင်ဖြစ်အောင် မြင်မိလိုက်သည်။

"လာ…လာ…ယုယ…ငါတို့ သွားကြရအောင်"

လမ်းရောက်မှ ယုယသွယ်ကို သည်ကိစ္စတွေ ရှင်းပြတော့ မည်ဟု ဆုံးဖြတ်ကာ အအေးဖိုးရှင်းငွေကို စားပွဲခုံပေါ်တင်ခဲ့ပြီး ယုယသွယ် ကို ဆွဲခေါ်၍ ဆိုင်ထဲကနေ သူထွက်လာခဲ့တော့သည်။ အခုတစ်ခေါက် တော့ Chemistry မေဂျာ ကောင်မလေးတွေတစ်ဖွဲ့လုံး တစ်ယောက်မှ သူတို့နောက် လိုက်မလာကြတော့…။

◉

"နင်ခုလို ရှင်းမပြခင်ကတည်းက Chemistry မေဂျာက ဒီမိန်းမတွေအကြောင်း ငါသိပြီးသားပါ၊ သူတို့အဖွဲ့က တကယ့်ကို ငလောင်အဖွဲ့ဟ"

www.burmeseclassic.com

www.burmeseclassic.com



ယုယသွယ်ကလည်း သူ့ကို ထို Chemistry မေဂျာအဖွဲ့ထဲ ဆားညှပ်နေမှန်းရိပ်မိ၍ တမင်တကာ ခေါ်ထုတ်လာတာဖြစ်ကြောင်း ရှင်းပြတော့မှ ယုယသွယ်၏ အကင်းပါးပုံကို သူကြိတ်ပြီး ချီးကျူးမိလိုက်သည်။

"ဒါပေမယ့်…သူရိန်ရယ်၊ နင့်ကို အဲဒီငလောင်မတွေ အဖွဲ့ထဲကနေ ပထမဆုံးကယ်တင်လိုက်တဲ့သူက ငါဖြစ်မနေခဲ့ဘူးနော်"

ယုယသွယ်၏ လေသံက ချက်ချင်းကြီး ပျော့ကျသွားသယောင် သူ ခံစားမိလိုက်၏။ သို့သော် မသေချာ။

"သူရိန်…နင်ကလည်း နင်ပဲနော်၊ ကောင်မလေးတွေကို ကြောက်တတ်ပါတယ်ဆိုမှ ဒီငလောင်အဖွဲ့နဲ့မှ ရေစက်က ဆုံရတယ်လို့ပဲ"

"အေးဟာ…ဘယ်တတ်နိုင်ပါ့မလဲ၊ ငါလည်း ရှောင်တော့ ရှောင်တာပဲ၊ ဒါပေမယ့် မရမှ မရတာ"

စကားတပြောပြောဖြင့် နှစ်ယောက်သားလျှောက်လာကြရာ ယုယသွယ် စာမေးပွဲဖြေဆိုမည့် အခန်းနားသို့အရောက်မှာ တစ်စုံတရာကို ရိပ်ခနဲသူမြင်တွေ့လိုက်သည်။

"ယုယ…ခဏနေဦး"

သူတို့နှစ်ယောက်နှင့် အနည်းငယ်လှမ်းသော နေရာတွင်ရပ်ကာ စကားပြောနေကြသည့် မိန်းကလေးအုပ်စုတစ်ခုထဲမှ တစ်ယောက်ကို သူက ညွှန်ပြလိုက်ပြီး…

"အဲဒါပေါ့…ငါ ပြောပြောနေတဲ့ အေးနွယ်ဇင်ဆိုတာလေ"

ယုယသွယ်က နေရာမှာရပ်၍ အေးနွယ်ဇင်ကို သေသေချာ

www.burmeseclassic.com



ချာကြည့်ကာ ထူးဆန်းစွာ ငြိမ်သက်နေသည်။ ထိုအချိန်မှာပဲ အေးနွယ်ဇင်က သူငယ်ချင်းများနှင့်အတူ တစ်နေရာသို့ လှည့်ထွက်သွားသည်။

သူ လိုက်သွားရန်ပြင်ပြီးမှ ယုယသွယ်ကို အားနာသွားကာ မလိုက်ဘဲငြိမ်နေလိုက်၏။ ထိုအခိုက်မှပဲ ယုယသွယ်အကြည့်က သူ့ထံ ရွေ့လာကာ...

"ငါ သူ့ကိုသိနေသလိုပဲ...သူရိန်...ဒါပေမယ့်"

စကားကို မဆက်ဘဲ ရပ်နေသည်။ ပြီးမှ...

"ကဲ...ကဲ...သွားတော့ သူရိန်...စာမေးပွဲချိန် နီးနေပြီ"

⌘

www.burmeseclassic.com

www.burmeseclassic.com



***Friday***

Although he is fear,
Finally,
he will found the strength
from that fear.

www.burmeseclassic.com

www.burmeseclassic.com



<u>သောကြာနေ့</u>
သာမာန်အားဖြင့်တော့ သူက ကြောက်တတ်တယ်
ဒါပေမယ့်
နောက်ဆုံးမှာ အဲဒီကြောက်ရွံ့မှုထဲကပဲ
အားအင်တွေကို သူရှာဖွေလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

www.burmeseclassic.com

www.burmeseclassic.com



အေးနွယ်ဇင်က သောက်လက်စ ကော်ဖီခွက်ကို စားပွဲပေါ် အသာပြန်ချကာ ဆိုင်အပြင်ဘက်သို့ ငေးကြည့်နေသည်။ အပြင်ဘက်တွင် စက်တင်ဘာမိုးက ပျင်းစရာကောင်းသော တယောသံလိုမျိုး တအီအီရွာသွန်းနေ၏။

တစ်ခုခုကို ပြောမယ်ဟန်ပြင်ပြီးကာမှ မပြောဖြစ်တော့ဘဲ အေးနွယ်ဇင်၏ မျက်နှာလေးကို သူငေးကြည့်နေဖြစ်သည်။ သူမကတော့ သူ့အကြည့်ကို သတိမထားမိ။ ဆိုင်အပြင်ဘက်က မိုးရေစက်များကိုသာ ငေးကြည့်နေဆဲပင်။

ခဏကြာတော့ သူမမျက်ဝန်းက သူ့ဖက်သို့အလှည့်တွင် စိုက်ကြည့်နေသည့် သူ့မျက်ဝန်းများနှင့် တည့်တည့်ဆုံသည်။ သို့ရာတွင် သူမမျက်နှာက ထူးထူးခြားခြား ပြောင်းလဲမသွား။ အနည်းငယ် အံ့အားသင့်ရုံမျှလောက်သာ ဖြစ်သွားပြီး ပုံမှန်အတိုင်း ပြန်ဖြစ်သွား၏။ တကယ်တမ်းတွင်မူ သူမမျက်ဂန်းများသည် ပုံမှန်အတိုင်းဆိုသည်ထက် နည်းနည်းပို၍ အေးစက်နေသလားတောင် သူက ထင်မိလိုက်သည်။

“မနက်ဖြန်ဆိုရင် စာမေးပွဲနောက်ဆုံးနေ့ပဲနော်”

သူ့စကားကို သူမက ခေါင်းညိတ်ပြရုံ အသိအမှတ်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် စာမေးပွဲပြီးရင် အေးနှယ်ကို ကျွန်တော် ဘယ်မှာ လာတွေ့ရမလဲ"

သူ့လေသံတွေက တော်တော်လေး နူးညံ့ကြည်သာနေမှန်း သူဘာသာသူ ပြန်သတိထားမိလိုက်သည်။

"အင်း…စာမေးပွဲပြီးရင် တို့ ဒီကျောင်းထဲက တစ်နေရာရာ မှာတော့ ရှိနေမှာပဲ၊ ယူ တွေ့အောင်ရှာပေါ့"

သူမပုံစံကြည့်ရတာ သိပ်စိတ်ပါလက်ပါ ရှိပုံမရ။ ဘာ့ကြောင့် ပါလိမ့်။

"ကဲ…သူရိန်၊ တို့သွားတော့မယ်၊ ယူနေခဲ့…မလိုက်ခဲ့နဲ့၊ တို့တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားချင်လို့…"

ပြောပြောဆိုဆို ကျောပိုးအိတ်ထဲမှ ထီးကိုထုတ်ကာ ထထွက် သွားသော သူမကို သူ အူတိအူကြောင် ငေးကြည့်နေမိသည်။ တားဆီးဖို့ မကြိုးစားမိ။

တားဆီးချင်စိတ်လည်းမရှိတော့။

**ထီးကလေးဆောင်းပြီး မိုးရေထဲ ဘာ၏ကျောမ်းချင်း တိုးဝင်သွားသော သူမ၏နောက်ကျောပြင်ကို လွမ်းလှမှိုင်ဝေစွာ သူငေးကြည့်ရင်း ကျန်နေခဲ့သည်။**

သူမက အခုစာမေးပွဲကာလအတွင်းမှာ သူ့အပေါ် ဆက်ဆံတာ တစ်မျိုးဖြစ်နေသည်ဟု သူထင်မိသည်။ အရင်ကထက် နည်းနည်းစိမ်း သွားသလားပဲ။ စာမေးပွဲမှ မပြီးသေးတာ…ငါ သူ့ကို ဖိအားမပေး သင့်ဘူးလေ။

ဘာပဲဖြစ်ဖြစ် မနက်ဖြန် စာမေးပွဲပြီးမည်။ ထိုအခါ သူမသည် သူ့အတွက် အဖြေတစ်ခုရမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဖြေက ဘာဖြစ်မည်လဲဆိုတာ သူ မခန့်မှန်းတတ်သေး။ ဆိုင်အပြင်ဘက်က မိုးရေစက်များကို အဓိပ္ပာယ်မဲ့စွာ သူငေးကြည့်မိလိုက်၏။ အရာရာတိုင်းသည် သူ့အတွေးထဲတွင် အသိရခက်ခဲ၍ လေးလံဝေဝါးလွန်းနေသလို ခံစားမိလေသည်။

◉

ပထမဆုံး စာမေးပွဲခန်းအပြင်ဘက်ကို ထွက်သည်။ တစ်ဆက်တည်းမှာပဲ စာမေးပွဲခန်းအပြင် စကြံန်လမ်းပေါ်မှတစ်ဆင့် သူတို့ အင်္ဂလိပ်စာဌာနစာမေးပွဲခန်းတွေကို စုဆက်တွဲသီထားသည့် အဆောင်နံပါတ် ၂၉ ၏ ဝင်ပေါက်ဆင်ဝင်အောက်ကို ထွက်သည်။

သူ့ထက်အရင် အဆောင်ပြင်သို့ ရောက်နှင့်နေသော ကျောင်းသားကျောင်းသူများကို လွတ်လပ်တက်ကြွစွာ တွေ့ရ၏။ ထိုအဖွဲ့ထဲတွင် လင်းထင်လည်း ပါဝင်နေသည်။ လင်းထင်က သူ့ကိုတွေ့တော့ သူ့ထံ လျှောက်လာကာ…။

“ဘယ်လိုလဲ သူရိန်၊ ဖြေနိုင်တယ်မဟုတ်လား”

“အေး…ဖြေနိုင်တယ်ကွ”

“ဘာလိုလို့နဲ့ စာမေးပွဲတောင် ပြီးသွားပြီ၊ မင်း ဒီနေ့ ငါတို့နဲ့ လိုက်မယ်မဟုတ်လား”

မျှော်လင့်တကြီးကြည့်ကာ မေးနေသော လင်းထင်၏မေးခွန်းကို သူချက်ချင်းပြန်မဖြေနိုင်။

“နေပါဦး…မင်းက ဘယ်သွားမလို့လဲ၊ ပြီးတော့ မင်းတို့ ဆိုတာက ဘယ်သူတွေ ပါသေးလို့လဲ”

မေးခွန်းတွေ ပြန်မေးလိုက်ပေမယ့် လင်းထင်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေပါသလဲဆိုတာကို သူရိပ်မိပါသည်။ ဘယ်သူတွေပဲပါပါ ဘယ်နေရာပဲသွားသွား သူကတော့ မလိုက်နိုင်တော့။ ချစ်လှစွာသော အေးနွယ်ဇင် တစ်ဖြစ်လည်း သူ၏ အမည်မသိကောင်မလေးကို ရှာဖွေရမည့်တာဝန်က ရှိသေးသည်။ ဒါတင်မက တောင်းခံရမည့် အကြွေးတစ်ခုလည်း ကျန်နေသေးသည်လေ။

"ကဲပါ လင်းထင်ရယ်၊ မင်းတို့ ဘယ်သွားကြမလဲဆိုတာသာ ငါ့ကိုပြောခဲ့၊ အခုတော့ ငါမလိုက်နိုင်သေးဘူး"

သူ့အပြောကြောင့် လင်းထင်က သူ့ကိုအလိုမကျသလို ကြည့်ကာ…

"မင်း အခုတစ်ခါတည်း ငါတို့နဲ့ မလိုက်ဘူးလား"

"အေး…မလိုက်နိုင်သေးဘူး၊ ငါ ယုယသွယ်ဆီ သွားရဦးမှာ"

အမှန်တော့ အေးနွယ်ဇင်ကို လိုက်ရှာရမှာဖြစ်ပေမယ့် လင်းထင်ကို အပိုစကား မပြောလိုသောကြောင့် ယုယသွယ်ဆီ သွားစရာရှိသလိုလို ပုံစံမျိုးဖမ်းလိုက်ရခြင်းပင်။

"အဲဒါဆိုလည်း မင်းနေခဲ့တော့ကွာ၊ ငါတို့က အခုထိ ဘယ်သွားမယ်…ညာသွားမယ်ဆိုပြီး တိတိကျကျ မဆုံးဖြတ်ရသေးဘူး"

လင်းထင်က သူ့ကို တစ်ချက်ပြုံးပြကာ လှည့်ထွက်သွားသည်။ သူလည်း အေးနွယ်ဇင်ကို ရှာရန်အတွက် ရင်ခုန်သံနှင့်ပျိုးယူထားသော ပထမဆုံးခြေလှမ်းကို စတင်လှမ်းလိုက်၏။

အရင်ဦးဆုံး သူမထိုင်တတ်သော ကျောင်းကင်တင်းများထိုမှတစ်ဆင့် သူမ၏ရှူးအဆောင်၊ နောက်ဆုံး ဘယ်မှာမှ ရှာမရသော့

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဒဂုံတက္ကသိုလ်အနီး ဦးတည်ရာမဲ့ သူလျှောက်သွားနေ တော့သည်။ စာမေးပွဲပြီးဆုံးသွားပြီဖြစ်သည့် တခြားကျောင်းသူကျောင်း သားများ၏ အပျော်မျက်နှာတွေကြားတွင် သူ့မျက်နှာက စိတ်ပျက် မျက်နှာဖြစ်နေသည်။ ထိုအခိုက်…

မြင်ကာစတုန်းက သူခဏကြောင်သွားသည်။ မြင်နေရသည့် မြင်ကွင်းကို စိတ်က လက်မခံချင်။ **သေချာနိုင်မာနေသော မြင်ကွင်း ကို ကြည့်နေရင်း တစ်စတစ်စ အသိဝင်လာတော့ သူ့ဒူးတွေ ခိုင်ဘဲ ညွတ်ကျလုညွတ်ကျခင် ဖြစ်သွားသည်။** သို့သော် စိတ်ကို အချိန်မီထိန်းလိုက်နိုင်၏။ သူ့ရှေ့မှာ ကောင်လေးတစ်ယောက် နှင့် လက်ချင်းတွဲ လျှောက်နေသည့် အေး…နွယ်…ဇင်။

ထိုအချိန်မှာပဲ အေးနွယ်ဇင်တို့ စုံတွဲကလည်း သူ့ကို မြင်သွား ကြသည်။ သူ့အနားကိုရောက်လာတော့…

"ဘယ်လိုလဲ သူရိန်၊ မင်းတစ်ယောက်တည်းလား၊ မင်းပုံစံ ကြည့်ရတာ ရည်းစားပျောက်ကို လိုက်ရှာနေတဲ့ပုံပဲ"

အေးနွယ်ဇင်နှင့် လက်ချင်းတွဲလာသူက သူ့ကို စကားစပြော လိုက်တာကြောင့် ထိုလူကို သေသေချာချာ ကြည့်မိတော့…

"ဟာင်"

"အံ့ဩသွားလား သူရိန်၊ ယူ့ကို ကျော်နဲ့မိတ်ဆက်ပေးစရာ တော့ လိုအပ်မယ်မထင်ပါဘူးနော်"

အေးနွယ်ဇင်က သူ့ကို မခိုးမခန့်ကြည့်ရင်းပြော၏။ သူကတော့ ရှက်စိတ်တွေနှင့် ထုပူနေပြီ။ သူတို့စုံတွဲကို ဘာစကားမှ ပြန်မပြော နိုင်။

www.burmeseclassic.com

www.burmeseclassic.com



အား…ဘာတွေလဲ…ဘာဖြစ်လို့ ငါက ဒီလောက်ကံဆိုးရတာလဲ။ တရားခံက ဘယ်သူလဲ။ သူ့တစ်ကိုယ်လုံး ရှက်စိတ်၊ ဒေါသစိတ်တွေနှင့် တုန်ယင်နေသည်။ ကျော်ဟု အမည်တွင်သော လူ၏မျက်နှာကို သူ မုန်းမုန်းတီးတီး ကြည့်မိသည်။ ထို့နောက် အေးနွယ်ဇင်၏ မျက်နှာ။

"အေးနွယ်ကို အပြစ်မတင်ပါနဲ့ သူရိန်ရာ၊ မင်းတစ်ခါတုန်းက ငါ့အပေါ် အနိုင်ယူသွားခဲ့တဲ့အတွက် ငါက ငါ့ချစ်သူအေးနွယ်ရဲ့ အကူအညီနဲ့ ဒီလိုလေး စီစဥ်လိုက်ရတာပါ၊ မင်းအတွက် စာမေးပွဲနောက်ဆုံးနေ့ မမေ့နိုင်တဲ့ လက်ဆောင်ပေါ့ကွာ"

အထက်စီးဆန်သည့် လေသံနှင့် ကျော်က သူ့ကိုကြည့်ကာ ပြော၏။ ကျော်ဆိုသူမှာ တစ်ခါတုန်းက ဘောလုံးပွဲတစ်ပွဲတွင် သူ့ကြောင့် ထိခိုက်ဒဏ်ရာရသွားဖူးနေသည့် Physics မေဂျာမှ နောက်တန်းကစားသမားဖြစ်နေသည်။ ကံဆိုးတာက ကျော်က အေးနွယ်ဇင်၏ ချစ်သူဖြစ်လို့နေခြင်းပင်။ ထို့ထက်ပိုကံဆိုးတာက အတွေ့အကြုံမရှိသော သူက ကျော်နှင့်အေးနွယ်ဇင်၏ လှည့်ကွက်ထဲမှာ အလွယ်တကူ ကျဆုံးသွားရခြင်းပဲ ဖြစ်လေသည်။

◉

သူ့ပါးပြင်ကို ဘယ်နေရာက ရောက်လာမှန်းမသိရသော မျက်ရည်စက်များ ကျဆင်းလို့လာသည်။ အလိုလိုနေရင်း ဝမ်းနည်းစိတ်က ရင်ဘတ်ထဲကနေ လည်ချောင်းတစ်လျှောက် လှိုက်ခနဲလှိုက်ခနဲ တက်ဆောင့်၏။ **အလွယ်တကူ ပြောပြ၍မရပေမယ့် နဂိုနေအတိုင်း မဟုတ်ဘဲ တစ်စုံတစ်ခုကတော့ သူ့အတွက် ကြီးကြီးမားမား**

www.burmeseclassic.com

www.burmeseclassic.com



**ဆုံးရှုံးခဲ့ပြီဟူသော အသိကြောင့် ခံစားရသမျှ အရာအားလုံးသည် အထိမခံနိုင်လောက်အောင် နာကျင်ခဲ့ရပြီ။**

ငါ...ငါ...ဟာ...သိပ်ရှက်စရာကောင်းလိုက်တာ။ သူ့စိတ်ကူးအကြံအစည်မှန်သမျှ အကောင်းပကတိမဟုတ်ဘဲ ဒဏ်ရာဒဏ်ချက်တွေနှင့် ပြည့်နှက်နေသည်။

လတ်လတ်ဆတ်ဆတ် ရှိနေသည့် နှလုံးသားအနာရှိန်ကြောင့် သူ ထိုင်မရ ထမရဖြစ်နေသည်။ အခန်းကျဉ်းလေးထဲမှာ သူရူးတစ်ယောက်လို သူလှည့်ပတ်လမ်းလျှောက်နေဖြစ်၏။ ငါ့ဘက်မှာ တစ်ယောက်မှ မရှိဘူး။ ငါ့ဘက်မှာ တစ်ယောက်မှမရှိဘူး။

ခဏကြာတော့ ကုတင်ပေါ် သူတက်အိပ်သည်။ ကြာကြာမနေ။ ပြန်ထသည်။ ဖြစ်ပြီးသမျှကို ပြန်စဉ်းစားသည်။ ဒါ...တကယ်မဟုတ်ဘူး။ ဒါ အိပ်မက်မက်နေတာပဲဟု သူ့ကိုယ်သူ အားပေးစကားပြောသည်။ နောက်တော့လည်း သူတို့ငါ့ကို လုပ်ကြံတာ၊ အားလုံးပေါင်းပြီး လုပ်ကြံကြတာဟု ရေရွတ်ကာ သူ ရှိုက်ကြီးတငင် ငိုမိပြန်၏။

ငိုနေရင်းတန်းလန်း တစ်ခုခုကို သူတွေးမိသွားသည်။ သူ့မျက်လုံးတွေက ချက်ချင်းငိုရပ်သွားပြီး ထူးဆန်းသော ရက်စက်မှုအရိပ်အငွေ့တွေ ထင်ဟပ်လာသည်။ အစက ငိုရလွန်းသဖြင့် တုန်ခါနေသည့် သူ့ခန္ဓာကိုယ်က ဖြည်းဖြည်းချင်း ငြိမ်သက်လာသည်။ သူ အံကို တင်းတင်းဖိကြိတ်မိ၏။ ထို့နောက် ငရဲကျသလို ပူလောင်နေရသော ခံစားရမှုများမှ လုံးလုံးလျားလျား ကင်းဝေးနိုင်စေမည့် ဆုံးဖြတ်ချက်တစ်ခုကို မိုက်မဲစွာဖြင့် အဆောတလျင် ချလိုက်မိလေ၏။

⌘

www.burmeseclassic.com

www.burmeseclassic.com



## ဘာဖြစ်လဲ

တစ်သံသရာလုံး
ကံဆိုးမိုးမှောင်ကျမှုတွေနဲ့
ဘယ်တော့မဆို
ပြောဆိုဆုံးမရခက်တဲ့ တပ်မက်စိတ်
အခုတော့
ငါ အားလုံးကို တံခါးပိတ် ရိုက်လိုက်ပြီ
ဘာဖြစ်လဲ
ပြော…ဘာဖြစ်လဲ။

(ဘာဖြစ်လဲမှ…)
(၂၀၀၈ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

www.burmeseclassic.com

www.burmeseclassic.com



"နင် မတရားဘူး…အေးနွယ်ဇင်…နင် လုံးဝ မတရားဘူး"

ဒေါသကြောင့် ယုယသွယ်၏အသံတို့သည် တည်ငြိမ်မှုမဲ့စွာ တုန်ခါနေသည်။

"နင့်မှာ ရည်းစားရှိတဲ့အကြောင်း ဘာလို့ စောစောစီးစီး သူရိန်ကို ဖွင့်မပြောဘဲ လှည့်စားရတာလဲ"

"တို့လည်း စိတ်မကောင်းပါဘူး ယုယသွယ်ရာ၊ ဒါဟာ အစကတည်းက ကြိုတင်ကြံစည်ခဲ့တာလည်း မဟုတ်ပါဘူး"

အေးနွယ်ဇင်၏ မျက်နှာပေါ်တွင် အမှန်တကယ် စိတ်မကောင်းပုံပေါ်လွင်နေသည်။

"တို့ကို သူ ရည်းစားစကား ဖွင့်ပြောပြီး နောက်မှပဲ တို့ချစ်သူ ကျော်ရဲ့ကိုယ်စား ကလဲ့စားချေဖို့ ဖြစ်လာတာပါ၊ အဲဒီရေ့ပိုင်းမှာတော့ တို့ သူ့အပေါ် ရိုးသားခဲ့တယ်ဆိုတာ ကျိန်ပြောဝံ့ပါတယ်"

ရန်ကုန်မြို့၏မိုးကလည်း သူမတို့နှစ်ယောက် စကားဝိုင်းလိုပင် စိတ်ပျက်ဖွယ်ရာ အုံ့မှိုင်းနေသည်။

ယုယသွယ်က အပေါ်မှ အုပ်မိုးကိုင်းညွတ်ကျနေသော

www.burmeseclassic.com

www.burmeseclassic.com



ဗိတောက်ကိုင်းတစ်ခုမှ ဗိတောက်ရွက်တစ်ရွက်ကို ဖျပ်ခနဲဆွဲဆောင့်ယူပစ်ကာ လက်ထဲတွင် လုံးခြေလိုက်၏။ တစ်ဆက်တည်း...

"နင့်ကြောင့် သူရိန် ဘယ်လောက်ထိ ခံစားသွားရလဲဆိုတာ နင်သိလား အေးနွယ်ဇင်"

"တို့မသိဘူး ယုယသွယ်၊ သူရိန်နဲ့ကိစ္စမှာ တို့ဘက်က လွန်တယ်ဆိုတာ မှန်ပါတယ်၊ ဒါကလည်း တို့ချစ်သူကျော့်အတွက် ကူညီနိုင်တာကို ကူညီတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျော့်ဟာ သူရိန်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ဖူးလို့ပဲ၊ ပြီးတော့ ကျော့်ဟာ တို့နဲ့ပွင့်လင်းပြီးသားချစ်သူ၊ တို့နဲ့ လက်ထပ်မယ့်သူပဲ၊ သူနာကျင်ခံစားဖူးတဲ့ အရာတစ်ခုအတွက် တို့မှာ လက်စားချေပိုင်ခွင့်ရှိတယ်၊ ဒီနေ့ ယုချိန်းလို့ ဒီနေရာကို တို့လာတာက သူရိန်အတွက် တောင်းပန်ဖို့မဟုတ်ဘူး၊ သူရိန်နဲ့ဆက်ပြီး မပတ်သက်တော့ဘူးဆိုတာကို ပြောချင်လို့"

လက်ထဲမှ ဗိတောက်ရွက်ကလေးကို ယုယသွယ် ပိုပြီးတင်းကျပ်အောင် ဆုတ်ခြေလိုက်မိသည်။ အေးနွယ်ဇင်၏ မျက်နှာကို ရှုံ့ရှာစွာကြည့်မိကာ...

"နင်...နင်က အရမ်းတစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမပဲ"

ယုယသွယ် ဒေါသတကြီးနှင့် အော်ပစ်လိုက်၏။ ထိုအချိန်မှာပဲ အုံ့မှိုင်းနေသော မိုးသားထက်ဆီမှ ကျက်သရေကင်းမဲ့သော မိုးစက်များက ဗိတောက်ပင်ကြီးပေါ်မှတစ်ဆင့် သူမတို့နှစ်ယောက်အပေါ် အငြိုးကြီးစွာ ဝေါခနဲပြိုဆင်းကျလာ၏။

"နင်...နင့်ကြောင့် သူရိန်...သူရိန်...အိပ်ဆေးတွေသောက်ပြီး သူ့ကိုယ်သူ ဒုက္ခရောက်အောင်လုပ်တာ နင်သိလား အေးနွယ်ဇင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မျှော်လင့်ထင်မှတ်မထားသော စကားကိုကြားလိုက်သဖြင့် ရုတ်တရက် အေးနွယ်ဇင် ဘာလုပ်လို့ဘာပြန်ပြောရမှန်းမသိဖြစ်ကာ ပါးစပ်အဟောင်းသားဖြင့် ယုယသွယ်ကို ကြောင်ပြီးကြည့်နေမိသည်။

"သူရိန်ဟာ မိန်းကလေးတွေကို ကြောက်တတ်မှန်းလည်း နင်သိတယ်၊ သူရိန်ဟာ ရည်းစားလည်း မထားခဲ့ဖူးဘူးဆိုတာလည်း နင်သိတယ်၊ သူရိန် ခုလိုလုပ်သွားတာလည်း နင့်ကြောင့်ပဲ အေးနွယ်ဇင်၊ နင့်ရည်းစားအတွက် လက်စားချေချင်ရင် တခြားနည်းကို သုံးပါလား၊ ခုတော့ နင်က သူ့အားနည်းချက်ကိုမှ…နင်…နင်…နင် လုံးဝ လူမဆန်ဘူး အေးနွယ်ဇင်"

ဒေါသထွက်လွန်းရသောကြောင့်ပဲလား၊ အေးစက်သော မိုးရေတွေအောက် ရွှဲရွှဲစိုအောင် မတ်တပ်ရပ်နေရသောကြောင့်ပဲလားမသိ၊ ယုယသွယ်၏ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက်ရှိသည်။ အေးနွယ်ဇင်ကတော့ တစ်ခုခုကို ကြောက်ရွံ့သည့်မျက်နှာဖြင့် ယုယသွယ်ပြောသမျှကို ထိတ်လန့်တကြား နားထောင်နေမိ၏။ ရန်ကုန်မိုးသည် သူမတို့နှစ်ယောက်စလုံးအပေါ် မြားချက်တွေလို တဖြောဖြော ကျဆင်းနေဆဲပင်။

⌘

www.burmeseclassic.com

www.burmeseclassic.com



***Friday***

The facts we have can't be insufficient
for his normal condition.
He will be need miscrable feight.
So that, he can be escape from
abnormal condition.

www.burmeseclassic.com

www.burmeseclassic.com



__သောကြာနေ့__

သူ နဂိုအနေရောက်ဖို့
ငါတို့မှာရှိတဲ့ အချက်အလက်တွေနဲ့တင်
မလုံလောက်ဘူး
သူ့အတွက်
အဆုံးစွန်သော ကြောက်ရွံ့မှုလိုမယ်
ဒါမှသာ သူက အဆုံးစွန်ဆုံး ဖောက်ထွက်လာမယ်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

www.burmeseclassic.com

www.burmeseclassic.com



လေပြည်ပါးပါးတစ်ချက် တိုက်လိုက်သောကြောင့် နံဘေးမှ တစ်ထွာသာသာလောက်ရှည်သည့် မြက်ရိုင်းတောလေးတစ်ပြင်လုံး ညွတ်ညွတ်ပြေပြေ လှုပ်ခတ်သွားတာ မြင်ရ၏။

ရင်ဘတ်ထဲမှာ ပူလောင်နေသည်။ လျှောက်နေသော ခြေလှမ်းတို့က အားအင်မဲ့လျက်။ စီစီရီရီရှိနေသည့် အုတ်ဂူဖြူဖြူများကို ဖြတ်ပြီး အုတ်ဂူအသစ်စက်စက်တစ်လုံးဆီ သွားနေမိသည်။ ရေဝေးသုသာန်ကား အေးစက်စွာ...။

**ရည်ရွယ်ရာ အုတ်ဂူအသစ်စက်စက်ရှေ့ကို ရောက်တော့ ဒူးတွေအလိုလို ခွေညွတ်ကျသွားကာ ဒူးထောက်ထိုင်မိလျက်သား ဖြစ်သွား၏။**

ကျောမှာလွယ်ထားသော ကျောပိုးအိတ်ကိုဖြုတ်ပြီး အထဲမှ စာအုပ်ကလေးတစ်အုပ်ကို ထုတ်လိုက်၏။ စာအုပ်ကလေးကို ထုတ်နေစဉ်အတွင်း လမ်းတစ်လျှောက်လုံး လက်ထဲမှာ ဆုပ်ကိုင်ထားခဲ့သော အရာဝတ္ထုတစ်ခုကို လွတ်ကျမသွားအောင် သတိထားရသေးသည်။ ပြီးမှ စာအုပ်ကလေးကို လှန်လိုက်၏။

"သူရိန်...နင် မိန်းကလေးတွေကိုကြောက်တာလား သာမန်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်၊ ငါ…အဲ့ဒီအကြောင်းကို သိချင်နေခဲ့တာ၊ တစ်နေ့တော့ မထင်မှတ်ဘဲနဲ့ အင်တာနက်ထဲမှာ ချက်တင်ထိုင်ရင်း စိတ်ရောဂါကု ဆရာဝန်တစ်ယောက်နဲ့ ငါရင်းနှီးခွင့်ရလိုက်တယ်"

သုသာန်၏ အေးစက်နေသော လေထုထဲတွင် စကားသံက တိုးတိတ်စွာ ဆက်လက်ပေါ်ထွက်လာပြန်သည်။

"အဲဒီမှာ ငါနင့်အကြောင်းကို ပြောပြလိုက်တယ် သူရိန်ရယ်၊ တကယ်တော့ နင်ဟာ Female Phobia ဖီးမေးဖိုဘီးယားလို့ခေါ်တဲ့ မိန်းမပျိုလေးတွေကို ကြောက်တဲ့ရောဂါမျိုး ဖြစ်နေတာလို့ ဒေါက်တာ က ယူဆတယ်ဟ"

ဘယ်နေရာက ရောက်လာမှန်းမသိရသော ဝမ်းနည်းစိတ်က မျက်ဝန်းထဲတွင် မျက်ရည်တို့အား ငွေ့ရည်စုဖွဲ့စေသည်။ အသံတွေ တောင် တုန်ယင်နေပြီလား မပြောတတ်။

"သူရိန်ရယ်…တကယ်တော့ မိန်းမဆိုတာ ကြောက်စရာ မဟုတ်ပါဘူးဟာ၊ နင့်အပေါ် အေးနွယ်ဇင် လှည့်စားခဲ့တာတွေကို လည်း စိတ်ထိခိုက်မနေပါနဲ့တော့၊ ကံဆိုးမှုတစ်ခုလို့ပဲ သတ်မှတ်လိုက် ပါ၊ အေးနွယ်ဇင်လည်း ခုလောက်ဆို နင့်အတွက် စိတ်ထိခိုက်နေ လောက်ပါပြီ သူရိန်ရယ်"

သုသာန်ဆီလာရာ လမ်းတစ်လျှောက်လုံး ညာဖက်လက်ထဲ ဆုပ်ကိုင်ထားခဲ့သော အရာဝတ္ထုကလေးကို လက်ဝါးဖြန့်ကြည့်မိလိုက် သည်။ ကျိုးကြေတွန့်ခေါက်နေသည့် ပိတောက်ရွက်ကလေး။

"ငါတို့မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေမှာ ထင်ရှားတဲ့ မိန်း မြတ်တွေ ရှိခဲ့တာ နင်အသိပဲ သူရိန်…နူနာရောဂါစွဲကပ်နေတဲ့ ခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com



သည် သောတ္တိသေနအပေါ် မဖောက်မယွင်းတဲ့ သစ္စာနဲ့ ပြုစုစောင့်ရှောက်ခဲ့တဲ့ သမ္ဘူလ၊ ဗြဟ္မဒတ်မင်းရဲ့မြားမှန်လို့ သေအံ့မူးမူးဖြစ်နေတဲ့ ချစ်သူကိန္နရာအတွက် အမိဋ္ဌာန်ပြုသစ္စာဆိုပြီး အသက်ကယ်တင်ပေးခဲ့တာ စန္ဒကိန္နရီ၊ ဘုရားလောင်း မဟော်သဓာနဲ့အပြိုင် လိုက်ဖက်ညီစွာ ဉာဏ်ပညာကြီးတဲ့ အမရာ၊ ဘုရားလောင်း ဝေဿန္တရာ မင်းရဲ့ ပါရမီကိုဖြည့်ရာမှာ အံ့ညြလောက်အောင်တော်တဲ့ မဒ္ဒီဒေဝီ၊ ဒါတွေဟာ မိန်းမမြတ်တွေရဲ့ အကြောင်းပဲပေါ့ သူရိန်"

ကျောပိုးအိတ်ထဲမှာ ကျန်ရှိနေသော စာအုပ်သုံးလေးငါးအုပ်ကို ထုတ်လိုက်သည်။ နောက် စီဒီချပ်တွေကိုပါ ထုတ်လိုက်၏။

"မိန်းမဆိုတာ လူပါပဲဟာ…ယောက်ျားဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ကောင်းတဲ့လူရှိသလို မကောင်းတဲ့သူလည်း ရှိကြတာပဲ၊ အခြေအနေအမျိုးမျိုးအောက်မှာ ရှိနေပေမယ့် မိန်းမနဲ့ယောက်ျား လူလူချင်း အတူတူပါပဲဟာ၊ အဲ…ကြောက်ရင်တောင်မှ အားအင်နည်းတဲ့ ငါတို့ မိန်းမတွေကသာ နင်တို့ယောက်ျားတွေကို ကြောက်ရမှာ၊ ငါဖတ်ဖူးတဲ့ 'တောင်ကုန်းအမှတ် ၁၉၂'ဆိုတဲ့ စာအုပ်ထဲမှာဆိုရင် ဖူးမိုင်ခရိုင်၊ ကတ်ကျူဝမ်းရွာက ဖန်သီမော်ဆိုတဲ့ ဗီယက်နမ်မလေးကို ကာမချောချွဲပြီး ရက်ရက်စက်စက် သတ်ပစ်ကြတဲ့ အမေရိကန်စစ်တပ်က တပ်ကြပ်ကြီး ဟိုနီ၊ တပ်ကြပ်ကလပ်၊ တပ်သား ရာဖီနဲ့ မင်နုယယ်တို့ကိုဆို ငါအရမ်းမုန်းတာပဲ၊ သူရိန်…နင်ဖတ်ဖို့ လိုအပ်မယ်ထင်လို့ ငါ ဒီစာအုပ်ကိုရှာထားတယ်၊ ဒါပေမယ့် သူရိန်ရယ် အငြိုးကြီးတဲ့ စူဠသုဘဒ္ဒါလို မိန်းမမျိုး၊ တိတ္ထိတွေကို ဆရာတင်မှားပြီး ဘုရားကိုဖျက်ဆီးဖို့ ကြံစည်တဲ့ စိဉ္စမာဏဝိကာလို မိန်းမမျိုးကိုကျတော့ ငါလည်းကြောက်တယ် သူရိန်"

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကလေးမှ နောက်ထပ်စာမျက်နှာသစ် တစ်ရွက်ကို လှန်လိုက်သည်။ လက်ရေးချောင်းတွေ တုန်ခါနေတာ မြင်ရ၏။

"ငါထင်တာက လူတစ်ယောက်မှာ စိတ်ဓာတ်ကအရေးကြီး ဆုံးပါပဲ၊ နင် မိန်းကလေးတွေကို အလွန်အကျွံကြီး မကြောက်ပါနဲ့ သူရိန်ရာ၊ ဩော်…ဒါနဲ့ နင်စိတ်ထိခိုက်ပြီး နောက်ထပ် ကိုယ့်ကို ကိုယ် ဒုက္ခပေးတာမျိုး ထပ်မလုပ်ပါနဲ့တော့နော်၊ ကံကောင်းလို့ နင် ဘာမှမဖြစ်ပေမယ့် ငါကတော့ နင့်အတွက် အေးနွယ်ဇင်နဲ့ ရန်သွားဖြစ် လိုက်ရတာ အအေးမိပြီး ဆေးရုံတောင်ရောက်ခဲ့ပြီ၊ ကဲ…သူရိန်၊ ငါ သိပ်နေမကောင်းသေးလို့ ဒီလောက်ပဲစာရေးနိုင်တယ်၊ နင် မနက်ဖြန် လူနာလာကြည့်ချိန်မှာ ငါက ဆေးအရှိန်ကြောင့် အိပ်ပျော်နေမှာ၊ ဘာပဲဖြစ်ဖြစ် ဒီစာအုပ်လေးပေးဖို့ ငါ့အမေကို ပြောထားခဲ့မယ်၊ နေဦးဟ ဒီစာအုပ်လေးရဲ့နောက်ကျောမှာ ငါ့ E-mail Password ရေးထားတယ်၊ အင်တာနက်ကဖေးတစ်ခုခုကနေပြီး ငါ့ account ထဲ ဝင်ကြည့်လိုက်ရင် နင့်ရောဂါအတွက် ဒေါက်တာအကြံပေးထားတဲ့ စာတွေနဲ့ ပျောက်ကင်း နိုင်မဲ့နည်းလမ်းတွေကို နင်တွေ့ရလိမ့်မယ်၊ ငါက ရိုးရိုးချက်တင်ထိုင်ရင် February-Rain ဆိုတဲ့ နာမည်နဲ့ဟ၊ ဒေါက်တာရဲ့ ချက်တင်နာမည်က Friday (သောကြာနေ့)တဲ့၊ တကယ်လို့ နင်ကိုယ်တိုင် ဒေါက်တာနဲ့ ချက်တင်ထိုင်ချင်ရင် ငါ့ရဲ့ February-Rain ဆိုတဲ့ နာမည်နဲ့ ဒေါက်တာ့ဆီ ဆက်သွယ်ပေါ့၊ ငါ့ Password လည်း နင် သိရပြီပဲ"

စာအုပ်ကလေးထဲမှစာများကို ရွတ်ဖတ်နေရင်း အသံက တိမ် ဝင်သွားသည်။ အသစ်စက်စက် အုတ်ဂူပေါ်မှာ ရေးထွင်းထားသော ကွယ်လွန်သူ၏အမည်နာမမှာ မျက်ရည်တွေကြား မပီပြင်ချင်။

www.burmeseclassic.com

www.burmeseclassic.com



မယုယသွယ်
အသက် ၁၉ နှစ်
၉.၁၀.၂၀၀၇
ကွယ်လွန်သည်။

"ယုယရေ…ငါ့ရဲ့ချစ်လှစွာသော သူငယ်ချင်းမလေးရေ… နင်…နင်…နင် ကောင်းရာသုဂတိလားပါစေဟာ"

လက်ထဲမှ ပိတောက်ရွက်ကလေးကို စာအုပ်ကြားညှပ်ကာ ပိတ်လိုက်သည်။ ပြီးတော့ အလွန်တရာ ဝမ်းနည်းနာကြည်းမှုဖြင့် အချိန်ကြာမြင့်စွာ ယုယသွယ်၏ အသစ်စက်စက် အုတ်ဂူလေးရှေ့တွင် သူရိန်တစ်ယောက် ယူကျုံးမရ ငိုကြွေးနေမိတော့၏။

⌘

www.burmeseclassic.com

www.burmeseclassic.com



တောင်ပံတွေ ပြုတ်ကျခဲ့ပြီ
လေးဖက်လေးတန် မဟူရာနံ့ရုံတွေ ကာဆီး
အလင်းစပျပျ
စံပယ်ဖြူတစ်ပွင့်
အနမ်းတစ်ရှိုက်
အားလုံးပဲ သူမရဲ့ ရယ်မောသံထဲ ဖိတ်ယိုကွဲရှ
နောက်ဆုံး
ဖိနပ်ပြတ်ကလေးပဲ အဖော်အဖြစ် ကျန်ရစ်တယ်။

(ခြောက်သွေ့ရာဇဝင်မှ...)
(၂၀၀၀ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး

www.burmeseclassic.com

www.burmeseclassic.com



အနော်ရထာလမ်း၏ ညနေခင်းသည် ခါတိုင်းလိုပင် စည်ကား ရှုပ်ထွေးနေလေသည်။

အအေးဆိုင်ထဲမှာ ထိုင်နေတာ အတော်ကြာသွားပြီမို့ သူ ပျင်းရိလာသည်။ အင်း...ဒီအချိန်မှ မလာတော့ဘူးဆိုရင်တော့ ဒီကောင် လာမှာမဟုတ်လောက်တော့ဘူး။ အမှန်က သူ လင်းထင်နှင့်ချိန်းထား တာဖြစ်သည်။ ဒါပေမယ့် လင်းထင်က လာဖြစ်တော့မည်မဟုတ်ပါ။ ထားလိုက်ပါ။ မနက်ဖြန်နံနက်မှပဲ တွေ့တော့မည်။ ခု အရေးမကြီး သေး။

အအေးဖိုးကျသင့်ငွေရှင်းပြီး အနော်ရထာလမ်းပေါ် သူထွက် လိုက်သည်။ သူတို့ သူငယ်ချင်းတွေအားလုံး ကျောင်းပြီးကတည်းက အနေဝေးသွားကြပေမယ့် လင်းထင်နှင့် သူကတော့ အဆက်အသွယ် မပြတ်ခဲ့။ လောလောဆယ် လင်းထင်က အစ်ကိုဖြစ်သူ၏ တိုင်းရင်းဆေး အရောင်းဆိုင်ကို ဦးစီးလုပ်ကိုင်နေသည်။ သူကတော့ ဘာအလုပ်မှ မလုပ်ဖြစ်သေးဘဲ ဟိုအလုပ်ကောင်းနိုးနိုး၊ ဒီအလုပ်ကောင်းနိုးနိုး ရွေး

www.burmeseclassic.com

www.burmeseclassic.com



ချယ်နေဆဲ၊ တစ်ဖက်မှာတော့ မြန်မာ့ပရိုလိဒ် ဘောလုံးကလပ်တစ်ခု မှာ သူလေ့ကျင့်ခန်းဝင်ဆင်းနေ၏။

လမ်းဘေးပလက်ဖောင်းတစ်လျှောက် ခင်းကျင်းဖွင့်လှစ်ထားသည့် တိုလီမိုလီပစ္စည်းဆိုင်လေးတွေကို ငေးမောရင်း သူ ဆက်လျှောက်လာခဲ့သည်။ လျှောက်လာရင်း (၃၄)လမ်းကို ကျော်ခဲ့ကာ (၃၅)လမ်း ထိပ်လောက် ရောက်သည်တွင်…

"ဟာ"

သူ့ဘယ်ဘက်လက်မှာ လမ်းလျှောက်ရင်း အလွဲတွင် မျက်နှာချင်းဆိုင်မှ လျှောက်လာသည့် မိန်းကလေးတစ်ယောက်၏ ဘယ်ဘက်လက်နှင့် ရုတ်တရက် ထိပွတ်မိသွားသည်။

ချက်ချင်းပင် သူ့နှလုံးသားက တဆတ်ဆတ်ခုန်လာသည်။ တစ်စုံတရာကို ပက်ပင်းတွေ့မြင်လိုက်ပြီဖြစ်ကြောင်း သူ့ခံစားချက်က သူ့ကို ပြန်အသိပေးနေသည်။ အဲသည်တစ်စုံတရာက ဘာများလဲ။ သူ ရှာဖွေနေသော တစ်စုံတရာလား။

အခိုက်အတန့်အားဖြင့် လမ်းပေါ်မှာ သူရပ်တန့်ကာ ဝေခွဲမရဖြစ်နေမိသည်။ မိန်းကလေးလက်နှင့် ထိပွတ်မိခဲ့သော သူ့ဘယ်ဘက်လက်ဖမိုးနှင့် လက်သန်းထိဆုံရာ အစိတ်အပိုင်းလေးတွင် မိန်းကလေး၏ လက်ဆီမှ ပူနွေးသည့်ကိုယ်ငွေ့အား ခုချိန်တိုင်အောင် သူ ရရှိနေသေး သည်။

ရုတ်ခြည်းပင် သူ့ခန္ဓာကိုယ်ကို ချာခနဲပြန်လှည့်လိုက်၏။ သူနှင့် လက်ချင်းပွတ်တိုက်မိသွားသော မိန်းကလေး၏ကျောပြင်ကို ရိပ်ခနဲလှမ်းမြင်လိုက်ရသည်။ မိန်းကလေးက ကိုယ်လုံးကိုယ်ထည်

www.burmeseclassic.com

www.burmeseclassic.com



ခပ်သေးသေးဖြစ်သဖြင့် ကွယ်လွန်သွားသော သူငယ်ချင်းမလေး တစ်ယောက်အား သူ သတိရမိလိုက်သေး၏။

ဘာပဲဖြစ်ဖြစ် သည်တစ်ခါတော့ သူဘာကိုမှ တွေဝေမနေ တော့ဘဲ မိန်းကလေးနောက်သို့ လိုက်ရန် ခြေလှမ်းတွေကို စတင်လိုက် လေတော့၏။

မျှားသူ
ည 11:45 နာရီ
18.6.08

BURMESE CLASSIC

www.burmeseclassic.com